# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တော်သလင်းလဆန်း (၅)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (27-8-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၁၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ရေ၊လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် နိုင်ငံတော်အဆင့်ပြိုင်ပွဲများတွင် ဆုရကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် ဩဂုတ် ၂၆**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ၊ နိုင်ငံတော်အဆင့်ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းနှင့် သင်္ချာစွမ်းရည်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ

**စာမျက်နှာ ၁၆ ကော်လံ ၁**




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လူရည်ချွန်ဆုရရှိသူ မောင်လမင်းထွန်းအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။




ရတနာပုံ
၂၀၂၅ ခုနှစ် ဩဂုတ် ၂၇ ရက်
အယ်ဒီတာ့အာဘော်

# ထူးချွန်စွာအောင်မြင်သူများကို ဂုဏ်ပြုချီးမြှောက်ခြင်းမင်္ဂလာ

နိုင်ငံတစ်နိုင်ငံတွင် လူသားအရင်းအမြစ်ကြွယ်ဝမှုသည် လွန်စွာအရေးကြီးလှပြီး ထိုနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ထိုလူသားအရင်းအမြစ်ကြွယ်ဝမှုအပေါ်တွင် များစွာမူတည်နေပါသည်။ ထို့ကြောင့် လူသားအရင်းအမြစ်ကြွယ်ဝစေရေးအတွက် နိုင်ငံတိုင်းသည် ဘက်ပေါင်းစုံတွင် ထူးချွန်ထက်မြက်သော မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်ပေးလျက်ရှိသကဲ့သို့ အနာဂတ်ကို ဖန်တီးထုဆစ်ကြရမည့် မျိုးဆက်သစ်လူငယ်များကလည်း ပညာရည်မြင့်မားသူများဖြစ်နေစေရေး အမြဲမပြတ် ကြိုးစားကြရန် လိုအပ်ပါသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့်ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက နေပြည်တော်ရှိဇေယျာသီရိဗိမာန်၌ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက **"ယနေ့အခမ်းအနားသည် ပညာအရာတွင် ထူးချွန်ထက်မြက်သူ၊ အများထက်သာလွန်သည့် ဉာဏ်ပညာရှိသူ၊ ဇွဲ၊ လုံ့လ၊ ဝီရိယများနှင့် ရည်မှန်းချက်ထားပြီး တစိုက်မတ်မတ် ကြိုးစားအားထုတ်အောင်မြင်ကြသူများကို အသိအမှတ်ပြုပြီး ဂုဏ်ပြုဆုအပ်နှင်းချီးမြှင့်သည့် အခမ်းအနားပင်ဖြစ်ကြောင်း၊ ထိုသို့အောင်မြင်မှုများရရှိခြင်းသည် လွယ်လွယ်ကူကူနှင့် ရခဲ့ခြင်းမဟုတ်ဘဲ ငယ်စဉ်ကတည်းက ပညာကိုကြိုးစားသင်ယူလိုစိတ်များ စိမ့်ဝင်စွဲမြဲခဲ့ပြီး ခိုင်မာတည်ကြည်သည့်စိတ်ဓာတ်နှင့် ရည်မှန်းချက်ပန်းတိုင်ကို မရရအောင် သန္နိဋ္ဌာန်ချ အရောက်လှမ်းရယူနိုင်ခဲ့၍သာရရှိခြင်းဖြစ်ကြောင်း"** စသည်ဖြင့် အမှာစကားပြောကြားရာတွင်ထည့်သွင်းပြောကြားခဲ့သည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရှင် ၁၉၆ ဦးထိ ပေါ်ထွက်လာခဲ့ပြီး နိုင်ငံတော်အစိုးရက အဆိုပါထူးချွန်ထက်မြက်သူများကို နိုင်ငံတော်အဆင့်ဂုဏ်ပြုဆုချီးမြှင့်လျက်ရှိရာ ဘာသာစုံဂုဏ်ထူးရှင်များကို ရွှေစင်တစ်ကျပ်သားဒင်္ဂါးပြားများ၊ ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသည့် ကျောင်းသား၊ ကျောင်းသူ ၃၃ ဦးကို ရွှေစင်တစ်ကျပ်သားဒင်္ဂါးပြားများ အသီးသီးပေးအပ်ခဲ့ပြီး ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိခဲ့ကြသည့် ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို ပြည်ပလေ့လာရေးခရီးစဉ်များ စေလွှတ်သွားမည်ကို ကြားသိရသည်မှာ ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်ပါသည်။

နိုင်ငံ့အကျိုးသယ်ပိုးနိုင်သော စစ်မှန်သည့်အင်အားတစ်ရပ်ကို ထူထောင်ရာတွင် နိုင်ငံသားတိုင်း အသိဉာဏ်ပညာနှင့် ပြည့်စုံကြရမည်ဖြစ်သည်။ ပညာဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို သိရှိနားလည်ပြီး စဉ်းစားတွေးခေါ် ဝေဖန်ပိုင်းခြားနိုင်ခြင်းပင်ဖြစ်သည်။ လူငယ်များအနေဖြင့် ပညာရည်မြင့်မားသည့် ထူးချွန်ထက်မြက်သူများဖြစ်နေစေရေး မိမိတို့၏ကာယ၊ ဉာဏစွမ်းအားကိုအခြေခံ၍ ဗလငါးတန်ပြည့်ဝရေး ကြိုးစားကြရမည့်အပြင် တိုင်းချစ်ပြည်ချစ်စိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိန်းသိမ်းလိုသည့်စိတ်ဓာတ်များလည်း ကိန်းအောင်းစေရေး ဆောင်ရွက်ရမည်ဖြစ်သည်။

ပညာရေးသည် လူတစ်ဦးတစ်ယောက်ချင်းအတွက် အရေးကြီးသည်သာမက လူ့ပတ်ဝန်းကျင်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ပဓာနကျလှပါသည်။ ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်မည်ဆိုပါက ရွေးချယ်မှုနှင့် ဒီမိုကရေစီသဘောတရားများ လက်တွေ့အကောင်အထည်ဖော်ရာတွင် ပညာတတ်မြောက်မှုမြင့်မားရန်လိုပါသည်။ ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးသည် ဒီမိုကရေစီစနစ်နှင့်ကိုက်ညီမည့် အသိဉာဏ်၊ ဗဟုသုတ၊ အတွေးအခေါ်ရှိကြရန်လိုအပ်ပါသောကြောင့် နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို အလေးထားကာ မြှင့်တင်ပေးလျက်ရှိခြင်းဖြစ်ပါသည်။

သို့ဖြစ်ရာ ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နိုင်ငံတော်အစိုးရက ဘာသာစုံဂုဏ်ထူးရှင်များ၊ ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုခြင်းသည် ဂုဏ်ပြုချီးမြှင့်ထိုက်သူကို မြန်မာ့ယဉ်ကျေးမှုအရ မင်္ဂလာတရားနှင့်အညီ ဆောင်ရွက်ခြင်းပင်ဖြစ်သဖြင့် များစွာဂုဏ်ယူဝမ်းသာပီတိဖြစ်ရပါကြောင်း ရေးသားအပ်ပါသည်။

# အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက်အတွင်း ဂန္ဓကုဋိဘုရားကျောင်းဆောင်တော်ကြီး အသစ်ပြန်လည်တည်ဆောက်လှူဒါန်းခြင်း ရတနာပန္နက်တော်တင်မင်္ဂလာအခမ်းအနား ကျင်းပ



**မန္တလေး ဩဂုတ် ၂၆**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် အမရပူရမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်အတွင်း ဂန္ဓကုဋိဘုရားကျောင်းဆောင်တော်ကြီး အသစ်ပြန်လည်တည်ဆောက်လှူဒါန်းခြင်း ရတနာပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျောင်းတိုက်အတွင်း ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဣန္ဒောဘာသာဘိဝံသ အမှူးပြုသောဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများ၊ အလှူရှင်မိသားစုများ၊ ဖိတ်ကြားထားသည့်ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏မဟာနာယကချုပ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဣန္ဒောဘာသာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များက သိမ်နုတ်၊ ကမ္မဝါနှင့် ပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် မြတ်ရတနာကျောင်းတိုက်တွင် အခမ်းအနားကိုဆက်လက်ကျင်းပရာ အမရပူရမဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏မဟာနာယက ဆရာတော်ဘဒ္ဒန္တသီလာစာရထံက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပန္နက်တင်မင်္ဂလာအခမ်းအနား အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်ဩဝါဒါစရိယ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏မဟာနာယကချုပ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဣန္ဒောဘာသာဘိဝံသ အမှူးပြုသောဆရာတော်၊ သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများက လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြ၍ ဆရာတော်၊ သံဃာတော်များက ပရိတ်ဒေသနာတော်မြတ်များ ချီးမြှင့်ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

ထို့နောက် ရတနာပန္နက်တော်တင်လှူပူဇော်ခြင်းအခမ်းအနားကို တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ စိုက်ထူတင်လှူပူဇော်ကာ အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ဆရာတော်အရှင်သူမြတ်များက ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# သာစည်မြို့နယ် ကြက်မောက်ကျေးရွာတွင် RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြက်မောက်ကျေးရွာအုပ်စု ကြက်မောက်ကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဩဂုတ် ၂၅ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကြက်မောက်ကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF) ရန်ပုံငွေကျပ် သန်း ၃၀ ဖြင့်ဆောင်ရွက်သော နွားမွေးမြူရေးနှင့် ဆိတ်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ကျေးရွာလုပ်ငန်းအဖွဲ့၊ နွားမွေးမြူရေးနှင့် ဆိတ်မွေးမြူရေး လုပ်ငန်းဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF)ဖြင့် ကြက်မောက်ကျေးရွာ၌ နွားမွေးမြူရေးလုပ်ငန်းနှင့် ဆိတ်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့ရှိ အဖွဲ့ဝင်ဦးရေ ၅၀ ကို ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလ ၃ ၀ ၄ ၀)**

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမြေပဲ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**ပွင့်ဖြူ ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ မြေပဲကိုလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၃၆၁၉ ကေစိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၂၆၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်အတွင်း ဆီစားသုံးမှုဖူလုံပိုလျှံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီး မြေပဲ ၃၆၁၉ ကေစိုက်ပျိုးဖို့ လျာထားရှိရာ ဒီနေ့ထိ ၅၂၆၇ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ မြေပဲစိုက်ခင်းတွေက စိုက်ပျိုးရေဖူလုံတဲ့အတွက် အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပြင်ဦးလွင်မြို့နယ် လက်ပံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပြင်ဦးလွင် ဩဂုတ် ၂၆

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွဲနွားထောက်ကျေးရွာအုပ်စု လက်ပံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများ အနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် လုပ်ငန်းများကို ထိရောက် အောင်မြင်အောင် ဆောင်ရွက် ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် ဝန်ထမ်းများက လက်ပံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ စုစုပေါင်း ၉၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းအပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၅၂၀ ထုတ်ချေးပေးခဲ့ကြောင်း ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်က ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဖခင် ဦးစောငြိမ်း မွေးနေ့အထိမ်းအမှတ်အဖြစ် ဇနီး ဒေါ်မိုးမိုးဝေ၊ သမီး မအေးချစ်မွန်၊ မမိုးသံစဉ်၊ မဆန်းသစ်ဝေမိုး၊ သား မောင်အောင်ခန့်ပိုင်၊ မောင်အောင်မင်းသန့် "အောင်မြင်သူ"ကုမ္ပဏီလီမိတက်မိသားစုက ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၀၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ချောင်းဦး ဩဂုတ် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၀၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၃၆၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လ ဒုတိယပတ်မှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံ စိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ နှမ်းဧက ၃၆၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ နှမ်း ၁၀၅၅ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့၊ GAP နည်းနစ်တွေနဲ့စိုက်ပျိုးနိုင်ဖို့ အတွက်ဆောင်ရွက် ပေးလျက်ရှိပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေး ပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေထံမှ သိရသည်။ (၂၀၆)

# မိုင်းပန်မြို့နယ် မိုက်ပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုင်းပန် ဩဂုတ် ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုက်ပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် ဆောင်ရွက်ထားသောလုပ်ငန်းများကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မိုက်ပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လစဉ်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည်စုံမှန်ကန်မှု ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မိုင်းပန်မြို့နယ် မိုက်ပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၇ ဦးကို ရန်ပုံငွေကျပ် ၄၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အေးသူ**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း နှစ်လခွဲစပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

မအူပင် ဩဂုတ် ၂၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း နှစ်လခွဲ စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုချိုမာကပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း နှစ်လခွဲ စပါးတင်းရေ ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လတစ်လအတွင်း နှစ်လခွဲစပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ တစ်လအတွင်း နှစ်လခွဲစပါးတင်းရေ ၆၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ မအူပင်မြို့နယ်ကနေ စပါးတွေ၊ ဆန်တွေနဲ့ အခြားလယ်ယာ ထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံး တင်ပို့ရောင်းချပါတယ်။ နှစ်လခွဲစပါးက ဆန်ချောအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေလို့ အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ နှစ်လခွဲစပါးတွေကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းမှာကော၊ အခုလတ်တလောအနေနဲ့ပါ နှစ်လခွဲစပါးက အရောင်းအဝယ် ပိုဖြစ်နေပါတယ်''ဟု မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုချိုမာက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် နှစ်လခွဲစပါး ၁၀ တင်းလျှင် ငွေကျပ် ၁၄၅၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ မအူပင်မြို့နယ်မှ ထွက်ရှိသည့် ဒေသထွက်နှစ်လခွဲစပါးများ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# ပုဂံသီဟိုဠ်သိမ်ကျောက်စာ

မောင်သာ(ရှေးဟောင်းသုတေသန)

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ဖွားစောရွာ သစ်မတီရပ်တွင် ပုဂံဒေသ၏ ငါးမျက်နှာစေတီ တစ်ဆူဖြစ်သည့် ဓမ္မရာဇကဘုရား (ပုဂံဘုရားအမှတ်-၉၄၇) တည်ရှိသည်။ ဓမ္မရာဇကဘုရားကို ဓမ္မရာဇိကဘုရားဟု ပြောဆိုရေးသားမှုများရှိသော်လည်း ကျောက်စာပါဘွဲ့အမည်သည် ဓမ္မရာဇကသာဖြစ်သည်။ ဓမ္မရာဇကဘုရား၏ အရှေ့တောင်ဘက် ပေ ၉၅၀ အကွာ အနောက်ဖွားစောရွာ အနောက်ဘက်တွင် သိမ်ဘုရားဟုအမည်တွင်သည့် ပျက်စီးနေသော အဆောက်အအုံအစိတ်အပိုင်း တစ်ခုရှိသည်။

**သီဟိုဠ်သိမ်**

သိမ်ဘုရားဟု အမည်တွင်နေသည့်နေရာ၌ ရှေးအခါက သီဟိုဠ်သိမ်အဆောက်အအုံတစ်ခုရှိခဲ့သည်။ သို့သော် မူလသိမ်အဆောက်အအုံက လုံးဝပျက်စီးခဲ့ပြီဖြစ်ကာ လက်ရှိအချိန်တွင် ဘုရားဆောင်ပျက်တစ်ခုသာကျန်ရှိသည်။ ထိုအဆောက်အအုံကို ပုဂံစေတီပုထိုးများစာရင်းတွင် ပုဂံစေတီပုထိုးအမှတ် (၈၈၈) ဟု သတ်မှတ်ထားသည်။

သီဟိုဠ်သိမ်အဆောက်အအုံကို တောင်မြောက်တန်းကာ တည်ဆောက်ခဲ့ပြီး လက်ရှိကျန်ရှိနေသည့် ဘုရားဆောင်သည် မြောက်ဘက်အရပ်သို့ မျက်နှာမူနေသည်။ သိမ်ပေါ်သို့တက်သည့် ကျောက်လှေကားကို အဆောက်အအုံ၏အရှေ့ဘက်တွင်မြင်တွေ့ရပြီး အုတ်ခုံသည် ထောင့်မှန်စတုဂံပုံရှိ၍ အလျား ၂၀ ဒသမ ၇ မီတာနှင့် အနံ ၉ ဒသမ ၅ မီတာရှိသည်။

ပုဂံရှေးဟောင်းအဆောက်အအုံများအကြောင်း အရာစစ်တမ်း(Inventory of Monuments at Pagan) တွင် ထိုနေရာ၌ သိမ်အဆောက်အအုံကို တည်ခဲ့ပြီးနောက်ပိုင်းတွင် အလျား ၁ ဒသမ ၉၉ မီတာနှင့် အနံ ၁ ဒသမ ၃၃ မီတာရှိသည့် အလယ်ဗဟို ဂန္ဓကုဋီတိုက်ပါဝင်သော စေတီငယ်တစ်ဆူကို တည်ခဲ့ကြောင်း ဖော်ပြထားသည်။ မြောက်ဘက်သို့ မျက်နှာမူနေသည့် အဝင်မုခ်ဆောင်သည် ယခုကျန်ရှိနေသည့် ဘုရားဆောင်ဖြစ်သည်။

သိမ်အဆောက်အအုံကို အုတ်ဖြင့်ပြုလုပ်ထားသည့်အောက်ခံအုတ်ခုံပေါ်တွင်တည်ဆောက်ခဲ့သည်။ အသုံးပြုခဲ့သည့် အုတ်အရွယ်အစားသည် ပျမ်းမျှ အလျား ၄၁ စင်တီမီတာ၊ အနံ ၂၁ စင်တီမီတာ၊ အထူ ငါးစင်တီမီတာဖြစ်သည်။ သိမ်လှေကားကိုမူ ကျောက်များဖြင့် ပြုလုပ်ခဲ့သည်။ နောက်ပိုင်းတည်ခဲ့သည့် စေတီငယ်၏အုတ်များသည် အလျား ၃၆ စင်တီမီတာ၊ အနံ ၁၈ စင်တီမီတာ၊ အထူ ငါးစင်တီမီတာအရွယ်ဖြစ်သည်။

သီဟိုဠ်သိမ်ကို ၁၃ ရာစုတွင် တည်ဆောက်ခဲ့သည်ဟုခန့်မှန်း၍ စေတီငယ်ကို ၁၆ ရာစုရောက်မှ တည်ဆောက်ခဲ့ခြင်းဖြစ်မည်ဟု ပုဂံရှေးဟောင်းအဆောက်အအုံများ အကြောင်းအရာစစ်တမ်းတွင် သုံးသပ်ဖော်ပြထားသည်။ လက်ရှိအချိန်တွင် သိမ်အဆောက်အအုံက ပျက်စီးနေသကဲ့သို့ သိမ်အုတ်ခုံကလည်း ပုံပျက်နေပြီဖြစ်သည်။

**သိမ်သမုတ်ခြင်း မှတ်တမ်းကျောက်စာ**

သီဟိုဠ်သိမ်ကိုတည်ဆောက်ခဲ့ပြီးနောက် သိမ်သမုတ်သည့် မှတ်တမ်းကျောက်စာကို သီဟိုဠ်သိမ်အနီး၌ စိုက်ထူခဲ့သည်။ ယခုအခါတွင် ထိုကျောက်စာသည် မူလစိုက်ထူခဲ့သည့်နေရာတွင် မရှိတော့ဘဲ ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် တိုင်အမှတ် (၁၃၆) အဖြစ် ထိန်းသိမ်းထားသည်။

သိမ်ကျောက်စာကို ပါဠိဘာသာဖြင့် ရေးထိုးထားကာ ထိုကျောက်စာကို ပြည်ကြီးတံခွန်မြို့နယ်ရှိ ဒီပါအေးကျောင်းတိုက်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ နန္ဒမာလာက ပါဠိဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည်။

သီဟိုဠ်သိမ်ကျောက်စာအရ သမိုင်းပညာရှင် ပါမောက္ခဦးနီတွတ်၏ သုံးသပ်ချက်တွင် သီဟိုဠ်သိမ်သမုတ်ရေးကို ဦးဆုံးစိတ်ဝင်စားသူသည် ကမ္ဘောဇတိုင်းမှ ချမ်းသာသော မင်းမျိုးမင်းနွယ် တစ်ပါးဖြစ်သည့် ပညာရှိမထေရ်တစ်ပါးဖြစ်သည်ဟု ဖော်ပြထားသည်။ ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးတွင် အဓိကအရေးအပါဆုံးပုဂ္ဂိုလ်များဖြစ်သည့် ရဟန်းတော်များသည် သိမ်များတွင် ရဟန်းအဖြစ်ကိုခံယူပြီးမှ သာသနာ၏သားတော်များအဖြစ် ပေါ်ထွန်းလာရမြဲဖြစ်သည်။ ထို့ကြောင့် သိမ်သည် သာသနာတော်၏ အသက်သွေးကြောတစ်ခုဖြစ်ကာ သိမ်သမုတ်ခြင်းသည် သာသနာတော်အတွက် အလွန်အရေးပါသည့် တာဝန်တစ်ခု ဖြစ်လာခဲ့သည်။

ကမ္ဘောဇတိုင်းသားမထေရ်သည် ကမ္ဘောဇတိုင်းဘုရင် သူရိယဗာရမန် (၁၁၁၃-၁၁၅၀)၏ သားတော်ဖြစ်၍ သူ၏ရဟန်းဘွဲ့အမည်သည် ထင်ရှားခြင်းမရှိချေ။ ထိုမထေရ်သည် အသက် ၂၀ အရွယ် သက္ကရာဇ် ၅၀၈ ခုနှစ်တွင် ရဟန်းပြု၍ ကမ္ဘောဇတိုင်းတွင် သီတင်းသုံးခဲ့ပြီး သက်တော် ၃၀ တွင် သီဟိုဠ်သို့ ကြွသွားဟန်တူကြောင်း ဆရာဦးနီတွတ်က ယူဆခဲ့သည်။

သီဟိုဠ်ကျွန်း၌ ဗရက္ကမဗာဟုမင်း (၁၁၅၃-၁၁၈၆) နန်းတက်ချိန်တွင် ပုဂံ၌ နရပတိစည်သူမင်းကြီး(၁၁၆၅-၁၂၁၁) နန်းတက်ခဲ့သည်။ နရပတိစည်သူမင်းလက်ထက် သက္ကရာဇ် ၅၃၀ ပြည့်နှစ် (၁၁၆၈ ခုနှစ်)တွင် မထေရ်သည် သက်တော် ၄၂ နှစ်ရှိပြီဖြစ်ပြီး သီဟိုဠ်မှ ပုဂံသို့ကြွလာခဲ့သည်။ ကမ္ဘောဇတိုင်းသားမထေရ်သည် သက္ကရာဇ် ၅၆၂ ခုနှစ်တွင် ပျံလွန်တော်မူခဲ့ပြီးနောက် တပည့်ဖြစ်သူ ဓမ္မာဒိစ္စမထေရ်က ဆက်ခံခဲ့သည်။

မထေရ်သည် ပုဂံသို့ရောက်ချိန်တွင် ဖွားစောရွာ သစ်မတီရပ်၌ သီတင်းသုံးခဲ့ရာ ပုဂံဘုရင်က အားထားကိုးကွယ်သည့် ရဟန်းတစ်ပါးဖြစ်လာခဲ့သည်။ သက္ကရာဇ် ၅၅၈ ခုနှစ်တွင် ပုဂံဘုရင်နရပတိစည်သူမင်းကြီးက ဓမ္မရာဇကဘုရားတည်ရန် မြေနေရာသတ်မှတ်ပေးချိန်တွင် ဘုရားတည်မည့်နေရာနှင့် မလွတ်ကင်းသည့်ကျောင်းတိုက်များကို နေရာပြောင်းရွှေ့ပေးခဲ့ကြောင်း ဓမ္မရာဇကဘုရားကျောက်စာတွင် ရေးထိုးထားသည်။ ထို့ကြောင့် ကမ္ဘောဇတိုင်းသားမထေရ် ပြောင်းရွှေ့ခဲ့သည့်ကျောင်းသည် ဓမ္မရာဇကဘုရား၏အရှေ့တောင်ဘက်ရှိ ကုလားကျောင်းများအနက် တစ်ကျောင်းကျောင်းဖြစ်မည်ဟု ယူဆရသည်။

ငင်းကုလားကျောင်းများနေရာရှိ ပုဂံစေတီပုထိုးအမှတ်(၉၄၈)၊ (၉၄၉)၊ (၉၅၀)၊ (၉၅၁)၊ (၉၅၂)၊ (၉၅၄)။ (၉၅၈) စသည့် အဆောက်အအုံများသည် တစ်ထပ်ဘုန်းကြီးကျောင်းငယ်များဖြစ်ကြကာ ယနေ့တိုင် အဆောက်အအုံအပိုင်းအစ အကြွင်းအကျန်များ ကျန်ရှိနေသည်။

သက္ကရာဇ် ၅၅၉ ခုနှစ်တွင် နရပတိစည်သူမင်းကြီးသည် ဓမ္မရာဇကဘုရားတွင် ဌာပနာရန် သီဟိုဠ်ဘုရင်ထံမှ ဓာတ်တော်များကိုအလှူခံရန် ဓမ္မာဒိစ္စမထေရ်နှင့် ဓမ္မကာမမထေရ်တို့ကို မင်းအမတ်များနှင့်အတူ သီဟိုဠ်ကျွန်းသို့စေလွှတ်ခဲ့သည်။ ဓမ္မာဒိစ္စမထေရ်သည် သက္ကရာဇ် ၅၈၂ ခုနှစ်တွင် ပျံလွန်ပြီးနောက် တပည့်ဖြစ်သူ ဓမ္မကာမမထေရ်က ဆက်ခံခဲ့သည်။

သီဟိုဠ်ဘုရင်က သူ၏တိုင်းနိုင်ငံတွင်ရှိသည့် စွယ်တော်အဆူ ၃၀ အနက် လေးဆူကို လှူဒါန်းခဲ့သည်။ စွယ်တော်ပင့်အဖွဲ့သည် သီဟိုဠ်ကျွန်းမှ ပုဂံသို့ ပြန်လာချိန်တွင် ဓမ္မကာမမထေရ်က ပြန်လည်လိုက်ပါခြင်းမရှိဘဲ သီဟိုဠ်တွင်ကျန်နေခဲ့ကာ ပိဋကတ်စာပေများကို ဆက်လက်သင်ယူခဲ့သည်။

ဘုရားရှင်၏တရားတော်များကို အထူးသိရှိနားလည်လာချိန်တွင် ဓမ္မကာမ မထေရ်သည် ရှိထားပြီးသော သိက္ခာဝါကိုစွန့်၍ သရဏဂုံကိုတစ်ဖန်ဆောက်တည်ကာ ဆရာဖြစ်သူ မေဓင်္ကရမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ သာမဏေအဖြစ်ကို ပြန်လည်ခံယူခဲ့သည်။ ထို့နောက် သီဟိုဠ်သိမ်တစ်ခုတွင် ဥပဇ္ဈာယ်ဆရာ၊ ကမ္မဝါစာဆရာ၊ ကာရကသံဃာတို့၏ ကမ္မဝါရွတ်ဖတ်မှုကိုခံယူပြီး ရဟန်းဘဝသို့ ပြန်လည်ဝင်ရောက်ခဲ့သည်။

ဓမ္မကာမ မထေရ်သည် သက္ကရာဇ် ၅၇၃ ခုနှစ်တွင် သီဟိုဠ်မှ အရိမဒ္ဒနသို့ ပြန်လည်ကြွရောက်လာခဲ့သည်။ ထိုအချိန်သည် ပုဂံ၌ နရပတိစည်သူမင်းကြီး နတ်ရွာစံပြီး နားတောင်းများမင်း (၁၂၁၁-၁၂၃၁) နန်းတက်ချိန်ဖြစ်သည်။ သက္ကရာဇ် ၅၈၂ ခုနှစ်တွင် မိမိ၏ဆရာ ဓမ္မာဒိစ္စမထေရ်ပျံလွန်ခဲ့ပြီးနောက် ပုဂံရှိကမ္ဘောဇတိုင်းသားများ သီတင်းသုံးသည့်ကျောင်းတွင် ကျောင်းထိုင်ဆရာတော်အဖြစ် ဆက်ခံခဲ့သည်။

> ❖ ပုဂံရှိ သီဟိုဠ်သိမ်သမုတ်ခြင်း မှတ်တမ်းကျောက်စာသည် တစ်မျက်နှာထိုးကျောက်စာဖြစ်၍ ပါဠိဂါထာအပိုဒ် ၂၀ ကို စာကြောင်းရေ ၂၈ ကြောင်းရေးထိုးထားသည်။ ကျောက်စာတွင် သိမ်သမုတ်ခြင်းကို အဓိကတာဝန်ယူဆောင်ရွက်ခဲ့ကြသည့် ကမ္ဘောဇတိုင်းသား သံဃာများ အစဉ်အဆက်ကိုဖော်ပြထားသည်။ ထိုဆရာတော်လေးပါးသည် ကမ္ဘောဇတိုင်းသားများကျောင်းတိုက်တွင် သီတင်းသုံးခဲ့ကြသည်။ ကျောက်စာပါ ဂါထာအပိုဒ် (၁) နှင့် (၄) တွင်ပါရှိသည့် စာသားများအရ ကမ္ဘောဇတိုင်းသားဟု အတိအကျဆိုနိုင်ခြင်းဖြစ်သည်။ သီဟိုဠ်ကျွန်းသို့ ကြွရောက်ခဲ့ကြခြင်းကို ဂါထာအပိုဒ် (၂) နှင့် (၄) တွင် ဖော်ပြထားသည်။ ❖

နားတောင်းများမင်းသည် ဓမ္မကာမ မထေရ်ကို ကောင်းစွာကြိုဆိုပြီး ဆည်းကပ်ကိုးကွယ်ခဲ့သည်။ နားတောင်းများမင်းနောက်တွင် ပုဂံထီးနန်းကိုဆက်ခံခဲ့ကြသည့် နရသိင်္ဃဥစ္စနာမင်း (၁၂၃၁-၁၂၃၅)၊ ကျစွာမင်း(၁၂၃၅-၁၂၄၉) တို့ လက်ထက်တွင်လည်း ဓမ္မကာမမထေရ်သည် ပုဂံ၌ပင် သီတင်းသုံးနေထိုင်ခဲ့ကာ ကျစွာမင်း၏ပံ့ပိုးကူညီမှုကြောင့် သီဟိုဠ်သိမ်ကို တည်ဆောက်နိုင်ရန် ကြိုးပမ်းခဲ့သည်။ မထေရ်သည် သီဟိုဠ်သိမ် တည်ဆောက်ရန်နေရာရွေးချယ်သတ်မှတ်ခြင်း၊ သိမ်နုတ်ခြင်း၊ သိမ်တည်ဆောက်ရန်စီမံခြင်း၊သီဟိုဠ်မှသံဃာ့ဂိုဏ်းအကြီးအကဲ မဟာထေရ်နှင့် မထေရ်ကြီးများကို ပင့်ဖိတ်ရန်စီစဉ်ခြင်း၊ သီဟိုဠ်သို့ ရဟန်းငယ်များကိုစေလွှတ်ခြင်း စသည်တို့ကို စီမံဆောင်ရွက်နေစဉ် သက္ကရာဇ် ၆၀၉ ခုနှစ်တွင် ပျံလွန်တော်မူခဲ့သည်။

ဓမ္မကာမမထေရ် ပျံလွန်တော်မူပြီးနောက် တိဿမထေရ်က ဆက်ခံခဲ့သည်။ တိဿမထေရ်သည် သက္ကရာဇ် ၅၇၆ ခုနှစ်တွင် အခြားသံဃာလေးပါးနှင့်အတူ သီဟိုဠ်ကျွန်းသို့ကြွသွားခဲ့ပြီး သီဟိုဠ်တွင် ၁၅ နှစ်ကြာနေထိုင်ခဲ့သည်ဟုဆိုသည်။ ပုဂံသို့ရောက်လာခဲ့ပြီးနောက် ကမ္ဘောဇတိုင်းသားများ သီတင်းသုံးသည့်ကျောင်းတွင် စတုတ္ထမြောက် ကျောင်းထိုင်ဆရာတော်အဖြစ် ဆက်ခံခဲ့သည်။ ဓမ္မကာမ မထေရ်မရှိတော့သဖြင့် သိမ်သမုတ်မည့် ကိစ္စအဝဝကို တိဿမထေရ်က ဦးစီးဆောင်ရွက်ခဲ့သည်။

သိမ်သမုတ်ပွဲသို့ ကြွလာသည့် သီဟိုဠ်မှ ရဟန်းတော်များ သီတင်းသုံးနေထိုင်ရန် ပြာသာဒ်ကျောင်းတစ်ကျောင်းကို ကျစွာမင်းက သက္ကရာဇ် ၆၁၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့ကာ သီဟိုဠ်မှကြွလာသည့် ဘုန်းတော်ကြီး ဓမ္မသီရိမဟာထေရ်ကို တင်လှူခဲ့သည်။ ထိုနေရာသည် သီဟိုဠ်သိမ်၏ အရှေ့မြောက်ဘက် ပေ ၁၅၀၀ အကွာရှိ ပြာသာဒ်ကြီးဘုရားပရိဝုဏ်အတွင်း၌ရှိခဲ့ကြောင်း ကျောက်စာအထောက်အထားရှိခဲ့သည်။

သီဟိုဠ်သိမ်နှင့် ပြာသာဒ်ကြီးကျောင်းကို တစ်ပြိုင်တည်း တည်ဆောက်ခဲ့ဟန်ရှိကာ ပြာသာဒ်ကြီးကျောင်းကို သစ်ဖြင့်တည်ဆောက်ခဲ့ဟန်ရှိသဖြင့် လက်ရှိပြာသာဒ်ကြီးဘုရားဝင်းအတွင်း၌ ပြာသာဒ်ကြီးကျောင်း၏ သစ်သားအကြွင်းအကျန်များ လုံးဝမရှိတော့ကြောင်း ဆရာဦးနီတွတ်က သုံးသပ်ခဲ့သည်။

**သိမ်သမုတ်ခဲ့သည့် ဆရာတော်များ**

သီဟိုဠ်မှကြွလာသည့် ဓမ္မသီရိမဟာထေရ်ကို ကျစွာမင်းကြီးက ပြာသာဒ်ကြီးကျောင်းကို တင်လှူပြီး ခြောက်ရက်အကြာ သက္ကရာဇ် ၆၁၀ ပြည့်နှစ် တန်ခူးလဆန်း ၁၃ ရက် ဗုဒ္ဓဟူးနေ့တွင် သီဟိုဠ်သိမ်ကို သမုတ်ခဲ့သည်။ ကျောက်စာတွင် သိမ်သမုတ်ခဲ့သည့် သီဟိုဠ်နှင့် အရိမဒ္ဒနမှ ဆရာတော်များ၏ ဘွဲ့မည်များကို ဖော်ပြထားသည်။

ကျောက်စာအရ ထိုဆရာတော်များသည် မင်းဆရာ သုမေဓာမထေရ်၊ စတုရင်္ဂဗလ အမတ်၏ဆရာ ဥပနန္ဒက၊ ပညာရှိဗုဒ္ဓဝံသမထေရ်၊ စောပုလဲမယ်၏ ဆရာပဏ္ဍိတ်ဂုဏသာဂရမထေရ်၊ သီဟိုဠ်ဇာတိ ဂိုဏ်းအကြီးအကဲ ဓမ္မသီရိမဟာထေရ်နှင့် ခြိုးခြံစွာကျင့်သုံးကြသည့် မထေရ်များဖြစ်ကြသည်။ ခြိုးခြံစွာကျင့်သုံးကြသည့် မထေရ်များသည် ကမ္ဘောဇတိုင်းသားများ နေထိုင်သည့်ကျောင်းတွင် သီတင်းသုံးသည့် သီဟိုဠ်ပြန်ဆရာတော်များ ပါဝင်နိုင်ကြောင်း ဆရာဦးနီတွတ်က ယူဆခဲ့ပေသည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ်လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၈၀၂၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၈၀၂၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၉၆၄၂ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၈၀၂၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမုံရွာခရိုင်မှာ နေကြာကေ ၉၆၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ကေဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် မုံရွာခရိုင်တွင် မြို့နယ်အလိုက် နေကြာစိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၉၅၃ ကေ၊ ဘုတလင်မြို့နယ်တွင် ၅၇၁၉ ကေ၊ အရာတော်မြို့နယ်တွင် ကေ ၁၁၀၀၊ ချောင်းဦးမြို့နယ်တွင် ၂၅၃ ကေ စုစုပေါင်း ၈၀၂၅ ကေဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မုံရွာခရိုင်တွင် နေကြာစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၉၄၅ ကေ၊ ဘုတလင်မြို့နယ်တွင် ကေ ၅၇၁၀၊ အရာတော်မြို့နယ်တွင် ၂၇၃၇ ကေ၊ ချောင်းဦးမြို့နယ်တွင် ကေ ၂၅၀ စုစုပေါင်း ၉၆၄၂ ကေဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ နေကြာစိုက်မည့်တောင်သူများ စွမ်းဆောင်ရည် မြှင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

**ကျောက်စာပါ အထောက်အထားများ**

ပုဂံရှိ သီဟိုဠ်သိမ်သမုတ်ခြင်း မှတ်တမ်းကျောက်စာသည် တစ်မျက်နှာထိုးကျောက်စာဖြစ်၍ ပါဠိဂါထာ အပိုဒ် ၂၀ ကို စာကြောင်းရေ ၂၈ ကြောင်းရေးထိုးထားသည်။ ကျောက်စာတွင် သိမ်သမုတ်ခြင်းကို အဓိကတာဝန်ယူဆောင်ရွက်ခဲ့ကြသည့် ကမ္ဗောဇတိုင်းသား သံဃာများ အစဉ်အဆက်ကို ဖော်ပြထားသည်။ ထိုဆရာတော်လေးပါးသည် ကမ္ဗောဇတိုင်းသားများကျောင်းတိုက်တွင် သီတင်းသုံးခဲ့ကြသည်။ ကျောက်စာပါ ဂါထာအပိုဒ် (၁) နှင့် (၄) တွင်ပါရှိသည့် စာသားများအရ ကမ္ဗောဇတိုင်းသားဟု အတိအကျဆိုနိုင်ခြင်းဖြစ်သည်။

သီဟိုဠ်ကျွန်းသို့ ကြွရောက်ခဲ့ကြခြင်းကို ဂါထာအပိုဒ် (၂) နှင့် (၄) တွင် ဖော်ပြထားသည်။ သိမ်သမုတ်သည့်ရက်ကို သာသနာနှစ် ၁၇၈၂ ခုနှစ် တန်ခူးလဆန်း ၁၃ ရက် ဗုဒ္ဓဟူးနေ့ဟု ရေးထိုးထားပြီး ကောဇာသက္ကရာဇ်ဖြင့် ဖော်ပြထားခြင်းမရှိချေ။

သီဟိုဠ်ပြန် ဆရာတော်များဦးစီးသည့် သီဟိုဠ်သိမ်သမုတ်ပွဲကို ပုဂံမှဆရာတော်များနှင့် သီဟိုဠ်ဆရာတော်များက ပူးတွဲကျင်းပခဲ့ကြောင်း ကျောက်စာပါအထောက်အထားအရ သိရသည်။ သီဟိုဠ်ကျွန်း သံဃာများနှင့် ဆက်ဆံမှုများသူများသည် ကမ္ဗောဇတိုင်းသား ရဟန်းများဖြစ်ကြောင်းကိုလည်း တွေ့ရှိရသည်။ သို့သော် ကမ္ဗောဇတိုင်းသည် မည်သည့်အရပ်ဒေသကို ရည်ညွှန်းကြောင်း ထင်ရှားမှုမရှိခဲ့ပေ။

မည်သို့ပင်ဖြစ်စေ သီဟိုဠ်သိမ်ကျောက်စာသည် အရိမဒ္ဒနပုဂံဒေသတွင် ဗုဒ္ဓသာသနာထွန်းကားစည်ပင်ခဲ့သည့် ခိုင်မာသောအထောက်အထားတစ်ရပ်ဖြစ်လာခဲ့ပေသည်။

**ကိုးကား**

- **ရှေးမြန်မာကျောက်စာလေ့လာချက်(နီတွတ်)**
- **ပုဂံသုတေသနလမ်းညွှန်(ဦးဗိုကေ)**
- **Inventory of Monuments at Pagan VOL 4 (PIERRE PICHARD)**

# ကန်ရာသီခင်း မြန်ပြည်တွင်း

- ကန်ရာသီခင်း တော်သလင်း
မြစ်တွင်းမြင်သည် သဲသောင်ညီ
ချစ်ခြင်းသွင်တည် ဆွဲဆောင်ပြီ။

- သစ်ဖောင်ဝါးဖောင် မျှောချဆောင်
ပြည်ထောင်စီးပွား တိုးဖို့ကွယ်
ဤမောင်ကြီးများ ကြိုးလို့ရယ်။

- ရင်းမာပွင့်ကာ ရန့်ဖြာ
သယ်ကာလေညင်း သွေးဘိနှယ်
နယ်ရွာသတင်း မွှေး၏ကွယ်။

- စဉ်လာဆင်နွှဲ လှေတော်ပွဲ
ကဲဆင့်ယူလို့ တက်ရေးနှင်
ရဲရင့်သူတို့ လက်ရွေးစင်။

- ရာသီကာလ ပွင့်လင်းစ
ကြည်စွကောင်းကင် ပြာရောင်ဆင်
ပြည်လှကြောင်းလျှင် သာခေါင်ထင်။

- ကန်ရာသီခါ မြန်ပြည်မှာ
ကြည်သာအောင်ခင်း တွဲဖြစ်တည်
ညီမြွာနှောင်ရင်း မြဲချစ်ကြည်။ ။

ညွန့်ဝင်း(နတ်တလင်း)

# ငဖဲမြို့နယ် ပေကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပေကုန်းကျေးရွာ၌ ဆဋ္ဌမအကြိမ် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဒေါ်အေးအေးသန့်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ပေကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်လိုသူများ လိုအပ်သည့် ငွေကြေးအရင်းအနှီးရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ)ဒေါ်အေးအေးသန့်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၇၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပေကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ အသေးစားစက်မှု လက်မှုလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၁၀ ကို ရန်ပုံငွေကျပ် ၃၇၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**

# နိုင်ငံတကာ သတင်းများ

## ဂါဇာကမ်းမြောင် နက်ဆာဆေးရုံတိုက်ခိုက်ခံရမှု သတင်းသမားငါးဦးအပါအဝင် ဦးရေ ၂၀ သေဆုံး

**ဂါဇာစီးတီး ဩဂုတ် ၂၆**

ဂါဇာကမ်းမြောင်တောင်ပိုင်းရှိ နက်ဆာဆေးရုံကို အစ္စရေး လေတပ်က ဩဂုတ် ၂၅ ရက်တွင် တိုက်ခိုက်ခဲ့ရာ သတင်းသမားငါးဦး အပါအဝင် လူပေါင်း အနည်းဆုံး ဦးရေ ၂၀ သေဆုံးခဲ့ရသည်။

အစ္စရေး၏ လေကြောင်း တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ကြရသည့် သတင်းသမားများမှာ ရိုက်တာ၊ အေပီ၊ အယ်လ်ဂျာဇီးယား နှင့် အခြားသတင်းဌာနများ အတွက် အလုပ်လုပ်နေသည့် သတင်းသမားများဖြစ်ကြသည်။

ခန်ယူနစ်မြို့၌ တည်ရှိသည့် နက်ဆာဆေးရုံကို အစ္စရေးလေတပ်က နှစ်ကြိမ်တိုင်တိုင်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဂါဇာကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားထားသည်။

နက်ဆာဆေးရုံတိုက်ခိုက်ခံရမှုတွင် သတင်းသမားများအပါအဝင် လူပေါင်း ၂၀ သေဆုံးခဲ့ရသည့်အတွက် စိတ်မကောင်းဖြစ်ရကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက တောင်းပန်စကားပြောကြားထားသည်။

နက်ဆာဆေးရုံတိုက်ခိုက်ခံရမှုကြောင့်သေဆုံးခဲ့ရသူများထဲတွင် ဆေးဝန်ထမ်းများလည်း ပါဝင်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် စတင်ဖြစ်ပွားခဲ့သည့် ဂါဇာကမ်းမြောင်ပဋိပက္ခအတွင်း ပါလက်စတိုင်း သတင်းသမား ၂၄၀ ကျော် သေဆုံးခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## မာရှယ်လ်ကျွန်းစု အမျိုးသားလွှတ်တော် မီးလောင်ကျွမ်းမှုကြောင့် ပျက်စီးခဲ့ရ

**မာဂျူရို ဩဂုတ် ၂၆**

ပစိဖိတ်သမုဒ္ဒရာဒေသ ကျွန်းစု နိုင်ငံတစ်နိုင်ငံဖြစ်သည့် မာရှယ်လ်ကျွန်းစုနိုင်ငံ၌ ဩဂုတ် ၂၅ ရက်က မီးလောင်ကျွမ်းမှုတစ်ခု ဖြစ်ပွားခဲ့ရာ အမျိုးသားလွှတ်တော် အဆောက်အအုံပျက်စီးခဲ့ရကြောင်း သိရသည်။

ဩဂုတ် ၂၅ ရက်က မီးလောင်ကျွမ်းမှုကြောင့် အမျိုးသားလွှတ်တော် အဆောက်အအုံ၏ ထက်ဝက်ကျော် မီးလောင်ပျက်စီးခဲ့ရကြောင်း မာရှယ်လ်ကျွန်းစု တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားသည်။

ကျန်ရှိနေသည့်အဆောက်အအုံတစ်ခြမ်းမှာလည်း အသုံးပြု၍ မရနိုင်တော့ကြောင်း မာရှယ်လ်ကျွန်းစုမီးသတ်တပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အမျိုးသားလွှတ်တော်အဆောက်အအုံမီးလောင်ကျွမ်းမှုကို မာရှယ်လ်ကျွန်းစု မီးသတ်တပ်ဖွဲ့က မီးသတ်ယာဉ်တစ်စီးဖြင့် ထိန်းချုပ်ခဲ့ရသည်။

မာရှယ်လ် ကျွန်းစုနိုင်ငံသည် လူဦးရေ ၄၂၀၀၀ မျှသာ ရှိသည့် ကျွန်းနိုင်ငံဖြစ်ပြီး ယင်းလူဦးရေ၏ ထက်ဝက်မှာ မာဂျူရိုမြို့၌ နေထိုင်ကြသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ ဟာဝိုင်ယီကျွန်းနှင့် ဩစတြေးလျနိုင်ငံတို့ကြား တည်ရှိသည့် မာရှယ်လ်ကျွန်းစုနိုင်ငံသည် မဟာဗျူဟာအရ အချက်အချာကျသည့် နိုင်ငံငယ်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## မြောက်ကိုရီးယားခေါင်းဆောင်နှင့် ယခုနှစ်အတွင်းတွေ့ဆုံလိုကြောင်း သမ္မတဒေါ်နယ်ထရမ့်ပြောကြား



**ဝါရှင်တန် ဩဂုတ် ၂၆**

ယခုနှစ်အတွင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် ထပ်မံတွေ့ဆုံရန် မိမိဆန္ဒရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဩဂုတ် ၂၅ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

တောင်ကိုရီးယား သမ္မတ လီဂျေးမြောင်နှင့် အိမ်ဖြူတော်၌ တွေ့ဆုံစဉ် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

မိမိအနေဖြင့် ယခုနှစ်အတွင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့်တွေ့ဆုံဆွေးနွေးရန် ဆန္ဒရှိကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က အိမ်ဖြူတော်၌ သတင်းထောက်များကို ထုတ်ဖော်ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အဆိုပါပြောကြားချက်နှင့်ပတ်သက်၍ မြောက်ကိုရီးယားအစိုးရက တစ်စုံတစ်ရာတုံ့ပြန်မှု မရှိသေးကြောင်း သိရသည်။

၂၀၁၇ ခုနှစ်နှင့် ၂၀၂၁ခုနှစ်ကြား ကာလအတွင်း အမေရိကန်သမ္မတ ရာထူးကို ပထမဆုံးအကြိမ်ရယူခဲ့စဉ် သမ္မတဒေါ်နယ်ထရမ့်သည် မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်နှင့် သုံးကြိမ်တိုင်တိုင် တွေ့ဆုံခဲ့ဖူးသည်။

မိမိနှင့် မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်တို့ကြား ဆက်ဆံရေးမှာ ကောင်းမွန်ခဲ့ပြီး လက်ရှိတွင်လည်း ကောင်းမွန်နေဆဲဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

Ref : RT

Trs : KKO

## နိုင်ငံခြားသားစီးပွားရေးလုပ်ငန်းရှင်များအတွက် ပြည်ဝင်ခွင့်ဗီဇာသတ်မှတ်ချက်များ ဂျပန်တင်းကျပ်မည်

**တိုကျို ဩဂုတ် ၂၆**

ပြည်ပနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များအတွက် ပြည်ဝင်ခွင့် ဗီဇာသတ်မှတ်ချက်များကို ထပ်မံတင်းကျပ်ရန် ဂျပန်အစိုးရက စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။



ဂျပန်အစိုးရအနေဖြင့် ဂျပန်နိုင်ငံ၌ လုပ်ငန်းလည်ပတ်မည့် ပြည်ပစီးပွားရေးလုပ်ငန်းရှင်များအတွက် သတ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုပမာဏကို လက်ရှိထက်ခြောက်ဆတိုး၍ ယန်းငွေ သန်း ၃၀ (အမေရိကန်ဒေါ်လာ ၂၀၄၀၀၀)ထိ မြှင့်တင်ရန် စီစဉ်ထားသည်။

ယင်းအပြင် ဂျပန်နိုင်ငံ၌ လုပ်ငန်းလည်ပတ်မည့် ပြည်ပစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အနည်းဆုံး ဂျပန်နိုင်ငံ၌ အချိန်ပြည့်ဝန်ထမ်းတစ်ဦး ခန့်အပ်နိုင်ရန်လည်း လိုအပ်မည်ဖြစ်သည်။

ယခုနှစ် ဇူလိုင်လအတွင်း ကျင်းပခဲ့သော ဂျပန်အထက်လွှတ်တော်ရွေးကောက်ပွဲ၌ လူဝင်မှုဆန့်ကျင်ရေးပါတီတစ်ခု ရယူနိုင်သည့် ပြည်သူ့ထောက်ခံမှုနှုန်း မြင့်တက်လာခဲ့ပြီးနောက် ပြည်ပနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များအပေါ် ပြည်ဝင်ခွင့်ဗီဇာစည်းမျဉ်းများ ထပ်မံတင်းကြပ်ရန် ဂျပန်အစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

ဇူလိုင်လ အထက်လွှတ်တော်ရွေးကောက်ပွဲတွင် လက်ရှိအာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီမှာ လွှတ်တော်ကို အမတ်နေရာ အများစုဖြင့် ထိန်းချုပ်နိုင်စွမ်းဆုံးရှုံးခဲ့ရသည်။

ယခင်ကဂျပန်နိုင်ငံသို့လာရောက်မည့် ပြည်ပစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပြည်ဝင်ခွင့်ဗီဇာရယူရေး ဂျပန်ယန်းငွေ ငါးသန်းထိ ရင်းနှီးမြှုပ်နှံရန် လိုကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဆေးရုံ၊ ဆေးခန်းများ၌ ဆေးဝါးများပြတ်လပ်မှုကြောင့် ကျန်းမာရေးအရေးပေါ်အခြေအနေ ဘော့ဆွာနာကြေညာ

**ဂဘိုရုန်း ဩဂုတ် ၂၆**

နိုင်ငံတစ်ဝန်း ဆေးရုံ၊ ဆေးခန်းများ၌ ဆေးဝါးများနှင့် အခြားဆေးပစ္စည်းများပြတ်လပ်နေမှုကြောင့် ဘော့ဆွာနာသမ္မတ ဒူးမားဘိုကိုက ဩဂုတ် ၂၅ ရက်တွင် ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေကြေညာထားကြောင်း သိရသည်။

ဘော့ဆွာနာနိုင်ငံ၏ ဆေးဝါးလိုအပ်ချက် ဖြည့်ဆည်းမှု ကွင်းဆက်ပြတ်လပ်နေပြီဖြစ်ရာ ပြည်တွင်းရှိဆေးရုံ၊ ဆေးခန်းများ၌ ဆေးဝါးပစ္စည်းများပြတ်လပ်နေပြီ ဖြစ်ကြောင်း သမ္မတ ဒူးမားဘိုကိုက ဩဂုတ် ၂၅ ရက်တွင် ပြောကြားခဲ့သည်။

ဘော့ဆွာနာ နိုင်ငံအတွက် ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေကို သမ္မတ ဒူးမားဘိုကိုက ကြေညာခဲ့ပြီးနောက် ဆေးဝါးပစ္စည်း အရေးပေါ်ဖြန့်ဖြူးရေး လုပ်ငန်းကိုဘော့ဆွာနာတပ်မတော်က တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

ဘဏ္ဍာရေး ပြဿနာများကြောင့် ပြည်တွင်းရှိ ဆေးရုံ၊ ဆေးခန်းများ၌ ဆေးဝါးပစ္စည်းများ ပြတ်လပ်နေပြီး မဖြစ်မနေပြုလုပ်ပေးရန် မလိုအပ်သည့်ခွဲစိတ်ကုသမှုအစီအစဉ်များကို နောက်ဆုတ်ထားရကြောင်း ဘော့ဆွာနာကျန်းမာရေးဝန်ကြီးဌာန ယခုလအစောပိုင်းက ကြေညာထားသည်။

ဆေးဝါးများဝယ်ယူရေးအတွက် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၃၅ သန်းကို အရေးပေါ်ရန်ပုံငွေအဖြစ် သုံးစွဲရန် ဘော့ဆွာနာဘဏ္ဍာရေးဝန်ကြီးက စီစဉ်ထားသည်။

ကမ္ဘာ့စိန်ဈေးကွက်၌ ဝယ်လိုအားကာလ ကြာမြင့်စွာ ကျဆင်းနေမှုကြောင့် ထိပ်တန်းစိန်ထုတ်လုပ်သည့် နိုင်ငံဖြစ်သည့် ဘော့ဆွာနာနိုင်ငံမှာ ဘဏ္ဍာရေးအခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## HTV-X အာကာသကုန်တင်ယာဉ်သစ်ကို လာမည့်အောက်တိုဘာ ၂၁ ရက်တွင် လွှတ်တင်ရန် ဂျပန်အာကာသအေဂျင်စီက စီစဉ်



**တိုကျို သြဂုတ် ၂၆**

HTV-X အမည်ရှိ အာကာသကုန်တင်ယာဉ်သစ်ကို လာမည့် အောက်တိုဘာ ၂၁ ရက်တွင် နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်ရန် ဂျပန် အာကာသအေဂျင်စီက စီစဉ်ထားကြောင်း သြဂုတ် ၂၅ ရက် သတင်းများအရ သိရသည်။

HTV-X အမည်ရှိ အာကာသကုန်တင်ယာဉ်သစ်ကို မစ်ဆူဘီရှိ အကြီးစား စက်မှုလုပ်ငန်းနှင့် မစ်ဆူဘီရှိ အီလက်ထရွန်ကုမ္ပဏီသို့ ပူးပေါင်းတည်ဆောက်ထားခြင်းဖြစ်သည်။

HTV-X အမည်ရှိ အာကာသကုန်တင်ယာဉ်သစ်ကို တာနီဂါရှီးမား အာကာသစခန်းမှတစ်ဆင့် အိတ်ချ်-၃ ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း ဂျပန်အာကာသအေဂျင်စီက ထုတ်ပြန်ထားကြောင်း သိရသည်။

ဂျပန်အာကာသအေဂျင်စီသည် HTV-X အာကာသကုန်တင်ယာဉ်သစ်ကို HTV အာကာသကုန်တင်ယာဉ်များနေရာ၌ အစားထိုးအသုံးပြုရန် စီစဉ်ထားကြောင်း သိရသည်။

ဂျပန်အာကာသအေဂျင်စီသည် HTV သို့မဟုတ် ကိုနိုတိုရီ အာကာသ ကုန်တင်ယာဉ်ကို နိုင်ငံတကာ အာကာသစခန်း ထောက်ပံ့ မစ်ရှင်များအတွက် ၂၀၂၀ ပြည့်နှစ်ကပင် စတင်အသုံးပြုခဲ့ပြီး ကိုးကြိမ်ထိ လွှတ်တင်ခဲ့ပြီးဖြစ်သည်။

HTV-X အမည်ရှိ အာကာသကုန်တင်ယာဉ်သစ်သည် ကုန်စည်အလေးချိန် ၅ ဒသမ ၈ သန်း သယ်ဆောင်နိုင်ပြီး HTV အာကာသ ကုန်တင်ယာဉ်ကမူ ကုန်စည်အလေးချိန် လေးတန်ခန့်သာ သယ်ဆောင်နိုင်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**


## ဥရောပအာကာသအေဂျင်စီ၏ အပိုးဖစ်ဂြိုဟ်သိမ်လေ့လာရေးမစ်ရှင်တွင် ဂျပန်အာကာသအေဂျင်စီလည်း ပူးပေါင်းပါဝင်မည်ဖြစ်

**တိုကျို သြဂုတ် ၂၆**

ဥရောပအာကာသအေဂျင်စီ၏ အပိုးဖစ်ဂြိုဟ်သိမ်လေ့လာရေးမစ်ရှင်တွင် ဂျပန်အာကာသအေဂျင်စီလည်း ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း သြဂုတ် ၂၅ ရက် သတင်းများအရ သိရသည်။

ဥရောပအာကာသအေဂျင်စီသည် ၂၀၂၉ ခုနှစ်တွင် ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော် ပျံသန်းမည့် အပိုးဖစ်ဂြိုဟ်သိမ်ကို ရမ်မဆေးအမည်ရှိအာကာသယာဉ်တစ်စင်းဖြင့်လေ့လာရန် စီစဉ်ထားသည်။

ဥရောပအာကာသအေဂျင်စီ၏ အထက်ပါ မစ်ရှင်တွင် ဂျပန်နိုင်ငံလည်း ပူးပေါင်းပါဝင်မည်ဖြစ်ပြီး ရမ်မဆေး အာကာသယာဉ်ကို လွှတ်တင်ရေးအတွက် အိတ်ချ်-၃ ဒုံးပျံကို ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ဂျပန်အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။



အပိုးဖစ်ဂြိုဟ်သိမ်သည် ၂၀၂၉ ခုနှစ် ဧပြီ ၁၃ ရက်တွင် ကမ္ဘာမြေကို မိုင်ပေါင်း ၂၀၀၀၀ အကွာမှတစ်ဆင့် အနီးကပ်ဖြတ်ကျော်ပျံသန်းမည်ဖြစ်သည်။

ထိုသို့ ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်သန်းစဉ် အပိုးဖစ်ဂြိုဟ်သိမ်ကို အောဇီးရစ်ရက်စ် အာကာသယာဉ်ဖြင့်လေ့လာရန် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသအေဂျင်စီ (နာဆာ)က စီစဉ်ထားသည်။

သို့ရာတွင် နာဆာ၏အသုံးစရိတ်များ ဖြတ်တောက်ခံရနိုင်မှုကြောင့် အထက်ပါ မစ်ရှင်၏ အခြေအနေမှာ မရေမရာရှိနေဆဲဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## Starship အာကာသဒုံးပျံလွှတ်တင်ရေး အစီအစဉ်ကို မြေပြင်စနစ်ပြဿနာတစ်ရပ်ကြောင့် ဆိုင်းငံ့ထား

**ဝါရှင်တန် သြဂုတ် ၂၆**

အမေရိကန်နိုင်ငံအခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် Starship အာကာသဒုံးပျံ လွှတ်တင်ရေး အစီအစဉ်ကို မြေပြင်စနစ်ပြဿနာတစ်ရပ်ကြောင့် ဆိုင်းငံ့ထားရကြောင်း သြဂုတ် ၂၅ ရက် သတင်းများအရ သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် Starship အာကာသဒုံးပျံကို သြဂုတ် ၂၄ ရက်တွင် ၁၀ ကြိမ်မြောက်အဖြစ် စမ်းသပ်ပစ်လွှတ်ရန် မူလက စီစဉ်ထားသည်။

သို့ရာတွင် တောင်ပိုင်းတက္ကဆက်ဒေသ စတားဘေ့စ်အာကာသစခန်း မြေပြင်စနစ်ပြဿနာတစ်ရပ်ကြောင့် Starship အာကာသဒုံးပျံကို မလွှတ်တင်မီ ၁၇ မိနစ်အလိုတွင် အစီအစဉ်ဖျက်သိမ်းခဲ့ရကြောင်း စပေ့အိတ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

Starship အာကာသဒုံးပျံ လွှတ်တင်ရေးအတွက် သြဂုတ် ၂၅ ရက်တွင် ထပ်မံကြိုးပမ်းရန် စပေ့အိတ်ကုမ္ပဏီက စီစဉ်ထားသည်။

အဆိုပါ Starship မစ်ရှင်သည် စပေ့အိတ်ကုမ္ပဏီအတွက် ယခုနှစ်၏ စတုတ္ထမြောက် Starship မစ်ရှင်ဖြစ်သည်။

စပေ့အိတ်ကုမ္ပဏီသည် ယခုနှစ် ဇန်နဝါရီလ၊ မတ်လ၊ မေလတို့တွင် Starship အာကာသဒုံးပျံများကို စမ်းသပ် လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## Metabolic Syndrome ပြဿနာများကြောင့် ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက်မြင့်မားနိုင်

**စတော့ဟုမ်း သြဂုတ် ၂၆**

Metabolic Syndrome ခေါ် ဆဲလ်များ၏ ဇီဝခါတုဖြစ်စဉ် ဖောက်ပြန်မှု ပြဿနာများရှိနေမှုများ၌ ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ သိသိသာသာ မြင့်တက်နေတတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ သြဂုတ် ၂၅ ရက်သတင်းများအရ သိရသည်။

Metabolic Syndrome ပြဿနာများထဲတွင် ဝမ်းဗိုက်ပိုင်း အဆီစုစည်းမှုပုံမှန်ထက် လွန်ကဲမှု၊ သွေးဖိအားပုံမှန်ထက် မြင့်မားမှု၊ သွေးအတွင်းသကြားဓာတ်ပါဝင်နှုန်းမြင့်မားမှုနှင့် သွေးအတွင်း ကိုလက်စထရောပါဝင်နှုန်း မြင့်မားမှုတို့ပါဝင်သည်။

ဆွီဒင်နိုင်ငံ ကာရိုလင့်စကာ အင်စတီကျုမှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အထက်ပါ Metabolic Syndrome ပြဿနာရှိနေသူများ၌ ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက် ၄၀ ရာခိုင်နှုန်းထိ မြင့်မားနေတတ်ကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ Metabolic Syndrome ပြဿနာမှာ ပါကင်ဆန်ရောဂါ၏ နောက်ခံအကြောင်းတရားတစ်ရပ်ဖြစ်နိုင်ကြောင်း ဆွီဒင်သုတေသနပညာရှင်များက ပြောကြားသည်။

ဆွီဒင်သုတေသနပညာရှင်များသည် လူပေါင်း ၄၆၇၀၀၀ တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ပြီး Metabolic Syndrome ပြဿနာများသည် နှလုံးရောဂါဖြစ်နိုင်ခြေ၊ လေဖြတ်နိုင်ခြေနှင့် ပုံစံ-၂ ဆီးချိုရောဂါများ ဖြစ်နိုင်ခြေတို့ မြင့်မားလာနိုင်မှုနှင့်လည်း ဆက်စပ်လျက်ရှိကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ရေကိုလုံလုံလောက်လောက် သောက်သုံးခြင်းမရှိပါက ကျန်းမာရေးပြဿနာအမျိုးမျိုးနှင့် ဆက်စပ်မှုရှိ

**လန်ဒန် သြဂုတ် ၂၆**

ရေကိုလုံလုံလောက်လောက် သောက်သုံးခြင်းမရှိပါက ကိုယ်တွင်းဖိအား မြင့်တက်လာနိုင်ပြီး ကျန်းမာရေးပြဿနာ အမျိုးမျိုးနှင့် ဆက်စပ်မှုရှိနေကြောင်း ဗြိတိန်နိုင်ငံ လစ်ဗာပူးဂျွန်မိုးတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ သြဂုတ် ၂၅ ရက် သတင်းများအရ သိရသည်။

နေ့စဉ်သောက်သုံးရန်လိုအပ်သည့်ရေပမာဏကို သောက်သုံးခြင်းမရှိသူများ၌ ဖိအားများသည့် အခြေအနေမျိုးတွင် ကော်တီဆော (Costisol) ခေါ် စိတ်ဖိအားဟော်မုန်းတစ်မျိုးပေါ်ထွက်မှု သိသိသာသာ မြင့်တက်လာနိုင်ကြောင်း၊ ကော်တီဆောလ်ဟော်မုန်း ပေါ်ထွက်မှုမြင့်မားနေပါက သွေးဖိအား ပုံမှန်ထက်မြင့်တက်ခြင်း၊ နှလုံးရောဂါ၊ ပုံစံ-၂ ဆီးချိုရောဂါ၊ အဝလွန်အပါအဝင် ကျန်းမာရေးပြဿနာအမျိုးမျိုးနှင့် ဆက်စပ်မှုရှိနေကြောင်း သုတေသနပညာရှင်များ၏ အဆိုအရသိရသည်။

ဗြိတိန်သုတေသနပညာရှင်များသည် တစ်ရက်လျှင် ရေကို ၁ ဒသမ ၂ လီတာမျှသာသောက်သုံးသူများနှင့်ဆေးပညာရှင်များ အကြံပြုချက်အတိုင်း အပြည့်အဝ သောက်သုံးသူများ ပါဝင်သည့် လူပေါင်း ၃၂ ဦးကို လေ့လာစောင့်ကြည့်ခဲ့ကြရာ လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ရေကိုလိုအပ်သလောက် အပြည့်အဝ သောက်သုံးခြင်းမရှိသူများ၌ ကျန်းမာရေး ပြဿနာအမျိုးမျိုး ဖြစ်ပေါ်လာနိုင်ခြေ မြင့်တက်နေသည်ကိုတွေ့ရကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဆောက်သမ်တန်ကစားသမား ဒစ်ဘလင်းကို အဲဗာတန်အသင်း လေးနှစ်စာချုပ်ဖြင့် ခေါ်ယူ

လန်ဒန် ဩဂုတ် ၂၆

အဲဗာတန် အသင်းသည် ဆောက်သမ်တန်အသင်းမှ အသက် ၁၉ နှစ်ရှိ လူငယ်ကစားသမား ဒစ်ဘလင်းကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၂ သန်းဖြင့် ခေါ်ယူ၍ လေးနှစ်စာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၁၉ နှစ်ရှိ တောင်ပံကစားသမား ဒစ်ဘလင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဆောက်သမ်တန်အသင်းအတွက် ပြိုင်ပွဲစုံ ၃၃ ပွဲထိ ပါဝင်ကစားခဲ့ရာတွင် ခြေစွမ်းပြသနိုင်မှုကြောင့် နည်းပြ မိုယက်စ်က ကွင်းလယ်ပိုင်းလိုအပ်ချက်အတွက် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဒစ်ဘလင်းက "ကျွန်တော်ရဲ့ ရည်ရွယ်ချက်ကတော့ အခုရာသီမှာ အသင်းအတွက် ပြိုင်ပွဲစုံ ပါဝင်ကစားခွင့်ရဖို့ပါ။ နောက်ပြီး အသင်းကို သွင်းဂိုးတွေ၊ ဖန်တီးမှုတွေပြုလုပ်ပေးခဲ့ပြီး ကျွန်တော်တတ်စွမ်းသလောက် ကူညီပေးမှာပါ" ဟု ပြောကြားခဲ့သည်။

အဲဗာတန်အသင်းသည် ယခုအပြောင်းအရွှေ့ကာလတွင် ဖလာမင်ဂိုအသင်းမှ အယ်ကာရက်ဇ်၊ ဗီလာရီးရဲလ်အသင်းမှ ဘာရီ၊ ဘုန်းမောက်အသင်းမှ ထရာဗာ၊ ဘိုင်ယန်မြူးနစ်အသင်းမှ အက်ဇ်နီ၊ ချဲလ်ဆီးအသင်းမှ ဒူဘူရီဟော၊ မန်စီးတီးအသင်းမှ ဂရီလစ်၊ ဘုန်းမောက်အသင်းမှ တွန်ကင်း၊ ဆောက်သမ်တန်မှ ဒစ်ဘလင်းတို့ကို ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

အသင်းအနေဖြင့် ပရီးမီးယားလိဂ်နှစ်ပွဲတွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံးခဲ့ပြီး လာမည့် ဩဂုတ် ၂၈ ရက်တွင် ကွာရာဘောင်းဖလား ဒုတိယအဆင့်ပွဲစဉ်အဖြစ် မန်ဖီးအသင်းနှင့် ကစားရမည်ဖြစ်ပြီး ယင်းပွဲစဉ်အပြီးတွင် ဩဂုတ် ၃၀ ရက်၌ ဝုဗ်အသင်းကို အဝေးကွင်းသွားရောက် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

Ref : Espn

Trs : ML



## အားကစားသတင်းအတိုအထွာများ

- ပရီးမီးယားလိဂ် ပွဲစဉ်နှစ်ပွဲ ကစားအပြီးတွင် ပွဲထွက်ခွင့်ပျောက်ဆုံးနေသည့် ကွင်းလယ်ကစားသမား မိုင်နူးက အပြောင်းအရွှေ့ကာလမပိတ်သိမ်းမီ အနာဂတ်နှင့်ပတ်သက်၍ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။
- မန်ယူအသင်းမှ အလွတ်ပြောင်းရွှေ့ခွင့်နှင့် ထွက်ခွာသွားသည့် ခံစစ်ကစားသမား လင်ဒီလော့က အသင်းဖော်ကစားသမား ဒီဂီယာ ကစားနေသည့် ဖီအိုရင်တီးနားအသင်းသို့ ပြောင်းရွှေ့ရန် ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။
- ပရီးမီးယားလိဂ်ပွဲစဉ်(၂)တွင် နယူးကာဆယ်အသင်းကို သုံးဂိုးနှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် လီဗာပူးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ၃၆ ပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် နည်းပြ အာနီစလော့သည် ယခင် နည်းပြဟောင်း ကလော့ရရှိထားသည့်စံချိန်ကို လိုက်မီခဲ့ကြောင်းသိရသည်။ ML

# ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက် စတုတ္ထမြောက် အသက်အငယ်ဆုံး ဂိုးသွင်းနိုင်သူအဖြစ် နူမိုဟာ မှတ်တမ်းဝင်



လန်ဒန် ဩဂုတ် ၂၆

ပရီးမီးယားလိဂ် ပွဲစဉ်အဖြစ် ကစားခဲ့သည့် လီဗာပူးအသင်းနှင့် နယူးကာဆယ်အသင်းတို့ ပွဲစဉ်တွင် လီဗာပူးအသင်း ဆယ်ကျော်သက်ကစားသမား နူမိုဟာသည် အသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် စတုတ္ထမြောက် အသက်အငယ်ဆုံး ဂိုးသွင်းနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

လီဗာပူးအသင်းက နယူးကာဆယ်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် နူမိုဟာသည် ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပို ၁၀ မိနစ်တွင် အသင်းအတွက် အဖိုးတန်အနိုင်ဂိုး သွင်းယူပေးနိုင်ခဲ့ပြီးနောက် စံချိန်မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

နူမိုဟာသည် လီဗာပူးအသင်းနှင့် နယူးကာဆယ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားချိန်၌ အသက် ၁၆ နှစ်နှင့် ၃၆၁ ရက်သာ ရှိသေးသည့်အတွက် အသက် ၁၆ နှစ်နှင့် ၂၇၀ ရက်ဖြင့် ဂျိမ်းဗူဂန်၊ အသက် ၁၆ နှစ်နှင့် ၃၅၆ ရက်ဖြင့် ဂျိမ်းစ်မီနာ၊ အသက် ၁၆ နှစ်နှင့် ၃၆၀ ရက်ဖြင့် ရွန်းနီတို့ပြီးလျှင် စတုတ္ထမြောက် အသက်အငယ်ဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီတွင် နည်းပြ အာနီစလော့၏ ယုံကြည်မှုနှင့်အတူ အသင်းကြီးတွင် ပူးပေါင်းခွင့်ရရှိခဲ့သည့် နူမိုဟာသည် အသင်းနှင့်အတူ ပထမဆုံးပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် စတုတ္ထမြောက် အသက်အငယ်ဆုံး ဂိုးသွင်းနိုင်သူအဖြစ် မှတ်တမ်းဝင်ခဲ့သည့်အပြင် အသင်း သမိုင်းတစ်လျှောက်တွင်လည်း ပထမဆုံး ပွဲစဉ်တွင်ပင် အသင်းအတွက် ဂိုးသွင်းယူနိုင်ခဲ့သည့် အသက်အငယ်ဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ကမ္ဘာ့ဖလားခြေစစ်ပွဲကစားမည့် ဘရာဇီးအသင်းလူစာရင်းမှ တိုက်စစ်မှူးနေမာ ဒဏ်ရာကြောင့် ချန်လှပ်ခံရ

ရီယိုဂျနေရိုး ဩဂုတ် ၂၆

ဘရာဇီး လက်ရွေးစင်အသင်း နည်းပြ အန်ဆယ်လော့တီသည် ကမ္ဘာ့ဖလား ခြေစစ်ပွဲကစားမည့် လက်ရွေးစင် ကစားသမား ၂၃ ဦး စာရင်းကို ထုတ်ပြန်ခဲ့ရာတွင် တိုက်စစ်မှူးနေမာကို ဒဏ်ရာ ကြွခိုင်မှု လိုအပ်ချက်ကြောင့် ချန်လှပ်ခဲ့ကြောင်း သိရသည်။

ဘရာဇီးအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ရမှတ် ၂၅ မှတ်ဖြင့် အဆင့်(၄)နေရာတွင် ရပ်တည်နေသော်လည်း ခြေစစ်ပွဲ အောင်မြင်ရန်သေချာခဲ့ပြီး လာမည့် စက်တင်ဘာလတွင် ခြေစစ်ပွဲ နောက်ဆုံးပွဲစဉ်အဖြစ် ချီလီအသင်းကို အိမ်ကွင်းနှင့် ဘိုလီဗီးယားအသင်းကို အဝေးကွင်းတွင် ကစားရမည်ဖြစ်သောကြောင့် နည်းပြ အန်ဆယ်လော့တီက ကစားသမား ၂၃ ဦးစာရင်း ထုတ်ပြန်ခဲ့ရာ နေမာအနေဖြင့် အပေါ့စား ဒဏ်ရာကြောင့် ချန်လှပ်ခံရခြင်း ဖြစ်သည်။

တိုက်စစ်မှူးနေမာသည် ၂၀၂၃ ခုနှစ် အောက်တိုဘာလကတည်းက အရွတ်ထိခိုက်ဒဏ်ရာကြောင့် ဘရာဇီးအသင်းနှင့် ပွဲစဉ်များကို လွဲချော်ခဲ့ပြီးနောက် ဒဏ်ရာကောင်းမွန်ချိန်တွင် အယ်ဟိုင်လာအသင်းမှ မွေးရပ်မြေကလပ် ဆန်းတို့စ်အသင်းသို့ ပြောင်းရွှေ့၍ အသင်းအတွက် ၁၉ ပွဲတွင် သွင်းဂိုး ခြောက်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ကြွခိုင်မှု လိုအပ်ချက်ရှိနေ၍ လက်ရွေးစင်အသင်း လူစာရင်းမှ ထုတ်ပယ်ခံရခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# နီကိုလပ်စ်ဂျက်ဆင်ကို ခေါ်ယူရန် ဘိုင်ယန်မြူးနစ်အသင်း ပုဂ္ဂိုလ်ရေးသဘောတူညီမှုရရှိ

မြူးနစ် ဩဂုတ် ၂၆

ဘိုင်ယန်မြူးနစ်အသင်းသည် ချဲလ်ဆီးအသင်းက ရောင်းချရန် ဆုံးဖြတ်ထားသည့် တိုက်စစ်မှူး ဂျက်ဆင်ကို ခေါ်ယူရန် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ချဲလ်ဆီးအသင်းနှင့် သဘောတူညီမှုရရှိခဲ့ပြီးနောက် ဂျက်ဆင်ကို ကနဦး တစ်ရာသီအငှားစာချုပ်ဖြင့်သာ ခေါ်ယူရန်ဆွေးနေသော်လည်း ချဲလ်ဆီးအသင်းက နွေရာသီအပြောင်းအရွှေ့ မပိတ်သိမ်းမီ အပြီးသတ် ရောင်းချလိုသောကြောင့် ကလပ်အသင်းနှစ်ခုကြား ဆွေးနွေးမှုများ ထပ်မံပြုလုပ်လျက်ရှိသည်။



အသက် ၂၄ နှစ်ရှိ ဂျက်ဆင်သည် ၂၀၂၃ ခုနှစ်က ဗီလာရီးရဲလ်အသင်းမှ ချဲလ်ဆီးအသင်းသို့ ရောက်ရှိခဲ့ပြီး အသင်းနှင့် ကစားခဲ့သည့် နှစ်နှစ်အတွင်း ပြိုင်ပွဲစုံ သွင်းဂိုး ၂၇ ဂိုးထိ သွင်းယူနိုင်ခဲ့ကာ ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းတိုက်စစ်ကို ဦးဆောင်ခွင့်ရခဲ့သော်လည်း အသင်းသို့ တိုက်စစ်မှူး ဒီလက်ပ်နှင့် ဂျာအိုပက်ထရိုတို့ ရောက်ရှိလာချိန်တွင် ဂျက်ဆင်အနေဖြင့် အသင်းကစားသမားစာရင်းမှ ချန်လှပ်ခံရပြီး အရောင်းစာရင်းတင်သွင်းခံရခြင်း ဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ဂျက်ဆင်ကို နည်းပြဟောင်းအမ်မရီက ပြန်လည်ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း ကနဦးအငှားစာချုပ်ဖြင့် ခေါ်ယူသွားရန် ကမ်းလှမ်းခဲ့ရာ ချဲလ်ဆီးအသင်းက စတာလင်ပေါင် သန်း ၆၀ ဖြင့်သာ အပြီးသတ် ရောင်းချလိုသောကြောင့် အေဗီလာအသင်းအနေဖြင့် ဘဏ္ဍာရေး အကျပ်အတည်းရှိနေ၍ ခေါ်ယူမှုမလုပ်နိုင်ခဲ့ဘဲ လက်လျှော့ခဲ့ရသည်။

လက်ရှိတွင် နည်းပြကွန်ပနီက အဖွင့်ပွဲစဉ်တွင် လိုက်ပ်ဇစ်အသင်းကို ခြောက်ဂိုးပြတ် အနိုင်ရခဲ့ပြီးနောက် တိုက်စစ်ပိုင်းတွင် ကစားသမား ဖြည့်တင်းရန်ဆုံးဖြတ်ထားသဖြင့် ဂျက်ဆင်ကို ထပ်မံ ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref :Daily mail

Trs : ML

## ၁၉ ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲနှင့် ၅၇ ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတို့တွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များဆွတ်ခူးခဲ့သည့် အားကစားအဖွဲ့ ပြန်လည်ရောက်ရှိ



**ရန်ကုန် ဩဂုတ် ၂၆**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဩဂုတ် ၁၈ ရက်မှ ၂၅ ရက်ထိ ကျင်းပခဲ့သည့် ၁၉ ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲနှင့် ဩဂုတ် ၂၂ ရက်မှ ၂၄ ရက်ထိ ကျင်းပခဲ့သည့် ၅၇ ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစား ပြိုင်ပွဲတို့တွင် ရွှေတံဆိပ် ငါးဆု၊ ငွေတံဆိပ် လေးဆု၊ ကြေးတံဆိပ် ခြောက်ဆု ဆွတ်ခူးခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်ပရိသတ်များက အိုးစည်ဒိုးပတ်များနှင့် သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည်။

၁၉ ကြိမ်မြောက်အရှေ့တောင် အာရှကာယဗလနှင့်ကာယ ကြံ့ခိုင်မှုပြိုင်ပွဲ၌ နိုင်ငံပေါင်းကိုးနိုင်ငံမှ ပြိုင်ပွဲဝင် အားကစားသမားများ ဦးရေ ၈၀ တို့သည် ပြိုင်ပွဲဝင် အတန်း ၁၇တန်း ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်အတန်း ၁၁တန်းတွင် ပြိုင်ပွဲဝင် ၁၂ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရာ ရွှေတံဆိပ် သုံးဆု၊ ငွေတံဆိပ် နှစ်ဆု၊ ကြေးတံဆိပ် သုံးဆု ဆွတ်ခူးခဲ့ပြီး နိုင်ငံလိုက် အဆင့်သတ်မှတ်မှုတွင် မြန်မာအမျိုးသားနှင့် အမျိုးသမီးအသင်းတို့က တတိယ နေရာတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ၅၇ကြိမ်မြောက် အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ၌ နိုင်ငံပေါင်း ၂၈နိုင်ငံမှ ပြိုင်ပွဲဝင်အားကစား သမားဦးရေ ၃၇၀တို့သည် ပြိုင်ပွဲဝင်အတန်း၄၉ တန်း ယှဉ်ပြိုင်ရာတွင် မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင် အတန်း၁၈တန်းတွင် ပြိုင်ပွဲဝင် ဦးရေ၂၀ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရာ ရွှေတံဆိပ် နှစ်ဆု၊ ငွေတံဆိပ် နှစ်ဆု၊ကြေးတံဆိပ်သုံးဆု ဆွတ်ခူးခဲ့သည်။

အဆိုပါ ၅၇ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် အမျိုးသား အသင်းလိုက် တံခွန်စိုက်ဆု၌ ထိုင်းနိုင်ငံက ပထမ၊ အိန္ဒိယနိုင်ငံက ဒုတိယ၊ မလေးရှားနိုင်ငံက တတိယနှင့် အမျိုးသမီးအသင်းလိုက်တံခွန်စိုက်ဆု၌ ထိုင်းနိုင်ငံက ပထမ၊ ဗီယက်နမ်နိုင်ငံက ဒုတိယ၊ မွန်ဂိုလီးယားနိုင်ငံက တတိယရရှိခဲ့ကြောင်း သိရသည်။

**STA**

## US Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်၌ ဗီးနပ်စ်ဝီလီယံ ရှုံးနိမ့်ခဲ့

**ဝါရှင်တန် ဩဂုတ် ၂၆**

တင်းနစ်လောကတွင် ပုလဲနက်ညီအစ်မအမည်ဖြင့် ကာလရှည် စိုးမိုးနိုင်ခဲ့သော ဆီရီနာဝီလီယံနှင့် ဗီးနပ်စ်ဝီလီယံတို့ ညီအစ်မနှစ်ဦးသည် တင်းနစ်လောကမှ အနားယူသွားခဲ့ပြီးနောက် အစ်မဖြစ်သူ ဗီးနပ်စ်ဝီလီယံသည် US Open တင်းနစ်ပြိုင်ပွဲ၌ ပြန်လည်ပါဝင်လာခဲ့ပြီး ၎င်း၏တင်းနစ်အားကစားလောကသို့တစ်ကျော့ပြန်ဝင်ရောက်လာခဲ့သည်။

ဗီးနပ်စ်ဝီလီယံသည် ပြိုင်ပွဲများဖြင့် နှစ်နှစ်ကင်းကွာခဲ့ရပြီးနောက် US Open တင်းနစ်ပြိုင်ပွဲတွင် Wildcard ရရှိကာ ပြိုင်ပွဲဝင်လာခဲ့သည်။

ဗီးနပ်စ်ဝီလီယံသည် ပထမအဆင့်အနေဖြင့် ချက်တင်းနစ်မယ် မူချိုဗာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး မူချိုဗာက (၆-၃ ၊ ၂-၆ ၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပထမအဆင့်၌ပင် ရှုံးနိမ့်ခဲ့ရသည့် ဗီးနပ်စ်ဝီလီယံ၏တစ်ကျော့ပြန်ခရီးစဉ်မှာ စိတ်ပျက်ဖွယ်ရာရလဒ်ဖြင့် အဆုံးသတ်ခဲ့ရသော်လည်း ဗီးနပ်စ်ဝီလီယံက အနိုင်ရရှိရေးအတွက် အကောင်းဆုံးကြိုးစားကစားခဲ့သည်။

အဆိုပါပွဲစဉ်၏ ပထမပွဲငယ်တွင် ပြတ်သားသည့် ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသော်လည်း ဒုတိယပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် ပြန်လည်အနိုင်ရခဲ့ပြီး အဆုံးအဖြတ်ပွဲစဉ်အဖြစ် တတိယပွဲငယ်အား ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ မူချိုဗာက ပြတ်သားသည့် ရလဒ်ဖြင့်အနိုင်ရခဲ့သည်။

အသက် ၄၅ နှစ် ရှိနေပြီဖြစ်သည့် ဗီးနပ်စ်ဝီလီယံသည် US Open တင်းနစ်ပြိုင်ပွဲသက်တမ်းတစ်လျှောက် အသက်အကြီးဆုံး ကစားသမားအဖြစ်လည်းမှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**



## ဒေါ့မွန်အသင်းက နည်းပြကိုဗက်ကို ၂၀၂၇ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးခဲ့ကြောင်းထုတ်ပြန်

**ဘာလင် ဩဂုတ် ၂၆**

ဒေါ့မွန်အသင်းသည် ၂၀၂၆ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် နည်းပြကိုဗက်ကို ၂၀၂၇ ခုနှစ်ထိ သက်တမ်းတစ်နှစ်တိုးနိုင်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ဒေါ့မွန်အသင်း အနေဖြင့် နည်းပြကိုဗက်ကို ပြီးခဲ့သည့် ဖေဖော်ဝါရီလက နည်းပြရှာဟင်၏နေရာ၌ အစားထိုးခေါ်ယူခဲ့ရာတွင် ၂၀၂၆ ခုနှစ်ထိသာ စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် နည်းပြကိုဗက်၏ စွမ်းဆောင်ရည်ပိုင်းပေါ် အားရကျေနပ်သည့်အတွက်၂၀၂၇ခုနှစ်ထိ သက်တမ်းတိုးခဲ့ပြီး ၎င်းလက်ထက်တွင် အသင်းအနေဖြင့် ခံစစ်ပိုင်းကျစ်လစ်မှု ရှိလာသည့်အပြင် တိုက်စစ်ပိုင်းက သွင်းဂိုးများ ပိုမိုရရှိလာခဲ့သဖြင့် အသင်းအနေဖြင့် လိုချင်သည့်ပုံစံ ရရှိခဲ့ကြောင်း အသင်း အားကစားဒါရိုက်တာ စီဘက်စတီယန်ခါလ်က ပြောကြားခဲ့သည်။

အသက် ၅၃ နှစ်ရှိနည်းပြကိုဗက်သည် ပြီးခဲ့သည့်ဖေဖော်ဝါရီလက ဒေါ့မွန်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက်ပြိုင်ပွဲစုံ ၂၇ ပွဲကိုင်တွယ်ခဲ့ရာတွင် ၁၆ ပွဲနိုင်၊ငါးပွဲသရေ၊ခြောက်ပွဲရှုံးရလဒ်ရရှိခဲ့ကာ နိုင်ပွဲ ရာခိုင်နှုန်း ၅၉ ဒသမ ၂၆ ထိ ရယူနိုင်ခဲ့ပြီး အသင်းအနေဖြင့် အဆင့်(၄) နေရာဖြင့် ချန်ပီယံလိဂ်ဝင်ခွင့် ရခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက ၎င်း၏စွမ်းဆောင်ရည်ကို ချီးမြှောက် လိုသည့်အတွက် စာချုပ်သက်တမ်း တိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Bundesliga**

**Trs : ML**

## နာပိုလီအသင်းက ဟိုက်လန်းကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ရန်နီးစပ်နေ

**ရောမ ဩဂုတ် ၂၆**

စီးရီးအေထိပ်သီး နာပိုလီအသင်းက မန်ယူအသင်းနှင့် အနာဂတ်မရေမရာ ဖြစ်နေသည့် ဟိုက်လန်းကို တစ်ရာသီအငှား စာချုပ်ဖြင့် ခေါ်ယူနိုင်ရန်အတွက် နီးစပ်လျက်ရှိနေပြီး နောက်ဆုံးအဆင့်ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိနေကြောင်း သိရသည်။

ဟိုက်လန်းသည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က အတ္တလန်တာအသင်းမှမန်ယူအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး မန်ယူအသင်းတွင် ရုန်းကန်နေရပြီး အနာဂတ်မရေမရာဖြစ်နေခြင်း ဖြစ်ကြောင်း သိရသည်။

မန်ယူအသင်းက လက်ရှိနွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် လိုက်ပ်ဇစ်အသင်းမှ ဆက်ကိုအား ခေါ်ယူနိုင်ခဲ့ပြီးနောက် ဟိုက်လန်းကို ပြန်လည် ရောင်းချရန်အတွက် ကြိုးပမ်းနေပြီး နာပိုလီအသင်းက ကနဦးတစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူရန် ကြိုးပမ်းလာခြင်းဖြစ်သည်။

နာပိုလီအသင်း အနေဖြင့် အသင်းမှ အဓိကတိုက်စစ်ကစားသမား လူကာကူ ဒဏ်ရာကြောင့် ကာလရှည် အနားယူရမည်ဖြစ်သောကြောင့် လိုအပ်ချက်များ ရှိနေသည့် အသင်းတိုက်စစ်ပိုင်းအတွက် ဟိုက်လန်းကို ခေါ်ယူရန် ကြိုးပမ်းခဲ့ရာမှ နောက်ဆုံးအဆင့်ဆွေးနွေးမှုများ လုပ်ဆောင်နေပြီး အပြီးသတ် ခေါ်ယူခွင့်အတွက် ညှိနှိုင်းမှုများ လုပ်ဆောင်လျက်ရှိနေကြောင်း သိရသည်။

**Ref : Fabrizio Romano**

**Trs : STA**

## WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်းယာယီချန်ပီယံဟောင်း ဒီလီယန်ဝှိုက်က လက်ဝှေ့လောကမှ အနားယူမည့်သတင်းများကို ငြင်းဆို

**လန်ဒန် ဩဂုတ် ၂၆**

WBCကမ္ဘာ့ဟဲဗီးဝိတ်တန်းယာယီချန်ပီယံဟောင်းဖြစ်သူ ဗြိတိန်လက်ဝှေ့သမားဒီလီယန်ဝှိုက်သည် လက်ဝှေ့လောကမှ အပြီးတိုင်အနားယူတော့မည် ဖြစ်ကြောင်း သတင်းများက ဖော်ပြနေသည်မှာ မမှန်ကန်ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ကာ ထွက်ပေါ်နေသည့်သတင်းများအား ယနေ့တွင် ငြင်းဆိုခဲ့သည်။



ဒီလီယန်ဝှိုက်သည် ဩဂုတ် ၁၆ ရက်ကWBA Internationalနှင့် WBO Inter-Continental ဟဲဗီးဝိတ်တန်း ချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံဖြစ်သူ ဗြိတိန်လက်ဝှေ့သမားမော့ဆက်စ်နှင့်ထိုးသတ်ခဲ့ရာ ပထမအချီ၌ပင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

အသက် ၂၀ သာ ရှိသေးသည့် မော့ဆက်စ်အား ပြတ်သားသည့် ရလဒ်ဖြင့်ရှုံးနိမ့်ခဲ့ရပြီးနောက် ၎င်း၏ စွမ်းဆောင်ရည်အပေါ် စိတ်ပျက်နေသော ဒီလီယန်ဝှိုက်သည် လက်ဝှေ့လောကတွင် ဆက်လက်ကျင်လည်သွားရန် ဆန္ဒမရှိတော့ကြောင်း ဗြိတိန်သတင်းဌာနများက ရေးသားဖော်ပြခဲ့ကြသည်။

ဒီလီယန်ဝှိုက်က "ကျွန်တော့်ရဲ့ကစားသမားဘဝခရီးစဉ်ကို ဒီလိုပုံစံမျိုးနဲ့တော့ အဆုံးမသတ်လိုပါဘူး။ နောက်ဆုံးထိုးသတ်ခဲ့တဲ့ပွဲစဉ်မှာ စိတ်ပျက်စရာကောင်းတဲ့ရလဒ်နဲ့ရှုံးနိမ့်ခဲ့ရတယ်။ကျွန်တော့်ရဲ့ ကစားသမားဘဝ သက်တမ်းတစ်လျှောက် အနိမ့်အမြင့်အတက်အကျတွေက တကယ်ကို ကြမ်းတမ်းခဲ့ပါတယ်။ ဘယ်လိုအခြေအနေမှာပဲ ဖြစ်ဖြစ် ကျွန်တော့်ကို အမြဲတမ်းအားပေးပြီး ကျွန်တော့်ဘက်က ရပ်တည်ပေးခဲ့ကြတဲ့ ပရိသတ်တွေအားလုံးကိုကျေးဇူးတင်ပါတယ်။ သတင်းတွေမှာ ဖော်ပြနေသလိုမျိုး ကျွန်တော် အနားယူတော့မယ်ဆိုတဲ့ သတင်းတွေဟာ မှန်ကန်မှုမရှိပါဘူး။ ခက်ခဲတဲ့ ကာလတွေကိုလဲ ကစားသမားဘဝသက်တမ်းတစ်လျှောက် အကြိမ်ကြိမ်ရင်ဆိုင်ခဲ့ရပြီးပါပြီ။ ကျွန်တော်အကောင်းဆုံးပုံစံနဲ့ ပရိသတ်တွေရှေ့ကို ပြန်လာမှာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **Ref : DAZN**

**Trs : AZL**

# နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့

**ကျော်တင့်(ရွှေချောင်း)**

နိုင်ငံစီးပွားရေးကိုမြှင့်တင်ရာ၌ လူသားအရင်းအမြစ်ကောင်းများ များစွာမွေးထုတ်ပေးနိုင်ရန် လိုအပ်သကဲ့သို့ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်လိုအပ်ပေသည်။ ကုန်ထုတ်လုပ်မှုတိုးမှ နိုင်ငံ့ဝင်ငွေတိုးမည်၊ နိုင်ငံ့ဝင်ငွေတိုးမှ နိုင်ငံအတွက်လိုအပ်သည့် တည်ဆောက်ရေး၊ ဖွံ့ဖြိုးရေး၊ တည်ငြိမ်အေးချမ်းရေးစသည့်လုပ်ငန်းများကို ပြည့်ပြည့်ဝဝဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ပြင် ပြည်တွင်းစားသုံးမှုဖူလုံရေး၊ ပြည်ပပို့ကုန်တိုးမြှင့်ရေးနှင့် သွင်းကုန်အစားထိုးရေး ကဏ္ဍတို့လည်း အရှိန်အဟုန်ဖြင့် မြင့်တက်လာမည်ဖြစ်သည်။

ယနေ့ကာလတွင်စားသောက်ကုန်နှင့်လူသုံးကုန်ဈေးနှုန်းများ မြင့်တက်နေပြီး အဓိကအကြောင်းရင်းခံမှာ ထုတ်လုပ်မှုနှင့် စားသုံးမှုမမျှတခြင်းနှင့် ကုန်ထုတ်လုပ်မှုစရိတ် ကြီးမြင့်ခြင်းတို့ကြောင့်ဖြစ်သည်။ တင်ပို့မှု၊ တင်သွင်းမှုကွာဟချက် သို့မဟုတ် သွင်းကုန်သည် ပို့ကုန်ထက်များပြားနေပါက တိုင်းပြည်စီးပွားရေးတွင် အနုတ်လက္ခဏာဖြစ်လာမည်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုတိုးမြှင့်နိုင်မှသာ ၎င်းနှင့်ဆက်စပ်နေသည့် ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများကို တိုးတက်လာစေကာ ပြည်ပမှတင်သွင်းရမှုများကို လျှော့ချနိုင်မည်ဖြစ်သည့်အလျောက် နိုင်ငံခြားငွေသုံးစွဲမှုကိုလည်း လျော့ကျလာစေနိုင်သည်။ ဤနည်းဖြင့် ပြည်တွင်းငွေကြေးတန်ဖိုးခိုင်မာမှုနှင့် ကုန်ဈေးနှုန်း တည်ငြိမ်မှုကိုပါ အကျိုးပြုနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းစားသုံးမှု ဖူလုံမှုရှိမည်ဖြစ်သည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ မိမိတို့နိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်တွင်နေထိုင်ကြပြီး လူဦးရေ၏ ၄၅ ဒသမ ၃ ရာခိုင်နှုန်းခန့်သည် လယ်ယာ သားငါး၊ သစ်တောနှင့် နီးနွယ်သည့်အလုပ်များကို လုပ်ကိုင်ကြခြင်းဖြစ်သည်။ လယ်ယာစီးပွားအခြေပြုနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်မှာ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးမြှင့်နိုင်ဖို့လိုသည်။ တစ်ဧကပန်းတိုင်အထွက်နှုန်းများ တိုးတက်ရေးနှင့်သီးထပ်စွမ်းအားမြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်မှသာ ပြည်တွင်းစားသုံးမှု ဖူလုံမှုရှိမည်ဖြစ်သည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ ပန်းတိုင်ရည်မှန်းချက်နှင့် သီးထပ်စွမ်းအားပြည့်မီမှု မရှိခြင်းကြောင့် နိုင်ငံ့ဝင်ငွေတစ်နှစ်လျှင်အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံခန့် ထိခိုက်နစ်နာလျော့နည်းခဲ့သည်ကို တွက်ချက်မှုများအရ သိရသည်။

မွေးမြူရေးကဏ္ဍတွင် တိရစ္ဆာန်အစားအစာကုန်ကြမ်းများ အလုံအလောက်ရှိသော်လည်း အားဖြည့်အစားအစာများကို ပြည်ပမှ တင်သွင်းနေရသဖြင့် တိရစ္ဆာန်သဘာဝအစားအစာများနှင့် ကုန်ကြမ်းများ ပိုမိုထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားရမည်ဖြစ်သည်။ ရော်ဘာကုန်ကြမ်းများ ပြည်ပသို့ တင်ပို့နိုင်သော်လည်း ရော်ဘာအခြေခံထုတ်ကုန်များဖြစ်သည့် ကားတာယာမျိုးစုံ၊ ကျွတ်များနှင့် သားရေကွင်း၊ ပူဖောင်း၊ လက်အိတ်၊ မွေ့ရာ၊ ရော်ဘာဖိနပ်များ ပြည်တွင်းတွင် လုံလောက်စွာထုတ်လုပ်နိုင်မှု မရှိ၍ ပြည်ပမှတင်သွင်းနေရသည်။ ပြည်တွင်း တွင် ရော်ဘာကုန်ကြမ်းရှိပြီးဖြစ်၍ ရော်ဘာကုန်ချော ပစ္စည်းထုတ်လုပ်သော စက်ရုံများ အထူးသဖြင့် ရော်ဘာအခြေခံ MSME ထုတ်ကုန်များ ထုတ်လုပ်သည့်စက်ရုံများ ရင်းနှီးမြှုပ်နှံထူထောင်လာပါက ပြည်ပဈေးကွက်ကိုသာ အားကိုးနေရန်မလိုတော့ဘဲ ရော်ဘာကုန်ချောထုတ်ကုန်များ တိုးတက်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံအမျိုးမျိုးကို စိုက်ပျိုးထုတ်လုပ်နိုင်သော်လည်း ပြည်တွင်းလိုအပ်ချက်မပြည့်မီသဖြင့် ပြည်ပမှစားသုံးဆီများကို နှစ်စဉ်တင်သွင်းနေရသဖြင့် ဆီထွက်သီးနှံများကိုတိုးချဲ့စိုက်ပျိုးသွားရန် လိုအပ်ပေသည်။

မြန်မာနိုင်ငံ၏ ဧရာဝတီမြစ်ရိုးတစ်လျှောက်နှင့် ချင်းတွင်းမြစ်ရိုးတစ်လျှောက်တွင် စိုက်ပျိုးမြေများစွာရှိပြီး အဆိုပါစိုက်ပျိုးမြေများကို စနစ်တကျအသုံးချရန်လိုအပ်သည်။ မိမိတို့နိုင်ငံတွင် လက်ရှိသီးနှံစိုက်ဧကများမှာ ထပ်မံတိုးချဲ့ရန်မလိုဘဲ တစ်ဧကအထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးခြင်း၊ သီးထပ်စွမ်းအားမြှင့်တင်ခြင်းတို့ဖြင့် စိုက်ပျိုးထုတ်ကုန်ကို နှစ်ဆ၊ သုံးဆ တိုးတက်စေနိုင်သည်။ နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသည့် ခေတ်မီစိုက်ပျိုးမွေးမြူရေးနည်းစနစ်များကိုလေ့လာ၍ မိမိတို့နိုင်ငံတွင် အသုံးချခြင်းဖြင့် စားသုံးမှုနှင့်ထုတ်လုပ်မှု မျှခြေရှိလာမည်ဖြစ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများမှ ရရှိသည့် ဒေသထွက်ကုန်ကြမ်းများဖြင့် MSME လုပ်ငန်းများကိုဆောင်ရွက်နိုင်ပြီး ဝါ၊ ဝါး၊ ရော်ဘာ ကုန်ကြမ်းတို့ကို အခြေခံသည့် စက်မှုလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက် ရမည်ဖြစ်သည်။ MSME လုပ်ငန်းများသည် ပြည်ပသွင်းကုန်လျှော့ချနိုင်ပြီး နိုင်ငံ၏ကုန်ထုတ်လုပ်မှုကိုတိုးတက်စေသည်။ `

MSME လုပ်ငန်းများ၏ မတူညီသည့် အတွေးအခေါ်များ၊ ဆန်းသစ်တီထွင်မှုများနှင့်အတူ ပြည်ပဈေးကွက် ထိုးဖောက်နိုင်ရေးအတွက် အရည်အသွေးမြင့်မားအောင် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်သည်။ မြန်မာနိုင်ငံမှထုတ်ကုန်ပစ္စည်းများကို အခြားနိုင်ငံများနှင့်တန်းတူ အဆင့်မီမီထုတ်လုပ်နိုင်ပါက ပြည်ပမှနှစ်စဉ်တင်သွင်းနေရသည့် လူသုံးကုန်၊ စားသုံးကုန်ပစ္စည်းများကို အစားထိုးထုတ်လုပ်နိုင်ပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄) ရပ်တွင် "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး" ဟူသောဦးတည်ချက်လည်း ပါဝင်သည်။ စိုက်ပျိုးရေး အခြေခံစက်မှုလုပ်ငန်းများ ဆိုသည်မှာ စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် သီးနှံဟင်းသီးဟင်းရွက်များနှင့် မွေးမြူရေးထွက်ပစ္စည်းများကို ကုန်ကြမ်းအဖြစ် အသုံးချပြီးတန်ဖိုးမြှင့်ကုန်ချောများ၊ တစ်ပိုင်းကုန်ချော သို့မဟုတ် အခြားစက်မှုလုပ်ငန်းများအတွက် သွင်းအားစုများ ထုတ်လုပ်သည့် လုပ်ငန်းများဖြစ်သည်။ စိုက်ပျိုးရေးထွက်ကုန် ကုန်ကြမ်းများကို စားသောက်ကုန် အမျိုးမျိုး၊ အထည်အလိပ်များ၊ ဇီဝလောင်စာများ စသည်တို့အဖြစ်သို့ အသွင်ပြောင်းစေပြီး မူလကုန်ကြမ်းထက် တန်ဖိုးများစွာ တိုးမြှင့်သွားစေမည်သည်။ စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ခြင်းအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ပေါ်ရေး၊ မြို့ပြနှင့် အခြားပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းအလုပ်သမားအဖြစ် သွားရောက်လုပ်ကိုင်မှုများ လျော့နည်းရေးတို့ကို များစွာအထောက်အကူ ဖြစ်စေမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးနှင့်ပတ်သက်ပြီး အဖျက်အမှောင့်၊ ပိတ်ဆို့ဟန့်တားမှုများစွာနှင့် အကျပ်အတည်းများကို ကျော်လွှားနိုင်ရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အကြောင်းအမျိုးမျိုးပြပြီး ကန့်သတ်မှုမျိုးစုံကြုံတွေ့နေရသည့် မိမိတို့နိုင်ငံသည် လက်ရှိပြည်ပပို့ကုန်ကို နှစ်ဆတိုးမြှင့်ပို့နိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်က တွန်းအားပေးဆောင်ရွက်လျက်ရှိရာ ပြည်သူလူထုတစ်ရပ်လုံး၏ စားရေရိက္ခာဖူလုံရေးအတွက် စပါးစိုက်ပျိုးမှု၊ ဆီထွက်သီးနှံစိုက်ပျိုးမှု၊ ပဲမျိုးစုံစိုက်ပျိုးမှု၊ အသားငါးထုတ်လုပ်မှုများကို နှစ်အလိုက်တိုးတက်မှုရရှိအောင် ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်၏ စီးပွားရေးအခြေအနေသည် ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင် စုစုပေါင်းရငွေကျပ် ၁၇၅၈၅ ဒသမ ၅၅ ဘီလီယံရှိရာမှ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်းရငွေကျပ် ၃၄၅၅၃ ဒသမ ၅၀ ဘီလီယံထိ တိုးတက်ရရှိခဲ့သည်။ MSME စီးပွားရေးလုပ်ငန်းများကို ပြည်တွင်းထုတ်ကုန် အားပေးမြှင့်တင်ရေး၊ သွင်းကုန်အစားထိုးရေးနှင့် အမည်သစ်ပို့ကုန်ရရှိရေး ဟူသည့် ရည်ရွယ်ချက်များဖြင့် မူဝါဒပိုင်းဆိုင်ရာများ၊ နည်းပညာပိုင်းဆိုင်ရာများနှင့် ငွေကြေးအရင်းအနှီးများ ပံ့ပိုးဆောင်ရွက်ပေးပြီး စီးပွားရေးဝန်းကျင်ကောင်းများကို ဖန်တီးပေးလျက်ရှိသည်။

ထို့ကြောင့် နိုင်ငံစီးပွားရေး တိုးတက်ရန်အတွက် အဓိကအခြေခံဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ၏အရေးပါမှုကို ဩဂုတ် ၁ ရက်က ကျင်းပသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင်နိုင်ငံတော်ဝန်ကြီးချုပ်ဦးညိုစောကအမှာစကားပြောကြားရာတွင် "မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကို ဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူအများစုသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ဆောင်ရွက်ကြခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးနိုင်ပြီး ဆင်းရဲမှုလျှော့ချနိုင်ရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံ့စီးပွားမှာလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများတိုးတက်ထုတ်လုပ်နိုင်ရေး အားလုံးက အလေးပေးဆောင်ရွက်သွားကြရန်လိုကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံ၏ ကုန်ထုတ်လုပ်မှုတိုးတက်ရေးကို လက်တွေ့ဆောင်ရွက်ကြရသူများမှာ လုပ်ငန်းရှင်များနှင့်လုပ်သားပြည်သူများပင်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ကုန်ထုတ်လုပ်မှု မြှင့်တင်နိုင်ရေး ပတ်ဝန်းကျင်ကောင်း၊ အခြေအနေကောင်းများ ဖြစ်ပေါ်အောင် ဖန်တီးဆောင်ရွက်လျက်ရှိသကဲ့သို့ လုပ်သားပြည်သူအပေါင်းတို့ကလည်း နိုင်ငံတော်ကြီးရွှေသီးစေရန်၊ ပြည်သူများ ဆင်းရဲနွမ်းပါးမှုမှ ရုန်းထွက်နိုင်ရန်နှင့် ပိုမိုမြင့်မားသော လူမှုဘဝအဆင့်အတန်းကို ရရှိနိုင်ရန်အတွက်ကုန်ထုတ်လုပ်မှုတိုးတက်အောင်ကြိုးစားဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

**– နေ့စဉ်ထုတ်သတင်းစာများ**

**❖ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများမှရရှိသည့် ဒေသထွက်ကုန်ကြမ်းများဖြင့် MSME လုပ်ငန်းများကိုဆောင်ရွက်နိုင်ပြီး ဝါ၊ ဝါး၊ ရော်ဘာ ကုန်ကြမ်းတို့ကို အခြေခံသည့် စက်မှုလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ်သည်။ MSME လုပ်ငန်းများသည် ပြည်ပသွင်းကုန်လျှော့ချနိုင်ပြီး နိုင်ငံ၏ကုန်ထုတ်လုပ်မှုကို တိုးတက်စေသည်။ MSME လုပ်ငန်းများ၏ မတူညီသည့် အတွေးအခေါ်များ၊ ဆန်းသစ်တီထွင်မှုများနှင့်အတူ ပြည်ပဈေးကွက် ထိုးဖောက်နိုင်ရေးအတွက် အရည်အသွေးမြင့်မားအောင် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်သည်။ ❖**

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# Ceremony to honour soldiers of Tatmadaw (Army, Navy and Air), children of in-service military personnel/war veterans, civilian substitutes, who passed the matriculation examination for 2024-2025 academic year with high marks, outstanding students, prize-winners in national level competitions



Vice-Senior General Soe Win addresses the ceremony to honour soldiers of Tatmadaw (Army, Navy and Air), children of in-service military personnel/war veterans, civilian substitutes, who passed the matriculation examination for 2024-2025 academic year with high marks, and outstanding students, and students who won prizes in national level article, essay, panting, cartoon and mathematics competitions.

**Nay Pyi Taw August 26**

A ceremony to honour soldiers of Tatmadaw (Army, Navy and Air), children of in-service military personnel/war veterans, civilian substitutes, who passed the matriculation examination for 2024-2025 academic year with high marks, and outstanding students, students who won prizes in national level article, essay, panting, cartoon and mathematics competitions was held at Zeyathiri Villa here this afternoon. On behalf of Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing, Vice Chairman of State Security and Peace Commission Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win delivered an address and presented honourary awards.

Also present were wife of the Senior General Daw Kyu KyuHla, wife of the Vice-Senior General Daw Than Than Nwe, Commission member Prime Minister U Nyo Saw and wife, Commission member Executive Chief U Aung Lin Dway and wife, Commission Secretary Joint Executive Chief General Ye Win Oo and wife, Commission member union ministers and wives, union level dignitaries and wives, the Commander-in-Chief (Navy) and wife, the Commander-in-Chief (Air) and wife, senior military officers from Office of Commander-in-Chief and wives, the chairman and members of the executive committee of Myanmar War veterans Organization (Central), the Nay Pyi Taw Command commander, administrators and heads of Tatmadaw basic education high schools and Tatmadaw education schools, prize-winner soldiers and students, parents, teachers and honoured guests.

On behalf of the Senior General, the Vice-Senior General delivered an address. He said since the academic year 2011-2012, children of the families of Tatmadaw members and war veterans, and soldiers, who passed the matriculation examination with high marks, have been honoured annually after the examination results were announced. This is the 14th one of such occasions.

Of the outstanding soldiers and children of in-service military personnel/war veterans, civilian substitutes, who passed the matriculation examination for 2024-2025 academic year with high marks, 20 six-distinction winners, 46 five-distinction winners, 88 four-distinction winners, one one-distinction winner soldier, three best pass-rate winner Tatmadaw BEHSs, and three best pass-rate winner Tatmadaw education schools will be honoured with pleasure. In addition, 43 outstanding student award winners, two who won prizes in national level article, essay, painting, cartoon competitions, one who won Mathematical Proficiency Award will also be honoured. At the military command-wise award-presentation ceremonies,

*See Page 13*



Vice-Senior General Soe Win awards a prize-winning student.



Daw Kyu Kyu Hla awards a prize-winning student.



Daw Than Than Nwe awards a prize-winning student.



Vice-Senior General Soe Win serves food and drink to prize-winning personnel, outstanding students, distinction winners, parents and teachers.

*From Page 12*

248 three-distinction winners, 238 two-distinction winners, 397 one-distinction winners and 78 university scholarship award winners will be honoured.

Every student who won outstanding student award for their dutifulness in the educational activities at school will be awarded with 0.75 tical of gold; every student who got three distinctions and above will be awarded with 0.25 tical for each distinction, soldiers who got one distinction and above, with 0.25 tical for each distinction. As for those who won national level article, essay, painting, cartoon and mathematics competitions, every first-prize winner will be awarded 0.75 tical of gold, second-prize winner, 0.50 tical of gold and third-prize winner, 0.25 tical of gold. The ceremony to honour the persons who deserve it was held in accord with the Mingala sutta (the way to auspiciousness). All the teachers and military school administrators and responsible persons are also honoured for the contribution. Officials of the schools with high-pass rates will also be honoured at the ceremony.

After completing the basic-level education, students will have to pursue advanced studies at the relevant universities soon. Education is the source of human resources. They will be able to reach their desired goal only if they are well-educated. They must preserve their good habits and morale and try to become human resources of the State.

Sayings, “An educated person is respected everywhere,” “Education is like the true wealth that cannot be stolen” and “Learn at young age” are lessons for the youths to pursue education. As the slogan, “Morale, principles, knowledge”, students must have the determination and discipline in pursuing education. The Ministry of Education is realizing the national education sector, one of the pillars for constant development of the nation. The Tatmadaw is also conducting class-wise learning programs at military schools for the improvement of the life of the soldiers who joined the Tatmadaw before the completion of their studies. The State is providing educational support for bringing about good soldiers, who have physical and intellectual abilities, and paying attention to the education sector in accord with the slogan, “Let us ensure the education sector for the development of the Nation”.

The country needs fit and healthy citizens and a large number of highly educated youths. Education is wisdom that can differentiate between right and wrong and understand the causes and effects and provide critical thinking skills.

The Vice-Senior General stated that education is not only important for an individual but also plays a key role in building a human society and in national development. In building a democratic nation, it is necessary to have a high level of educational attainment to implement democratic principles, as well as the knowledge, broad understanding, and ideas that align with a democratic system. He noted that the moral and civics subjects taught in basic education schools are the very foundations of good democratic practices. He therefore stressed that for youths to be complete with not only skills but also knowledge and a broad understanding is extremely important for the nation.

He stated that although the major Mandalay earthquake on March 28 of this year created challenges in the education sector and other socio-economic areas, everyone was able to recover from the worst situations in a short time due to the concerted efforts of parents, teachers, students, the government, and the public. He highlighted that the timely cooperation of everyone to prevent delays in the education sector was an unforgettable milestone. He solemnly expressed his recognition to all those responsible for education, including the students who worked hard with unyielding perseverance and the teachers who taught crash courses and took responsibility at various training camps.

He also stated that the students' outstanding success in the matriculation exam was not easy to achieve and that they will now continue to pursue higher education in their chosen fields. He emphasized that all subjects, whether science or arts, are valuable and useful for nation-building. As the world changes with new technologies, he stressed the need for students to strive to keep pace and, in doing so, remain constantly updated on the media landscape. He also urged them to use awareness and wisdom to critically analyze and evaluate fake news and misinformation that can deceive individuals and entire societies, while also ensuring their own traditional culture and customs are not lost in the changing trends.

To be able to reason and reflect in this way, it is beneficial not only to heed the advice of parents and teachers but also to read good literature. Alongside schoolwork, students should seek life improvement by reading literature that enriches their knowledge and appreciation, striving for progress. One only becomes a true human being by performing actions that benefit one's own family, country, and bring happiness to the human world when the time comes in life. Furthermore, living and conducting oneself as a good citizen for one's nation also dignifies one as a valuable human being. While it is good for youth to be inquisitive and investigative, refraining from exploring bad behaviours will protect oneself, one's family, and the state from loss and harm. Because discipline leads to progress, I would like to urge and advise everyone to maintain the good habits and discipline they have already cultivated throughout their lives and strive to be good citizens.

It must be said that responsible teachers have already taught and instilled, from school age, an understanding of our country's good history, traditional culture, fervent national spirit, patriotism, and customs. Every single subject carries deep meanings. It is necessary to have an analytical understanding of the subjects we have learned and to be able to provide correct guidance to the new generations we will meet in the future.

Moreover, as students, in line with the saying "The Tatmadaw is the only Mother, the Tatmadaw is the only Father," you are like the children of both serving servicemen and veterans who have dutifully completed their service and retired. The honoured servicemen are also currently serving Tatmadaw members. Having lived and grown up under the auspices of the Tatmadaw and sought knowledge, you have now become outstanding students and servicemen. Therefore, I also urge you not to forget the grace and dignity of the great Tatmadaw throughout your future life's journey, and to be faithful, responsible, and dutiful in any role you are given, reciprocating the gratitude.



Prime Minister U Nyo Saw presents honorary prize to a Tatmadaw education school headmaster.

It must be known that a multi-party democracy general election will be held in our country in the near future. The State is also providing election-related information in a timely manner. The election is an important first step towards reaching the democratic nation that the people aspire to. Only through elections will the various Hluttaws and people's representatives, who can express, present, discuss, and demand the people's desires, emerge, and the government organizations will also be formed. Only by holding a dignified, free, and fair multi-party democracy election can a dignified Hluttaw, dignified people's representatives chosen by the majority, and a democratic government emerge. It is crucial for all our people and all organizations to understand that this government will then be able to successfully march towards our desired democratic goal.

For the upcoming election, preparations have been made as much as possible to enable all eligible voters, except those who are legally not allowed to vote, to cast their votes freely, to ensure a free and fair election, to have a clean election free from fraud and a dignified election, and to have dignified Hluttaw representatives.

Student youths who will come of age must also understand the conditions and essential values of the election. They need to vote, like other parent citizens, so as not to lose the right they have obtained. This is a valuable right for a citizen.

While the government and parent citizens are striving positively regarding the election, there are also groups and individuals who are trying to destroy the election. These are disruptive and destructive acts from those who do not wish for our country's development. I want to urge that while working for the success of the election, all the people must join together to guard against and protect from all actions of the saboteurs.

Students need to be full of the sustenance called knowledge so that they can solve difficulties with correct understanding when faced with challenges. No matter what age one reaches, knowledge can never be exhausted through acquisition, so one must study continuously. As the saying goes, "Arogyan paraman laban,

*See Page 14*

# Outrage grows after TNLA destroys historic Gokteik Viaduct

**Nay Pyi Taw August 26**

The entire nation has strongly condemned and rejected the act of TNLA terrorists who deliberately blew up the world-famous Gokteik Viaduct with mines, with numerous organizations issuing statements on 25 August to denounce this act. This 125-year-old rail-cum-bridge, Myanmar's highest and the second highest in the world as well as the largest railway trestle bridge globally, is located on the Mandalay-Lashio railway line and connects Nawnghkio and Kyaukme in northern Shan State, making its destruction completely unacceptable.

The Myanmar-India International Business Federation, the Myanmar-India Friendship and Development Association, and the Myanmar Peace and Poverty Reduction Organization issued statements yesterday, strongly condemning the actions of TNLA terrorists. In their statements, the organizations emphasized that, together with peace-loving Myanmar citizens, they strongly denounce and categorically reject the reckless and unlawful act of TNLA terrorist insurgents who destroyed the famous viaduct, a key trading route rather than a military target.

On the morning of 24 August, TNLA terrorists detonated mines on the Gokteik Viaduct, Myanmar's highest and the world's second-highest railway bridge, damaging a 60-foot section between Pier P-16 and the approach structure AB-2 on the Kyaukme side. Both the bridge deck in that section and the approach structure AB-2 were destroyed.

100

## Statement of Myanmar Peace and Poverty Reduction Organization

**26 August 2025**

On the morning of 24 August, the world-famous 125-year-old Gokteik Viaduct in Myanmar was brutally destroyed with explosives by the TNLA terrorist group.

We, the Myanmar Peace and Poverty Reduction Organization, together with peace-loving Myanmar citizens, strongly denounce and categorically reject the reckless and unlawful act of TNLA terrorists who destroyed the famous viaduct, a key trading route and not a military target.

**Myanmar Peace and Poverty Reduction Organization**

## Statement of Myanmar-India International Business Federation

**26 August 2025**

On the morning of 24 August, TNLA terrorists planted explosives and destroyed the Gokteik Viaduct on the Mandalay-Lashio railway in Shan State (North), a well-known landmark often visited by both domestic and international tourists.

We, the Myanmar-India International Business Federation, strongly denounce and categorically reject the reckless and unlawful act of TNLA terrorists who destroyed the world-famous 125-year-old Gokteik Viaduct, Myanmar's highest and the world's second-highest railway bridge.

**Myanmar-India International Business Federation**

## Statement of Myanmar-India Friendship and Development Association

**26 August 2025**

1. We have learnt with deep regret that on 24 August, armed TNLA terrorists planted explosives and destroyed the 125-year-old Gokteik Viaduct located on the Mandalay-Lashio railway, which links Nawnghkio and Kyaukme.
2. We, the Myanmar-India Friendship and Development Association, strongly denounce and categorically reject the violent act committed by TNLA terrorists in destroying the Gokteik Viaduct, which is regarded as a historic landmark of Myanmar.

**Myanmar-India Friendship and Development Association**

*From Page 13*

it is also necessary to take care of one's health from posture, travel, and food. I urge you to continue maintaining the good habits and good character you already have, and to continue striving to become a new generation that can truly contribute to the country with genuine labour at some point in the future.

Following this, Adjutant General Lt-Gen Phone Myat explained the achievements of servicemen who passed the 2024-2025 academic year University Entrance Examination with high marks; children of Tatmadaw family members; children of veteran family members; children of civilian staff replacing servicemen; student laureates; those who won (First, Second, Third) prizes in state-level essay, composition, painting, and cartoon competitions; the Mathematics Proficiency Award (Third Prize) winner; and the award-winning situations of the Tatmadaw Education Schools and Tatmadaw Basic Education Schools with the best pass rates (First, Second, Third).

Subsequently, the award ceremony continued. Daw Kyu Kyu Hla, the wife of Chairman of the State Security and Peace Commission of the Republic of the Union of Myanmar Commander-in-Chief of Defence Services Senior General Min Aung Hlaing, presented honorary badges, honorary awards, and honorary certificates to 3 student laureates, 1 winner from the state-level essay and composition competition, and 3 students who passed with distinction in 6 subjects.

Then, the Vice-Senior General presented honorary medals, honorary prizes and certificates of honour to officers-in-charge of Tatmadaw Basic Education High Schools under the supervision of the Directorate of Public Relations and Psychological Warfare, which won the first, second and third highest pass rates in the matriculation examination in 2024-2025 academic year, two outstanding students, one student who won a prize in the central level mathematics skill competition and a student who won six distinctions.

Afterward, Daw Than Than Nwe, the wife of the Vice-Senior General, presented prizes to honorary medals, honorary prizes and certificates to three outstanding students, one student who won a prize in the national level article and essay writing contest and three students who won six distinctions.

Then, Member of the commission Prime Minister U Nyo Saw presented honorary medals, honorary prizes and certificates of honour to headmasters of Tatmadaw Education Schools under the supervision of the Directorate of Public Relations and Psychological Warfare, which won first, second and third highest pass rates in the matriculation examination in 2024-2025 academic year, three outstanding students and one six-distinction winner.

Afterward, the wife of the prime minister presented honorary medals, honorary prizes and certificates of honour to four outstanding students and three six-distinction winners.

Then, Member of the commission Executive Chief U Aung Lin Dway and his wife, Secretary of the commission Joint Executive Chief General Ye Win Oo and his wife, members of the commission and their wives, union ministers and their wives, union-level officials and their wives, the Commander-in-Chief (Navy) and his wife, the Commander-in-Chief (Air) and his wife, the central executive chairman of the Myanmar War Veterans Organization, the adjutant-general and the quartermaster-general presented honorary medals, honorary prizes and certificates of honour to outstanding students and students and personnel who won distinctions in the matriculation.

After the prize presentation, a school girl spoke words of thanks on behalf of the students and personnel who won distinction. Then, Daw Kyu Kyu Hla, the wife of the Chairman of the State Security and Peace Commission of the Republic of the Union of Myanmar Commander-in-Chief of Defence Services, the Vice-Senior General and party posed for documentary photographs together with outstanding students, distinction-winning students and personnel and officials.

Then, the Vice-Senior General and party served food and drink to prize-winning personnel, outstanding students, distinction winners, parents and teachers. While they were enjoying the food and drink, singers and musicians from the Myawady Band under the Directorate of Public Relations and Psychological Warfare of the Office of the Commander-in-Chief (Army) entertained them with songs honouring youths.

After the entertainment program, the Vice-Senior General and party cordially greeted outstanding students, distinction-winning students and personnel, officials and parents.

100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်နိုင်ငံက FK-3000 တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်သစ်ကို စတင်တပ်ဖြန့်အသုံးပြုလာ




တရုတ်နိုင်ငံသည် ခေတ်သစ်စစ်မြေပြင်တွင် ကျယ်ပြန့်စွာအသုံးပြုလာခဲ့ကြသော တန်ဖိုးနည်း၊ တစ်ခါသုံးဒရုန်းများ၏ ခြိမ်းခြောက်မှုကိုတန်ပြန်ရန် ရည်ရွယ်ထုတ်လုပ်ထားသည့် FK-3000 တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်သစ်ကို စတင်တပ်ဖြန့်အသုံးပြုလာကြောင်း Defence Blog သတင်းဌာနက ဩဂုတ် ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ FK-3000 တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်သစ်ကို လတ်တလောကျင်းပမည့် စစ်ရေးပြအခမ်းအနားအတွက် လေ့ကျင့်မှုများအတွင်း တိုက်ပွဲဝင်ဖြန့်ကြက်မှုကို တွေ့မြင်ခဲ့ရခြင်းလည်းဖြစ်သည်။ တရုတ်နိုင်ငံပိုင် သတင်းဌာနများ၏ ရေးသားဖော်ပြချက်များအရ တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်သည် ပဋိပက္ခများတွင် ကျယ်ပြန့်စွာအသုံးများလာသော အီရန်နိုင်ငံထုတ် Shahed ကာမီကာဇီတိုက်ခိုက်ရေးဒရုန်းများကဲ့သို့ အနိမ့်ပျံသန်းတိုက်ခိုက်လာနိုင်သည့်ဒရုန်းများကို တန်ပြန်ချေမှုန်းရန် အထူးအာရုံစိုက်တီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။

သံချပ်ကာ ဘီးတပ်ယာဉ်ပေါ်တွင် တပ်ဆင်ထားသော FK-3000 တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်သည် ၃၀ မီလီမီတာ လေယာဉ်ပစ်အမြောက်၊ မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များနှင့် ပစ်ခတ်မှုထိန်းကျောင်းရေးစနစ်တို့ ပါဝင်ဖွဲ့စည်းထားပြီး ရာသီဥတုမရွေးတိုက်ပွဲဝင်ဖြန့်ကြက်နိုင်မည်ဖြစ်သည်။ ဒုံးကျည် ၁၂ စင်းတပ်ဆင်ပစ်လွှတ်နိုင်သည့် ဒုံးပစ်လောင်ချာနှစ်ခုတပ်ဆင်ထားပြီး ပစ်မှတ်များစွာကို တစ်ချိန်တည်းတစ်ပြိုင်တည်း ချေမှုန်းနိုင်စွမ်းရှိမည်ဖြစ်သည်။

FK-3000 စနစ်သည် အမြင့် မီတာ ၃၀၀ မှ မီတာ ၁၂၀၀၀ အတွင်း ဝေဟင်ပစ်မှတ်များကို ချေမှုန်းနိုင်စွမ်းရှိပြီး ၎င်း၏ ဖြုတ်လွယ်တပ်လွယ်(modular)ဒီဇိုင်းကြောင့် ဒရုန်းတိုက်ဖျက်ရေးအတွက် အထူးသင့်လျော်သည့်အသေးစားဒုံးကျည်များအပါအဝင် မတူကွဲပြားသောဒုံးကျည်အမျိုးအစားများကိုလည်း တပ်ဆင်အသုံးပြုနိုင်ကြောင်း တီထွင်ထုတ်လုပ်သူများ၏ ပြောကြားချက်အရ သိရသည်။

FK-3000 ကို အရေးကြီးအဆောက်အအုံများနှင့် ရှေ့တန်းကျကျ တပ်စွဲထားရာနေရာများကို ဒရုန်းရန် မှ ကာကွယ်ပေးရန်ရည်ရွယ်ပြီး အသုံးပြုထားသည့်ခဲယမ်းများကိုလည်း ဒရုန်းတိုက်ဖျက်ရေးအတွက် အထူးပြုလုပ်ထားခြင်းဖြစ်သည်။

အော်တိုမက်တစ် လေယာဉ်ပစ်အမြောက်နှင့်ဒုံးကျည်များ ဒွန်တွဲပေါင်းစပ်ထားခြင်းကြောင့် FK-3000 တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်သည် အသေးစားဒရုန်းတစ်မျိုးဖြစ်သည့် Quadcopter များမှသည် ပိုမိုကြီးမားသည့် တောင်ပံတပ်ဒရုန်းများထိ မတူညီသောခြိမ်းခြောက်မှုများကို အဆင့်ဆင့်တိုက်ဖျက်နိုင်စွမ်းရှိမည်ဖြစ်သည်။ စနစ်၏တည်ဆောက်ပုံသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များနှင့် မဟာဗျူဟာမြောက် အဆောက်အအုံများအတွက် ပြောင်းလွယ်ပြင်လွယ်ရှိပြီး ဘက်စုံကာကွယ်နိုင်သည့် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ဦးစားပေးထုတ်လုပ်လျက်ရှိသည်။

အုပ်စုလိုက် ဒရုန်းတိုက်ခိုက်မှုများသည် သမားရိုးကျ လေကြောင်းရန်ကာကွယ်ရေးစနစ်များအတွက် ထူးခြားသည့်ပြဿနာတစ်ရပ်ဖြစ်သည်။ လေယာဉ်များ သို့မဟုတ် ခရုဇ်ဒုံးကျည်များအတွက် ဒီဇိုင်းထုတ်ထားသော သမားရိုးကျစနစ်များသည် တစ်ချိန်တည်းပျံသန်းဝင်ရောက်လာသည့် သေးငယ်ပြီး ဈေးနှုန်းချိုသာသောဒရုန်းများစွာကို ချေမှုန်းရန် လုပ်ဆောင်ရလေ့ရှိသည်။ FK-3000 စနစ်သည် ထိုကွာဟချက်ကို ပေါင်းကူးပေးပြီး အစုလိုက်အပြုံလိုက် ချေမှုန်းမှုများအတွက် အထူးပြုလက်နက်တစ်ခုအဖြစ် ရည်ရွယ်သည်ဟု တရုတ်အရာရှိများက ထုတ်ဖော်ပြောကြားခဲ့သည်။

FK-3000 ၏ ပြောင်းလွယ်ပြင်လွယ် တည်ဆောက်ပုံသည် အနာဂတ်ခြိမ်းခြောက်မှုများအတွက် လိုက်လျောညီထွေမှုရှိကြောင်း၊ ဒုံးကျည်အမျိုးအစားသစ်များ ပြောင်းလဲတပ်ဆင်နိုင်မှုနှင့် အဆင့်မြင့်အာရုံခံကိရိယာများ၊ ကွန်ရက်ချိတ်ဆက်ထားသည့် ထိန်းချုပ်ရေးစနစ်များကို ပေါင်းစပ်နိုင်ကြောင်း ကုမ္ပဏီမှ အင်ဂျင်နီယာများက အလေးပေးပြောကြားခဲ့သည်။

ပြောင်းလွယ်ပြင်လွယ်ရှိစွာ ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြင့် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(PLA)သည် ပြောင်းလဲလာသော ဝေဟင်ခြိမ်းခြောက်မှုများကို ရေရှည်တုံ့ပြန်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ FK-3000 တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေး စနစ်သစ်ကို စတင်တပ်ဖြန့်အသုံးပြုနိုင်ခဲ့မှုသည် ခေတ်သစ်စစ်ပွဲတွင် အဓိကစိန်ခေါ်မှုတစ်ခုဖြစ်သည့် ဈေးနှုန်းချိုသာသောဒရုန်းများကို အစုလိုက်အပြုံလိုက် အသုံးပြုတိုက်ခိုက်လာနိုင်ခြင်းအပေါ် တန်ပြန်ချေမှုန်းရန် တရုတ်နိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုကို ဖော်ညွှန်းပြနေခြင်းပင် ဖြစ်ကြောင်း သိရသည်။

**China fields new FK-3000 anti-drone system** ကို ဘာသာပြန်ဆိုထားပါသည်။

## အိန္ဒိယနိုင်ငံက ပေါင်းစည်းလေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သစ်(IADWS)ကို စမ်းသပ်မှုများပြုလုပ်နိုင်ခဲ့

အိန္ဒိယနိုင်ငံသည် ပေါင်းစည်းလေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သစ် Integrated Air Defence Weapon System(IADWS)ကို ပထမဆုံးအကြိမ် စမ်းသပ်မှုများ ပြုလုပ်နိုင်ခဲ့ကြောင်း ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့(DRDO) က ဩဂုတ် ၂၅ ရက်တွင် ကြေညာခဲ့သည်ဟု Defence Blog သတင်းဌာနက ဩဂုတ် ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စမ်းသပ်မှုကို ဩဂုတ် ၂၃ ရက်တွင် Odisha ကမ်းလွန်ပင်လယ်ပြင်၌ ပြုလုပ်ခဲ့ပြီး အဆိုပါစနစ်သစ်အနေဖြင့် ပစ်မှတ်များစွာကို တစ်ပြိုင်နက်တည်း တိုက်ခိုက်နိုင်ခဲ့ကြောင်း သိရသည်။

စမ်းသပ်ပြသမှုအတွင်း မတူညီသော ပစ်မှတ်သုံးခုဖြစ်သည့် မြန်နှုန်းမြင့် fixed-wing ဒရုန်းနှစ်စင်းနှင့် multi-copter ဒရုန်းတစ်စင်းတို့ပါဝင်ခဲ့သည်။ လက်နက်စနစ်၏ ဒုံးကျည်များနှင့် လေဆာစနစ်တို့က အဆိုပါဒရုန်းပစ်မှတ်များကို မတူညီသောအကွာအဝေးနှင့် အမြင့်ပေများတွင် တိုက်ခိုက်ဖျက်ဆီးပြနိုင်ခဲ့သည်။ ရေဒါများ၊ ဆက်သွယ်ရေးနှင့် ထောက်လှမ်းရေးစနစ်များအပါအဝင် အစိတ်အပိုင်းအားလုံးသည် ချွတ်ယွင်းမှုမရှိဘဲ လုပ်ဆောင်နိုင်ခဲ့ကြောင်း အိန္ဒိယနိုင်ငံပိုင်သတင်းဌာနများက ရေးသားအစီအရင်ခံတင်ပြခဲ့ကြသည်။ DRDO မှ အကြီးတန်းသိပ္ပံပညာရှင်များနှင့် အိန္ဒိယတပ်မတော်မှ ကိုယ်စားလှယ်များလည်း စမ်းသပ်သရုပ်ပြသပွဲသို့ တက်ရောက်ခဲ့ကြသည်။ ဤစမ်းသပ်ပြသမှုသည် ဒရုန်းများနှင့် ခရုဇ်ဒုံးကျည်များအပါအဝင် ပြောင်းလဲတိုးတက်လာသော လေကြောင်းခြိမ်းခြောက်မှုများကို ကာကွယ်ရန်အတွက် အိန္ဒိယ၏ အလွှာလိုက်ကာကွယ်ရေးစနစ်များအဖြစ် အဆင့်မြှင့်တင်ကြိုးပမ်းအားထုတ်လာမှုကို မီးမောင်းထိုးပြနေသည်။

"ဤစမ်းသပ်မှုသည် နိုင်ငံ၏ အလွှာလိုက်လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို ပိုင်ဆိုင်နိုင်စေမည်ဖြစ်ကာ ရန်သူ့လေကြောင်းခြိမ်းခြောက်မှုများမှ အရေးကြီးသော အဆောက်အအုံများအတွက် ဧရိယာအလိုက်ကာကွယ်ရေးကို ခိုင်မာအားကောင်းစေမှာ ဖြစ်ပါတယ်"ဟု ကာကွယ်ရေးဝန်ကြီး Rajnath Singh က ကြေညာချက်ထုတ်ပြန်၍ ချီးကျူးခဲ့သည်။

ဒုံးကျည်ကာကွယ်ရေးစနစ်များနှင့်အတူ တိုက်ရိုက်စွမ်းအင်သုံးလေဆာစနစ်ကိုထည့်သွင်းထားခြင်းသည် ကမ္ဘာတစ်ဝန်းရှိ ပဋိပက္ခများတွင်တွင်ကျယ်စွာအသုံးပြုနေသော တန်ဖိုးနည်းဒရုန်းများ၏ ကြီးထွားလာသောစိန်ခေါ်မှုကိုလိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်လိုသည့် ကြိုးပမ်းအားထုတ်မှုကို ဖော်ပြနေသည်။

အဆိုပါလက်နက်စနစ်များကို IADWS စနစ်တစ်ခုတည်းတွင် ပေါင်းစပ်အသုံးပြုထားခြင်းဖြင့် IADWS ပေါင်းစည်းလေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သည် ဝေဟင်ခြိမ်းခြောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့်ကာကွယ်မှုပေးနိုင်ရန် ရည်ရွယ်ထားသည်။ ဗဟိုကြီးကြပ်ကွပ်ကဲထိန်းချုပ်မှုဖြင့် ဒုံးကျည် သို့မဟုတ် တိုက်ရိုက်စွမ်းအင်သုံးစနစ်ကို အသုံးပြုနိုင်ရန် တုံ့ပြန်မှုများကို ပေါင်းစပ်ညှိနှိုင်း၍ တိုက်ပွဲဝင် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။



**India tests multi-layered air defense system** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ရေ၊လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းနှင့် သချိၤာစွမ်းရည်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက် ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်အခြေခံ ပညာ အထက်တန်းကျောင်းများနှင့် တပ်မတော်ပညာရေးကျောင်းများမှ အုပ်ချုပ်မှုတာဝန်ခံအရာရှိများနှင့် ကျောင်းအုပ်ကြီးများ၊ ဆုရစစ်သည်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများ၊ ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် တက္ကသိုလ်ဝင်တန်းအောင်စာရင်းများ ကြေညာပြီးချိန်တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် တပ်မတော်သားမိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများ၊ စစ်သည်များနှင့် ဘက်စုံထူးချွန်လူငယ်များကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်ကစ၍ နှစ်စဉ်ဂုဏ်ပြုခြင်းများ ဆောင်ရွက်ပေးခဲ့ရာ ယခုအခမ်းအနားအပါအဝင် ၁၄ ကြိမ်ရှိပြီ ဖြစ်ကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်အကောင်းဆုံး ဒုတိယဆုရရှိသည့်ကျောင်းမှ ကျောင်းအုပ်ချုပ်မှု တာဝန်ခံအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်အကောင်းဆုံး တတိယဆုရရှိသည့်ကျောင်းမှ ကျောင်းအုပ်ချုပ်မှု တာဝန်ခံအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ စစ်သည်များ၊ တာဝန်ရှိသူများနှင့် မိဘအုပ်ထိန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

## ပညာပြည့်ဝမှသာ မိမိတို့ဆန္ဒရှိသည့် ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိနိုင်မည်ဖြစ်ခြင်းကြောင့် ရှိထားပြီးသားအလေ့အကျင့်ကောင်းနှင့် ခံယူချက်ကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရန် ဆက်လက်ကြိုးစားသွားကြရမည်ဖြစ် . . .

ယနေ့အခမ်းအနားတွင်လည်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း၊ စစ်သည်အစားခန့် အရပ်သားအမှုထမ်းများ၏ သားသမီးများထဲက ခြောက်ဘာသာဂုဏ်ထူးရှင် ဦးရေ ၂၀၊ ငါးဘာသာဂုဏ်ထူးရှင် ၄၆ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၈၈ ဦး၊ တစ်ဘာသာဂုဏ်ထူးရစစ်သည် တစ်ဦး၊ အောင်ချက်အကောင်းဆုံးတပ်မတော်အခြေခံပညာ အထက်တန်းကျောင်း သုံးကျောင်းနှင့် အောင်ချက်အကောင်းဆုံး တပ်မတော်ပညာရေးကျောင်း သုံးကျောင်းတို့ကို ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင်လူရည်ချွန်ဆုရရှိသူ ၄၃ ဦး၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းဆုရရှိသူ နှစ်ဦး၊ သင်္ချာစွမ်းရည်ဆုရရှိသူ တစ်ဦးတို့ကိုလည်း ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းစစ်ဌာနချုပ်အလိုက်ပြုလုပ်သည့် ဆုချီးမြှင့်ခြင်းအခမ်း



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူ မသင်းသဒ္ဒါဆွေအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ လူရည်ချွန်ဆုရရှိသူ မမေပြည့်စုံကျော်သူအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မမိုးပြည့်ပြည့်သိန်းအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် လူရည်ချွန်ဆုရရှိသူ မဆုလင်းထက်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

အနားများတွင် သုံးဘာသာဂုဏ်ထူးရှင် ၂၄၈ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၃၈ ဦး၊တစ်ဘာသာဂုဏ်ထူးရှင် ၃၉၇ ဦးနှင့် တက္ကသိုလ်ပညာသင်ဆုရရှိသူ ၇၈ ဦးတို့ကိုလည်း ဆုချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း။

ကျောင်းနေစဉ်ကာလတွင် မိမိတို့ ကျေပွန်အောင်ထမ်းဆောင်ရမည့် ပညာရေးတာဝန်ကို ထူးချွန်စွာ ကျေပွန်အောင်ကြိုးစားခဲ့သည့်အတွက် လူရည်ချွန်ဆု ရရှိသူများအတွက် တစ်ဦးလျှင် ရွှေ သုံးမတ်သား၊ တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးသုံးဘာသာနှင့်အထက် ရရှိသူများကို တစ်ဘာသာလျှင် ရွှေတစ်မတ်သား၊ ဂုဏ်ထူး တစ်ဘာသာနှင့်အထက်ရရှိသည့်စစ်သည်များကိုတစ်ဘာသာလျှင် ရွှေတစ်မတ်သား၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းဆုရရှိသူများကို ပထမဆု ရွှေသုံးမတ်သား၊ ဒုတိယဆု ရွှေငါးမူးသား၊ တတိယဆု ရွှေတစ်မတ်သားနှုန်းစီနှင့် ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းသည် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းဆိုသည့် မင်္ဂလာတရားတော်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ထူးချွန်စွာ အောင်မြင်အောင်သင်ကြားပြသပေးခဲ့ကြသည့် ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများအားလုံးနှင့် တပ်မတော်ပညာရေး တာဝန်ခံ တာဝန်ရှိသူများအားလုံးကိုလည်း အသိအမှတ်ပြုဂုဏ်ယူပါကြောင်းနှင့် အောင်ချက်များကောင်းမွန်အောင်စွမ်းဆောင်ခဲ့ကြသည့် သက်ဆိုင်ရာ ကျောင်းအသီးသီးက တာဝန်ရှိသူများကိုလည်း ယနေ့အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအဆင့်ကို တတ်မြောက်အောင်မြင်ပြီးသည့်နောက် မကြာမီတွင် တက္ကသိုလ်အသီးသီးကို ဆက်လက်တက်ရောက်ကာ အဆင့်မြင့်ပညာရပ်များ ဆည်းပူးကြရဦးမည်ဖြစ်ကြောင်း၊ ပညာဆည်းပူးခြင်းသည် လူ့စွမ်းအားအရင်းအမြစ်ကို ရှာဖွေနေခြင်းပင်ဖြစ်ကြောင်း၊ ပညာပြည့်ဝမှသာ မိမိတို့ဆန္ဒရှိသည့် ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိနိုင်မည်ဖြစ်ခြင်းကြောင့် ရှိထားပြီးသား အလေ့အကျင့်ကောင်းနှင့် ခံယူချက်ကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရန် ဆက်လက် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း။ **“ပညာရဲရင့် ပွဲလယ်တင့်”**၊ **“ပညာရွှေအိုးလူမခိုး”**ဆိုသည့် အဆုံးအမများသည် ပညာ၏တန်ဖိုးများပင်ဖြစ်ပြီး **“ငယ်စဉ်အခါပညာရှာ”** ဆိုသည့်စကားသည် နုပျိုငယ်ရွယ်စဉ်တွင် ပညာရှာဖွေရန်တိုက်တွန်းထားခြင်းပင်ဖြစ်ကြောင်း၊ **“စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ”** ဆိုသည့်ဆောင်ပုဒ်အတိုင်း ပညာရှာဖွေသည့်အခါတွင် အခြေခံစိတ်ဓာတ်ကောင်းမွန်မှုနှင့်အတူ စည်းကမ်းလိုက်နာကြရန်လည်း အရေးကြီးကြောင်း၊ နိုင်ငံတော်စဉ်ဆက်မပြတ်တိုးတက်စေရန် အဓိကမဏ္ဍိုင်တစ်ခုဖြစ်သည့် **“အမျိုးသားပညာရေးကဏ္ဍ”**ကို ပညာရေးဝန်ကြီးဌာနက တာဝန်ယူပုံဖော်ပေးနေသကဲ့သို့ မိမိတို့တပ်မတော်အနေဖြင့်လည်း တပ်မတော်ထဲဝင်ရောက်လာအောင် ပညာရေးကို အားပေးလျက်ရှိသကဲ့သို့ ယနေ့အချိန်တွင်လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ရရှိရန်အတွက် **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”** ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍကို အလေးထားဆောင်ရွက်ပေးနေကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပါနိုင်ငံသူ၊ နိုင်ငံသားများ ကျန်းမာကြံ့ခိုင်ပြီး ပညာအရည်အသွေးပြည့်ဝသည့်လူငယ်များ၏အား အများကြီးလိုအပ်ကြောင်း၊ **“ပညာ”**ဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကိုသိရှိနားလည်ပြီး စဉ်းစားတွေးခေါ်ဝေဖန်ပိုင်းခြားနိုင်သည့် **“အသိဉာဏ်”**ပင်ဖြစ်ကြောင်း။

ပညာရေးသည် တစ်ဦးတစ်ယောက်အတွက်သာလျှင် အရေးပါခြင်းမဟုတ်ဘဲ လူ့ပတ်ဝန်းကျင် တည်ဆောက်ခြင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အပိုင်းတွင်လည်း အဓိကအခန်းကဏ္ဍက ပါဝင်နေကြောင်း၊ ဒီမိုကရေစီနိုင်ငံတစ်ခု တည်ဆောက်

အမှုထမ်းခဲ့ကြသည့် စစ်သည်များထဲမှ ပညာရေးတစ်ပိုင်းတစ်စနှင့် ဝင်ရောက်လာသူများရှိသည့်အတွက်ကြောင့် အဆိုပါစစ်သည်များ၏ဘဝ တိုးတက်မှုနှင့် တပ်မတော်စွမ်းရည် မြင့်မားစေရန် တပ်မတော်ပညာရေး သင်တန်းကျောင်းများတွင် အတန်းလိုက် သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်ဝသည့် စစ်သည်တော်ကောင်းများ ပေါ်ထွက်သည့်နေရာတွင် ဒီမိုကရေစီသဘောတရားများနှင့်အတူ လက်တွေ့အကောင်အထည်ဖော်သည့်အခါတွင် ပညာတတ်မြောက်မှု အရည်အသွေးမြင့်မားရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီစနစ်နှင့်ကိုက်ညီမည့် အသိဉာဏ်၊ ဗဟုသုတ၊ အတွေးအခေါ်များရှိကြရန် လိုကြောင်း၊ အခြေခံပညာသင်ကျောင်းများတွင် သင်ပေးလိုက်သည့် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်များသည် ဒီမိုကရေစီကျင့်စဉ်ကောင်းများ၏ အခြေခံများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များအတွက် အတတ်ပညာသာမက အသိပညာဗဟုသုတပြည့်ဝရေးသည် နိုင်ငံအတွက် အလွန်အရေးကြီးကြောင်း အသိပေးပြောကြားလိုကြောင်း။

ယခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပညာရေးကဏ္ဍအပါအဝင် အခြားလူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စိန်ခေါ်မှုများရှိခဲ့သော်လည်း မိဘ၊ ဆရာ၊ ကျောင်းသားနှင့် အစိုးရ၊ ပြည်သူအားလုံး လက်တွဲညီညီဆောင်ရွက်ခဲ့မှုများကြောင့် အချိန်တိုအတွင်းမှာပင် အဆိုးရွားဆုံးအခြေအနေများကနေ ပြန်လည်ရုန်းထွက်နိုင်ခဲ့ကြောင်း၊ အထူးသဖြင့် ပညာရေးကဏ္ဍတွင် နောက်ကျမှုမရှိရလေအောင် အချိန်နှင့်တစ်ပြေးညီ အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းသည် မမေ့နိုင်ဖွယ် မှတ်တမ်းတစ်ခုပင်ဖြစ်ကြောင်း၊ ငလျင်ဘေးဒဏ်ကို အရှုံးမပေးဘဲ မလျှော့သောဇွဲလုံ့လတို့နှင့် ကြိုးစားအားထုတ်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ ဘာသာရပ်ဆိုင်ရာ အနီးကပ်သင်တန်းများကို အားသွန်ခွန်စိုက်သင်ကြားပေးခဲ့ကြသည့် ဆရာ၊ ဆရာမများနှင့် သက်ဆိုင်ရာကျောင်းအသီးသီးက လေ့ကျင့်သင်ကြားရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည့် ဆရာ၊ ဆရာမများ စသည့်ပညာရေးတာဝန်ခံအားလုံးကို အသိအမှတ်ပြုပါကြောင်းကို လေးလေးနက်နက်ပြောကြားလိုကြောင်း။

တက္ကသိုလ်ဝင် စာမေးပွဲကြီးကို ထူးထူးချွန်ချွန်နှင့် ပြီးမြောက်အောင်မြင်အောင် ကြိုးစားနိုင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ထိုသို့အောင်မြင်မှုကိုရရှိရန် မလွယ်ကူသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ဆက်လက်ပြီး မိမိတို့ဝါသနာပါရာ တက်ရောက်ခွင့်ရှိသည့် တက္ကသိုလ်များတွင် အဆင့်မြင့်ပညာရပ်များကို သင်ယူကြရဦးမည်ဖြစ်ကြောင်း၊ သိပ္ပံဘာသာရပ်ဖြစ်စေ၊

**စာမျက်နှာ ၁၈ သို့**



အခမ်းအနားတက်ရောက်လာကြသူများ၊ ဆုရစစ်သည်များ၊ လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် ဆရာ၊ ဆရာမများကို စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံစဉ်။

စာမျက်နှာ ၁၇ မှအဆက်

ဝိဇ္ဇာဘာသာရပ်ဖြစ်စေ အားလုံးသည် အဖိုးတန် ပညာရပ်များပင်ဖြစ်သည်ကို သိရှိနားလည်ပြီး မည်သည့်ပညာရပ်မျိုးကို မဆို တိုင်းပြည်တည်ဆောက်ရေးအတွက် အသုံးဝင်လျက်ရှိသည်ကို အားလုံးသိထားကြရန်လိုကြောင်း၊ ယနေ့ကမ္ဘာကြီးသည် နည်းပညာဆန်းများကြောင့် အချိန်နှင့် အမျှပြောင်းလဲနေကြောင်း၊ ထိုသို့ ပြောင်းလဲမှုနှင့်အတူ မိမိတို့က လိုက်ပါနိုင်စွမ်းရှိအောင် ကြိုးစားနေရကြရန်နှင့် ထိုသို့ပြောင်းလဲမှုနှင့်အတူ ကြိုးစားသည့် အခါတွင် သတင်းမီဒီယာခေတ်နှင့်အညီ မျက်ခြည်မပြတ်လိုက်ပါနေရန် လိုအပ်သကဲ့သို့ ပြောင်းလဲနေသည့် ခေတ်ရေစီးကြောင်းနောက်တွင် မိမိတို့၏ကိုယ်ပိုင် ရိုးရာယဉ်ကျေးမှု၊ဓလေ့စရိုက်အစဉ်အလာကောင်းများ တိမ်မြုပ်မသွားအောင်လည်း ဆင်ခြင် ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ သတင်းတုသတင်းမှားများသည် လူတစ်ယောက်ချင်းစီမှသည် လူ့အဖွဲ့အစည်း တစ်ခုလုံးကို သိမ်းသွင်းဖြားယောင်းလျက် ရှိကြောင်း၊ ထိုအပေါ်တွင် မှန်ကန်သည့် သတိ၊ အသိ၊ ပညာတို့နှင့် ဆင်ခြင်သုံးသပ်နိုင်စွမ်းရှိကြရန်လိုကြောင်း။

ထိုသို့ဆင်ခြင်သုံးသပ်နိုင်ရန်အတွက် မိဘဆရာသမားတို့၏ အဆုံးအမများကို နာခံခြင်းအပြင် စာကောင်းပေမွန်များကို ဖတ်ရှုခြင်းကလည်း အကျိုးရှိသည့်လုပ်ရပ်တစ်ခုပင်ဖြစ်ကြောင်း၊ ကျောင်းစာများ အပြင် မိမိတို့အတွက်သုတ၊ရသပြည့်ဝစေမည့် စာပေများကိုဖတ်ရှုရင်း ဘဝတိုးတက်မှုကိုရှာဖွေကြရန်၊လူ့ဘဝရောက်လာသည့် အခိုက်တွင် ကိုယ့်မိသားစု၊ ကိုယ့်နိုင်ငံအကျိုးနှင့် လူ့လောကကိုသာယာစေမည့် လုပ်ဆောင်ချက်များကို လုပ်ဆောင်ခဲ့မှသာ လူပီသမည်ဖြစ်ကြောင်း၊ မိမိနိုင်ငံတော်အတွက် နိုင်ငံသားကောင်းတစ်ဦး ပီသအောင် နေထိုင်ကျင့်ကြံခြင်းသည်လည်း အဖိုးတန်လူသားကောင်းတစ်ဦးအဖြစ် ဂုဏ်ဝင့်ထည်စေမည်ဖြစ်ကြောင်း၊ လူငယ်များပီပီ လေ့လာစူးစမ်းမှုပြုခြင်းသည် ကောင်းသော်လည်း မကောင်းသည့် အပြုအမူများအပေါ် မစူးစမ်းခြင်းသည် မိမိအတွက်သာမက မိသားစုနှင့်နိုင်ငံတော်အတွက် ထိခိုက်ဆုံးရှုံးမှုများမှ ကာကွယ်တားဆီးပေးမည်ဖြစ်ကြောင်း၊ စည်းကမ်းရှိမှ တိုးတက်မည်ဖြစ်ခြင်းကြောင့် ယနေ့အချိန်ထိ ပိုင်ဆိုင်ထားပြီးသား အလေ့အကျင့်ကောင်းနှင့် စည်းကမ်းလိုက်နာမှုများကို ဘဝတစ်လျှောက်လုံး ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံ့သားကောင်းများဖြစ်အောင်ကြိုးစားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။ မိမိတို့နိုင်ငံ၏ ကောင်းမွန်သည့်သမိုင်းကြောင်းနှင့် ရိုးရာယဉ်ကျေးမှု၊ ဓာတိသွေးဓာတိမာန်ထက်သန်မှု၊ နိုင်ငံချစ်စိတ်၊ဓလေ့ထုံးစံများကို ကျောင်းနေစဉ်အရွယ်မှာကတည်းက သိနားလည်အောင်တာဝန်ရှိဆရာ၊ဆရာမများက သင်ကြားပျိုးထောင်ပေးခဲ့ပြီဖြစ်ကြောင်း၊ ဘာသာရပ်တစ်ခုစီတိုင်းတွင် လေးနက်သည့်အဓိပ္ပာယ်များ ဖော်ဆောင်နေလျက်ရှိကြောင်း၊ မိမိတို့သင်ယူခဲ့သည့် ပညာရပ်များအပေါ် ပိုင်းခြားစိတ်ဖြာနားလည်မှုရှိပြီး နောက်ထပ်တွေ့ဆုံရမည့် မျိုးဆက်သစ်များကိုပါ မှန်ကန်သည့် လမ်းညွှန်မှု ပြသပေးနိုင်ကြရန်လိုကြောင်း။

ထို့ပြင် ကျောင်းသား၊ကျောင်းသူများ အနေဖြင့် “တပ်မတော်သာအမိ၊ တပ်မတော်သာအဖ” ဆိုသည့်အတိုင်း တာဝန်ထမ်းဆောင်ဆဲ စစ်မှုထမ်းများ၊ တာဝန်ကျေပွန်စွာထမ်းဆောင်ပြီးနောက် အငြိမ်းစားယူခဲ့ကြသည့် စစ်မှုထမ်းဟောင်းများ၏ သားသမီးများဖြစ်ကြသကဲ့သို့ ဂုဏ်ပြုဆုချီးမြှင့်ခံရသည့် စစ်သည်များသည်လည်း စစ်မှုထမ်းဆဲတပ်မတော်သားများဖြစ်ကြသည့်အတွက် တပ်မတော်၏ ထီးအရိပ်အောက်တွင် နေထိုင်ကြီးပြင်းလျက် ပညာများရှာဖွေဆည်းပူးရာမှ ယခုကဲ့သို့ ထူးချွန်ကျောင်းသား၊ကျောင်းသူများ၊ စစ်သည်များဖြစ်လာခဲ့ကြခြင်းဖြစ်၍ မိမိတို့၏ရှေ့ဘဝခရီးလမ်းတစ်လျှောက် တပ်မတော်ကြီး၏ ဂုဏ်ကျေးဇူးများကို မမေ့မလျော့ကြဘဲ ကျရာအခန်းကဏ္ဍများတွင် သစ္စာရှိမှု၊ တာဝန်သိမှု၊တာဝန်ကျေပွန်မှုများနှင့် ကျေးဇူးတရားတုံ့ပြန်နိုင်ကြရန်လည်း တိုက်တွန်းလိုကြောင်း။

**မကြာမီကာလအတွင်း မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မည်ဖြစ်**ကြောင်း၊ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် သတင်း အချက်အလက်များကိုလည်း နိုင်ငံတော်ကနေ အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးနေကြောင်း၊ ပြည်သူများ မျှော်လင့်နေကြသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဆီရောက်ရှိရန်အတွက် ရွေးကောက်ပွဲသည်အရေးကြီးသည့် ပထမခြေလှမ်းတစ်ခုဖြစ်ကြောင်း၊**ရွေးကောက်ပွဲကမှသာ ပြည်သူ့ဆန္ဒများကို ထုတ်ဖော်တင်ပြဆွေးနွေးတောင်းဆိုနိုင်မည့် လွှတ်တော်အသီးသီးနှင့် ပြည်သူ့ကိုယ်စားလှယ်များ ပေါ်ပေါက်လာပြီး အစိုးရအဖွဲ့အစည်းသည်လည်း ဖြစ်ပေါ်လာမည်ဖြစ်**ကြောင်း၊ ဒီမိုကရေစီကျကျ သိက္ခာရှိသော၊ လွတ်လပ်သော၊တရားမျှတသည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပနိုင်မှလည်း သိက္ခာရှိသည့်လွှတ်တော်၊ သိက္ခာရှိသည့် ပြည်သူအများစုကရွေးချယ်ခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဒီမိုကရေစီအစိုးရပေါ်ထွက်လာမည်ဖြစ်ပြီး အဆိုပါအစိုးရကပင် မိမိတို့လိုရာခရီးဖြစ်သည့် ဒီမိုကရေစီပန်းတိုင်ဆီ အောင်အောင်မြင်မြင်လျှောက်လှမ်းနိုင်မှာ ဖြစ်ကြောင်းကို မိမိတို့ပြည်သူများအားလုံး၊ အဖွဲ့အစည်းများအားလုံးက သိရှိနားလည်ကြရန် အရေးကြီးကြောင်း။

**မကြာမီကာလအတွင်း မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မည်ဖြစ်၊ ရွေးကောက်ပွဲကမှသာ ပြည်သူ့ဆန္ဒများကို ထုတ်ဖော်တင်ပြဆွေးနွေးတောင်းဆိုနိုင်မည့် လွှတ်တော်အသီးသီးနှင့် ပြည်သူ့ကိုယ်စားလှယ်များပေါ်ပေါက်လာပြီး အစိုးရအဖွဲ့အစည်းသည်လည်း ဖြစ်ပေါ်လာမည်ဖြစ်. . .**

**ရှိထားပြီးသား အလေ့အကျင့်ကောင်းများ၊ စာရိတ္တကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး တစ်နေ့နေ့ တစ်ချိန်ချိန်တွင် တိုင်းပြည်အတွက် စစ်မှန်သည့်လုပ်အားများနှင့် အကျိုးပြုနိုင်သည့် မျိုးဆက်သစ်များဖြစ်အောင် ဆက်လက်ကြိုးစား . . .**




ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် တပ်မတော်ပညာရေးကျောင်းများတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်အကောင်းဆုံး ပထမဆုရရှိသည့် ကျောင်းမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

ယခုကျင်းပမည့် ရွေးကောက်ပွဲကြီးတွင် ဥပဒေနှင့်အညီ မဲပေးခွင့်မရှိသူများမှအပ ကျန်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရန်၊ လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲဖြစ်ရန်၊ မသမာမှုကင်းရှင်းပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့်သိက္ခာရှိသည့် လွှတ်တော်အမတ်များဖြစ်စေရန် တတ်နိုင်သမျှ ကြိုတင်စီမံဆောင်ရွက်နေပြီဖြစ်ကြောင်း။

အသက်အပိုင်းအခြား ပြည့်မီကြမည့် ကျောင်းသား၊ကျောင်းသူများသည်လည်း ရွေးကောက်ပွဲ၏ အခြေအနေများ၊အနှစ်သာရတန်ဖိုးများကို သိရှိနားလည်ပြီး အခြားသော မိဘပြည်သူများနှင့်တန်းတူ မဲပေးနိုင်အောင်၊ မိမိတို့ရရှိသည့်အခွင့်အရေးမဆုံးရှုံးရလေအောင် ဆန္ဒမဲပေးကြရန်လိုအပ်ကြောင်း၊ ၎င်းသည် နိုင်ငံသားတစ်ယောက်အတွက်ရရှိသည့် အဖိုးတန်အခွင့်အရေးပင်ဖြစ်ကြောင်း။

အစိုးရနှင့် မိဘပြည်သူများဘက်က ရွေးကောက်ပွဲနှင့်ပတ်သက်၍ အပြုသဘောဆောင်စွာ ကြိုးပမ်းနေချိန်တွင် ရွေးကောက်ပွဲကို ဖျက်လိုဖျက်ဆီးလုပ်နေသည့် အဖွဲ့အစည်းများနှင့်ပုဂ္ဂိုလ်များသည်လည်းရှိနေကြောင်း၊ ယင်းတို့သည် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာမည်ကို မလိုလားသည့် နှောင့်ယှက်ဖျက်ဆီးမှုများပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်ရေးအတွက် ဆောင်ရွက်နေချိန်တွင် အဖျက်အမှောင့်သမားများ၏ လုပ်ရပ်မှန်သမျှကို ပြည်သူအားလုံးပါဝင်ပြီး ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်ကြရန်လိုကြောင်းကို တိုက်တွန်းပြောကြားလိုကြောင်း။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခက်အခဲများနှင့်ရင်ဆိုင်ရချိန်တွင် မှန်ကန်သည့် အသိဉာဏ်များနှင့်ဖြေရှင်းနိုင်အောင် ပညာဆိုသည့်ဝမ်းစာပြည့်ဝနေရန် လိုအပ်မည်ဖြစ်ကြောင်း၊ မည်သည့်အရွယ်ကိုပင်ရောက်ရောက် ပညာဆိုသည်မှာ ဆည်းပူး၍မကုန်ဆုံးနိုင်သည့်အတွက် စဉ်ဆက်မပြတ်လေ့လာနေကြရမည်ဖြစ်သကဲ့သို့“အာရောဂျံပရမံလာဘံ” ဆိုသည့်အတိုင်း မိမိကျန်းမာရေးကိုအနေအထိုင်၊အသွားအလာ၊အစားအသောက်ကအစ ဂရုစိုက်ကြရန်လည်း လိုအပ်ကြောင်း၊ စာမျက်နှာ ၁၉ သို့

# လွိုင်ကော်တပ်နယ်မှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တောင်ကြီးမြို့မှ ပြည်သူများကို အနုပညာရှင်များက ဖျော်ဖြေတင်ဆက်

တောင်ကြီး ဩဂုတ် ၂၆

ကယားပြည်နယ် လွိုင်ကော်တပ်နယ်ရှိ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား အနုပညာရှင်များ၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုကို ယနေ့ နံနက်ပိုင်းကပြုလုပ်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်တို့ တက်ရောက်ကြည့်ရှုအားပေးပြီး တပ်ဖွဲ့ဝင်များအား ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုခရီးစဉ်၌ လိုက်ပါလာကြသော အနုပညာရှင်များ အနေဖြင့် ပြည်သူများနှင့် ဝန်ထမ်းမိသားစုများ အပန်းပြေစေရန်အတွက် ဖျော်ဖြေတင်ဆက်မှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ လွိုင်ကော်တပ်နယ်မှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအားလုံးကို တွေ့ဆုံနှုတ်ဆက်ပြီး စိတ်အပန်းပြေစေရန်နှင့် စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးနိုင်ရန် ဖျော်ဖြေ တင်ဆက်ပေးလိုသော်လည်း လာရောက်နိုင်သော တပ်ဖွဲ့ဝင်များကိုသာ ပြန်လည်မထွက်ခွာမီ ဂုဏ်ပြုဖျော်ဖြေတင်ဆက်နိုင်ခြင်းဖြစ်ပါကြောင်း။

တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များက နယ်မြေတည်ငြိမ်အေးချမ်းမှုရှိလာအောင် စွန့်လွှတ်စွန့်စားစွာဖြင့် ကြိုးပမ်းဆောင်ရွက်နိုင်မှုနှင့်အတူ ကယားပြည်နယ်အစိုးရ၏ စီမံမှုနှင့် ပြန်လည်ပြုပြင်မွမ်းမံဆောက်လုပ်နိုင်မှုတို့ကြောင့် လွိုင်ကော်မြို့သည် အချိန်တိုအတွင်း တိုးတက်ပြီးစီးကာ သန့်ရှင်းသာယာလှပမှုများကို မြင်တွေ့ရပါကြောင်း၊ ဆက်လက်ပြီးလည်း ယခုကဲ့သို့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများဖြင့် ပိုမိုတိုးတက်အောင်မြင်မှုများရရှိနိုင်ရန် ဆန္ဒပြုပါကြောင်းဖြင့်ပြောကြားပြီး တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များအတွက် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။



ထို့နောက် ပြည်သူချစ်သော အနုပညာရှင်များဖြစ်ကြသည့် အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ ဒိန်းဒေါင်၊ အုန်းသီး၊ ငြိမ်းချမ်း၊ ယဉ်လတ်၊ သဉ္ဇာမြင့်မိုရ်၊ နေခြည်ငြိမ်းချမ်းနှင့် အနုပညာရှင်များက စုပေါင်း၍ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တပ်ဖွဲ့ဝင်များက ပျော်ရွှင်စွာ အတူတကွလိုက်ပါ သီဆိုကခုန် အားပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အနုပညာရှင်များနှင့်အတူ လွိုင်ကော်မြို့မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်နယ်မှ မိသားစုများ၊ တောင်ကြီးမြို့ရှိ တိုင်းရင်းသား စာပေယဉ်ကျေးမှုအဖွဲ့ ရုံးဖွဲ့မှ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ဒေသခံပြည်သူများ၊ ဆေးတက္ကသိုလ် (တောင်ကြီး)၊ တောင်ကြီးတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေပွဲတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များမှ ရှမ်းအကနှင့် ပအိုဝ်းအကတို့ဖြင့် စုပေါင်းဖျော်ဖြေပြီး အနုပညာရှင် အကယ်ဒမီ ရန်အောင်၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ ဆုထက်လှိုင်၊ ဂျူဝဲလ်၊ သဉ္ဇာမြင့်မိုရ်၊ ယဉ်လတ်၊ ဒိန်းဒေါင်၊ အုန်းသီး၊ ငြိမ်းချမ်း၊ နေခြည်ငြိမ်းချမ်းနှင့် အနုပညာရှင်များက အငြိမ့်ကပြမှုအပါအဝင် တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသော အနုပညာရှင်များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်အစိုးရအဖွဲ့အတွက် MRTV DTH စလောင်း အစုံ ၃၀ နှင့် T-2 အစုံ ၅၀ ကိုလည်းကောင်း၊ ရှမ်းတောင်ပဟိုဇီ ညီနောင်များအဖွဲ့အတွက် MRTV DTH စလောင်း အစုံ ၅၀ နှင့် T-2 ၅၀ ကိုလည်းကောင်း၊ Forever Group ကုမ္ပဏီမှ စီမံကိန်းဒါရိုက်တာ ဦးသိန်းထွန်းအောင်က ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ရှမ်းတောင်ပဟိုဇီ ညီနောင်များအဖွဲ့အတွက် Canal+ DTH စလောင်းအစုံ ၅၀ စီဖြင့် စုစုပေါင်းအစုံ ၁၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက MRTV DTH စလောင်း ၁၀ စုံနှင့် T-2 Set of Box အစုံ ၂၀ တို့ကို တက်ရောက်လာသူများအတွက် ကံစမ်းမဲဖောက်ပေးပြီး မဲပေါက်သူများကို တစ်ဆက်တည်း လွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် အနုပညာရှင်များနှင့် တက်ရောက်လာကြသူများ စုပေါင်း၍ တေးသီချင်းများ သီဆိုကခုန်ကာ ပျော်ရွှင်စွာဖြင့် ဖျော်ဖြေပွဲကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

စာမျက်နှာ ၁၈ မှအဆက်

**ရှိထားပြီးသား အလေ့အကျင့်ကောင်းများ၊ စာရိတ္တကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး တစ်နေ့နေ့တစ်ချိန်ချိန်တွင် တိုင်းပြည်အတွက် စစ်မှန်သည့်လုပ်အားများနှင့် အကျိုးပြုနိုင်သည့် မျိုးဆက်သစ်များဖြစ်အောင် ဆက်လက်ကြိုးစားကြရန်** တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ တပ်မတော်သားမိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ ကာတွန်းတို့တွင် ပထမ၊ဒုတိယ၊တတိယ ရရှိကြသူများ၊ သင်္ချာစွမ်းရည်ဆု တတိယရရှိသူ၊ အောင်ချက်အကောင်းဆုံး ပထမ၊ဒုတိယ၊ တတိယဆုရရှိသည့် တပ်မတော်ပညာရေး ကျောင်းများ၊ တပ်မတော်အခြေခံပညာကျောင်းများ၏ ဆုရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှက လူရည်ချွန်ဆုရရှိသူ သုံးဦး၊နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူ တစ်ဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူ သုံးဦးတို့ကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်အခြေခံပညာ အထက်တန်းကျောင်းများတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများ၊ လူရည်ချွန်ဆုရရှိသူ နှစ်ဦး၊ သင်္ချာစွမ်းရည်ဗဟိုအဆင့်ပြိုင်ပွဲတွင် ဆုရရှိသူ တစ်ဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူ တစ်ဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်က လူရည်ချွန်ဆုရရှိသူ သုံးဦး၊ နိုင်ငံတော်အဆင့်ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲတွင်ဆုရရှိသူ တစ်ဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ သုံးဦးတို့ကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်ပညာရေးကျောင်းများတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် တပ်မတော် ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီးများ၊လူရည်ချွန်ဆုရရှိသူ သုံးဦးနှင့် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ တစ်ဦးတို့ကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၏ ဇနီးက လူရည်ချွန်ဆုရရှိသူ လေးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူ သုံးဦးတို့ကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်ဥက္ကဋ္ဌ၊ စစ်ရေးချုပ်နှင့် စစ်ထောက်ချုပ်တို့က လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများ၊ စစ်သည်များကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ဆုများပေးအပ်ပြီးတွင် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများနှင့် စစ်သည်များကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ စစ်သည်များ၊ တာဝန်ရှိသူများနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် အခမ်းအနားတက်ရောက်လာကြသူများ၊ ဆုရစစ်သည်များ၊ လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် ဆရာ၊ ဆရာမများကို စားသောက်ဖွယ်ရာများဖြင့်တည်ခင်းဧည့်ခံသည်။ စားသောက်ဖွယ်ရာများ သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက လှုယယ်ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဧည့်ခံဖျော်ဖြေပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊စစ်သည်များ၊ တာဝန်ရှိသူများနှင့် မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (မဝ)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၂၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လျှောက်ထားခဲ့သည့် နိုင်ငံရေးပါတီများအနက် နိုင်ငံရေးပါတီ ၆၁ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီ ကိုးပါတီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီ ၅၂ ပါတီဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီလျှောက်ထားသော နိုင်ငံရေးပါတီအားလုံး စိစစ်ခွင့်ပြုပြီးဖြစ်ပါကြောင်း။

နိုင်ငံရေးပါတီများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းကို ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ သတ်မှတ်ထားသည့် မဲဆန္ဒနယ်အရေအတွက်၊ သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ကိုက်ညီရန် လိုအပ်ကြောင်း၊ ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရာတွင် ပညာအရည်အချင်း သတ်မှတ်ချက်ဖြစ်သည့် အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်သူများဖြစ်ရမည့်အချက်ကို သတိမူကြစေလိုကြောင်း၊ နောင်လာမည့် ရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်လောင်းများသည် အစိုးရအသိအမှတ်ပြုတက္ကသိုလ်၊ ကောလိပ်တစ်ခုခုမှ ဘွဲ့ရသူများဖြစ်ရမည်ဖြစ်၍ နိုင်ငံရေးပါတီများအနေဖြင့် ယခုကပင်စ၍ စီစဉ်ထားရန်ဖြစ်ကြောင်း၊ ပြည်သူအားကိုးရပြီး နိုင်ငံကိုအကျိုးပြုမည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်တင်သွင်းကြရန် တိုက်တွန်းလိုကြောင်း။

ယာယီနေရပ်စွန့်ခွာလာရသူများ အပါအဝင် ပြည်တွင်း၊ ပြည်ပ ကြိုတင်မဲပေးမည့်သူများသည် ပုံစံ(၁၅)ဖြင့် တောင်းဆိုမဲပေးရမည်ဖြစ်ကြောင်း၊ ရောက်ရှိရာနေရပ်တွင် မဲပေးလိုပါက အနည်းဆုံး ရက်ပေါင်း ၁၈၀ ထက်မနည်း နေထိုင်ပြီးပါက ထောက်ခံချက်ဖြင့် မဲပေးခွင့်ရရှိရေး ဆောင်ရွက်ထားပါကြောင်း။

ရွေးကောက်ပွဲစနစ်နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်အတွက် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP)ကို ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ပြီး အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက်မူ ရောနှောထားသောကိုယ်စားလှယ်အချိုးကျစနစ်(MMP)ကို ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အီလက်ထရောနစ်မဲပေးစက်သုံးပြီး မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲတစ်မဲသည် ကိုယ်စားလှယ်လောင်းကိုသာမက ပါတီကိုပါ မဲပေးသည့်ပုံစံဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် PR မဲဆန္ဒနယ်များအတွက် ကိုယ်စားလှယ်လောင်းများကို ဦးစားပေးအစီအစဉ်ဖြင့် ကော်မရှင်သို့ တင်သွင်းပေးရမည်ဖြစ်ပါကြောင်း၊ မဲဆွယ်စည်းရုံးရေး ဆောင်ရွက်မှုအနေဖြင့် FPTP ကိုယ်စားလှယ်လောင်းများနည်းတူ PR ကိုယ်စားလှယ်လောင်းများသည်လည်း မဲဆွယ်စည်းရုံး ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေကို ပြဋ္ဌာန်းပြီး ရွေးကောက်ပွဲလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်ပြည်သူများအတွက်လည်းကောင်း လုံခြုံရေးအရ အကာအကွယ်ပေးနိုင်ရန် ဆောင်ရွက်ပေးထားပါကြောင်း၊ ကော်မရှင်အနေဖြင့် ဥပဒေနှင့်အညီ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်အောင် သန္နိဋ္ဌာန်ထားဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံရေးပါတီများအနေနှင့်အတူ လက်တွဲပြီး ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပါတီဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၆၁ ပါတီမှ ဥက္ကဋ္ဌများ၊ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား နယ်နိမိတ်ရေးရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၆**

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H. E. Mr. Abhay Thakur နှင့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား နယ်နိမိတ်ရေးရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ငလျင်ကာလအလွန် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် အကူအညီပေးမှုဆိုင်ရာကိစ္စရပ်များနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်အထိမ်းအမှတ် ထိန်းသိမ်းမှုဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီးရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားလမ်းတံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုအပေါ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်များကို အဖွဲ့အစည်းအသီးသီးက ထပ်မံထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားပြီး မန္တလေး-လားရှိုးရထားလမ်းပေါ်၌ တည်ရှိသည့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားလမ်းတံတားကို TNLA အကြမ်းဖက်သောင်းကျန်းသူများက စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိဘဲ ဆင်ခြင်တုံတရားကင်းမဲ့စွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုအပေါ် ပြည်သူလူထုတစ်ရပ်လုံးက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိသည့်အပြင် အဖွဲ့အစည်းအသီးသီးကလည်း အဆိုပါအကြမ်းဖက်လုပ်ရပ်အပေါ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်များကို ဩဂုတ် ၂၅ ရက်မှစ၍ အသီးသီးထုတ်ပြန်ခဲ့ကြသည်။

ယနေ့တွင်လည်း မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ မြန်မာ့ငြိမ်းချမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဖွဲ့တို့က TNLA အကြမ်းဖက်သောင်းကျန်းသူများ၏ အဆိုပါအကြမ်းဖက်လုပ်ရပ်အပေါ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ချက်များထပ်မံထုတ်ပြန်ကြသည်။ အဆိုပါထုတ်ပြန်ချက်များတွင် အများပြည်သူခရီးသွားလာရေးနှင့် ကုန်သည်များကူးသန်းရောင်းဝယ်ဖောက်ကားရေးအတွက် အရေးပါပြီး ခေတ်အဆက်ဆက်ထင်ရှားကျော်ကြားခဲ့သည့် သမိုင်းဝင်အထင်ကရတံတားကြီးအား စစ်ရေးပစ်မှတ်မဟုတ်ဘဲ ရက်စက်ယုတ်မာစွာ မိုင်းထောင်ဖျက်ဆီးခဲ့ကြသည့် TNLA အကြမ်းဖက်သောင်းကျန်းသူများ၏ မိုက်မဲမှားယွင်းသောလုပ်ရပ်ကို မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ၊ ငြိမ်းချမ်းရေးကိုလိုလားသောတိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်ထပ်တူ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ဖော်ပြထားကြသည်။

ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီးသည် မြန်မာနိုင်ငံ၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဖြစ်ပြီး အဆိုပါ ဂုတ်ထိပ်တံတားကို TNLA အကြမ်းဖက်သောင်းကျန်းသူများက ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ကျောက်မဲမြို့ဘက်ခြမ်း တံတားတိုင်အမှတ်(P-16)နှင့် ကမ်းကပ်ခုံ(AB-2)နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံဘောင်နေရာနှင့် တံတား၏ကမ်းကပ်ခုံ(AB-2)တို့ ပျက်စီးသွားခဲ့ရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချ

TNLA အကြမ်းဖက်သောင်းကျန်းသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ထင်ရှားကျော်ကြားပြီး ပြည်တွင်း၊ပြည်ပ ခရီးသွားပြည်သူများ အများအပြားလာရောက် ကြည့်ရှုလေ့လာကြပြီး မန္တလေး-လားရှိုးရထားလမ်းပေါ်တွင် တည်ရှိသည့် ဂုတ်ထိပ်တံတားကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဂုတ်ထိပ်တံတားသည် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိပြီး မြန်မာပြည်၏အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဟု မှတ်ကျောက်တင်ခံရပြီး ထင်ရှားကျော်ကြားသော တံတားတစ်စင်းဖြစ်၍ ထိုကဲ့သို့ ဂုတ်ထိပ်တံတားကို မိုင်းထောင်ဖောက်ခွဲခဲ့သည့် TNLA အကြမ်းဖက်သောင်းကျန်းသူများ၏ အသိတရားကင်းမဲ့စွာ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်မှုအား မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)

## ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချ

**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်**

TNLA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မြန်မာနိုင်ငံ၏ အထင်ကရ သမိုင်းအမွေအနှစ်အမှတ်အသားတစ်ခုဖြစ်သည့် နှစ်ပေါင်း ၁၂၅ နှစ် သက်တမ်းရှိသော ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားတံတားကို ၂၀၂၅ ခုနှစ် ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ ခေတ်အဆက်ဆက်ထင်ရှားကျော်ကြားခဲ့သော သမိုင်းဝင်အထင်ကရတံတားကြီးကို စစ်ရေးပစ်မှတ်မဟုတ်ဘဲ အများပြည်သူခရီးသွားလာရေး၊ ကုန်သည်ကူးသန်းရောင်းဝယ်ဖောက်ကားရေးအတွက် အရေးပါသည့် ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားတံတားကို ရက်စက်ယုတ်မာမိုက်မဲစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြသည့် TNLA အကြမ်းဖက်သောင်းကျန်းသူများ၏ မိုက်မဲမှားယွင်းသောလုပ်ရပ်ကို မြန်မာနိုင်ငံသူနိုင်ငံသားများ၊ ငြိမ်းချမ်းရေးကိုလိုလားသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ထပ်တူ မိမိတို့မြန်မာ့ငြိမ်းချမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဖွဲ့က ပြင်းထန်စွာကန့်ကွက်ရှုတ်ချအပ်ပါကြောင်း။

မြန်မာ့ငြိမ်းချမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဖွဲ့

## မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း သဘောထားထုတ်ပြန်ချက်

**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်**

နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိပြီး နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသည့် မန္တလေး-လားရှိုး ရထားလမ်းပေါ်တွင် တည်ရှိသော ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားလမ်းတံတားကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက TNLA အကြမ်းဖက်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

ထိုကဲ့သို့ မြန်မာ့အမွေအနှစ်ဖြစ်သည့် သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် TNLA အကြမ်းဖက်အဖွဲ့၏လုပ်ရပ်အား မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအသင်းက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအသင်း

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ကျောင်းတက်ရောက်လျက်ရှိစဉ်။



နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်လက်ခံနေမှုကို တွေ့ရစဉ်။



နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဩဂုတ် ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ် လက်ခံခြင်းကိုလည်း ဆက်လက် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အခြေခံပညာကျောင်း တစ်ကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့၍ နောင်ချိုမြို့နယ်အတွင်း စုစုပေါင်းအခြေခံပညာကျောင်း ၉၅ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူ ၆၇ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၀၇၁၂ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးကို ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာဦးရေ ၂၀ တို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၁၈ ဦးကို သွေးအမျိုးအစားစစ်ဆေးပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ တစ်ဦးကို ငှက်ဖျားပိုးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် ဒေသခံ တိုင်းရင်းသားပြည်သူ ၂၉ ဦး တက်ရောက် ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# လှည်းကူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် သြဂုတ် ၂၆

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အဝိုင်းအနောက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ကောဝိဒါရာမကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် နှစ်ပါးနှင့် ဒေသခံပြည်သူ ၇၈ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။


ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် မန်းကလိပ်ကျေးရွာအုပ်စု မန်းကလိပ်ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၅၆ ဦးကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို အဆိုပါကျေးရွာရှိ ဇေယျသုခကျောင်းတိုက်၌ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၅၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

နေပြည်တော် သြဂုတ် ၂၆

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မယ်ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေတို့တွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၃၇ ဦးနှင့် အင်ဒိုနီးရှားနိုင်ငံသားဦးရေ ၂၀ စုစုပေါင်းပြည်ပနိုင်ငံသား ၅၇ ဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။


မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၅၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်မှုမှတ်တမ်းဓာတ်ပုံ။

ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများကို ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Counsellor Mr. Pranav Ganesh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ First Secretary Mr. Vinsky Garcia Wattimena နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီ ၃၀ ရက်မှ သြဂုတ် ၂၆ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၉၃၆၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၂၆၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၀၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

☆ ကျောဖုံးမှအဆက်

ယနေ့ညမှ သြဂုတ်၂၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အပူပိုင်းမုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

❖ ဂေါက်သီးရိုက်ပြိုင်ပွဲမှ

ဟန်ဒါဆင်အတွက် မွေးရပ်မြေမှ ကနေဒါပရိသတ်များ၏ ရှေ့မှောက်တွင် အောင်မြင်မှုရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ်ကလည်း CPKC Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ကာ ယခုတစ်ကြိမ်သည် ၎င်းအတွက် ဒုတိယမြောက်ဆွတ်ခူးနိုင်ခဲ့သည့် ဆုဖလားဖြစ်သည်။

ကနေဒါ ဂေါက်သီးရိုက်အဖွဲ့ချုပ်အမှုဆောင်ချုပ် လောရင့်က "ဟန်ဒါဆင်ဟာ တစ်နှစ်ထက်တစ်နှစ် ပိုပိုပြီးတော့တိုးတက်မှုရှိလာတဲ့ကစားသမားတစ်ယောက်ပါ။ ကနေဒါနိုင်ငံမှာ ကျင်းပတဲ့ ပြိုင်ပွဲမှာ ဟန်ဒါဆင်က ၂၀၁၈ ခုနှစ်က တစ်ကြိမ် ခုနစ်နှစ်ကြာပြီး အခုတစ်ကြိမ် ထပ်မံဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပါတယ်"ဟု ချီးကျူးပြောကြားခဲ့ကြောင်း သိရသည်။

Ref: RT

Trs:AZL

## ၂၀၂၅ ခုနှစ် သြဂုတ် ၂၆ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ် / ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် သြဂုတ် ၂၆

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ ဩရိသပြည်နယ်ကမ်းလွန်)တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် သြဂုတ် ၂၆

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

# ဆန္ဒနှင့်ဘဝ ထပ်တူဖြစ်စေလို

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်ရန် အမှတ်စာရင်း၊ အရည်အချင်း မှတ်တမ်းချုပ်ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့် ပုံစံစာအိတ်ကို စက်တင်ဘာ ၂ ရက်မှစ၍ အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများထံတွင် ကိုယ်တိုင်ထုတ်ယူနိုင်ကြောင်း နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြထားသည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ထားသည့် ကျောင်းသား၊ ကျောင်းသူများသည် တက္ကသိုလ်အသီးသီး၌ မိမိတို့ဝါသနာပါသည့် ဘာသာရပ်များကို ဆက်လက်လေ့လာဆည်းပူးခွင့် ရရှိတော့မည်ဖြစ်သည်။

## ရည်မှန်းချက်နှင့် ဝါသနာ

လူတိုင်းတွင် ရည်မှန်းချက်ကိုယ်စီရှိကြသည်။ ဆရာဝန်၊ အင်ဂျင်နီယာ၊ ကျောင်းဆရာ၊ ဒီဇိုင်နာ၊ အလုပ်ဖန်တီးရှင်၊ စာရေးဆရာ၊ အဆိုတော် စသည့် မတူညီသော အသက်မွေးဝမ်းကျောင်းများဖြင့် အသက်မွေးကြရသည်။ ထိုသို့အသက်မွေးဝမ်းကျောင်းပြုရာ၌ မိမိ၏ရည်မှန်းချက်သည် ဝါသနာနှင့် ထပ်တူကျနေမည်ဆိုလျှင် ပျော်ရွှင်စိတ်ချမ်းမြေ့ပြီး အောင်မြင်မှုလည်း ရရှိကြသည်။ တချို့သောသူများသည် အောင်မြင်မှုများရရှိနေသော်လည်း ဝါသနာနှင့် ထပ်တူမကျသဖြင့် ပျော်ရွှင်ချမ်းမြေ့မှုပိုင်ဆိုင်နိုင်ခြင်းမရှိကြပေ။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် မည်သည့်နယ်ပယ်တွင် စိတ်ပါဝင်စားမှုရှိသည်ဆိုသောအချက်ကို ဆန်းစစ်သွားရန် လိုအပ်သည်။

## ကိုယ်စီအိပ်မက်ရှိသင့်

မျိုးဆက်သစ်လူငယ်များသည် တိုင်းပြည်၏ အနာဂတ်ပင်ဖြစ်သည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို ပညာတတ်များဖြင့်သာ တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပညာတတ်လူငယ်များပေါများသည့် တိုင်းပြည်တိုင်းသည် ဖွံ့ဖြိုးတိုးတက်လေ့ရှိသည်။ လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရသည် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေး၊ အတန်းစဉ်ကူးပြောင်းမှုနှုန်းမြင့်မားရေး၊ အထူးသဖြင့် အဆင့်မြင့်ပညာ ဆက်လက်သင်ယူနိုင်ရေး၊ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးလျက်ရှိသည့် တက္ကသိုလ်များတွင် ဆက်လက်ပညာဆည်းပူးနိုင်ရေး အဘက်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့သောအခြေအနေမျိုးတွင် လူငယ်များအနေဖြင့် မိမိ၏အနာဂတ် တိုးတက်ရေးအပြင် တိုင်းပြည်ကအားထားရသည့် လူတော်လူကောင်းများဖြစ်လာရေးအတွက် ငယ်စဉ်ကတည်းကပင် စိတ်ကူးအိပ်မက်များရှိထားသင့်ပေသည်။ ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ အဆင့် (၁) မှ (၁၀)အတွင်းဝင်ခဲ့သည့် ထူးချွန်ကျောင်းသား၊ ကျောင်းသူများသည် ကလေးအထူးကုဆရာဝန်ကြီးလုပ်မည်၊ ပညာသင်ကြားရေးတွင် ထူးချွန်သည့် ဆရာကြီး၊ ဆရာမကြီးများလုပ်သွားမည်၊ ဗိသုကာပညာရှင်ကြီးလုပ်သွားမည်ဆိုသည့် ၎င်းတို့၏စိတ်ကူးအိပ်မက်များ ပြောကြားသွားသည်ကို သတင်းမီဒီယာများ၌ တွေ့မြင်လိုက်ရသည်။ ထို့ကြောင့် လူငယ်များသည် ငယ်စဉ်ကတည်းကပင် မိမိဝါသနာပါသောနယ်ပယ်တွင် ထူးချွန်အောင်မြင်ရေးအတွက် စိတ်ကူးအိပ်မက်များ ရှိထားသင့်ပေသည်။ သို့မှသာလျှင် တိုးတက်အောင်မြင်မှုရရှိပြီး စိတ်ချမ်းမြေ့သောဘဝများကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

## ရမှတ်နှင့်ဝါသနာ

လက်ရှိအချိန်တွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ထားသည့် ကျောင်းသား၊ ကျောင်းသူအားလုံးသည် ဘာသာရပ်အလိုက် မိမိတို့ရရှိထားသော အမှတ်စာရင်းကိုသိရှိထားပြီး ဖြစ်မည်ထင်ပါသည်။ အမှတ်ကောင်းကောင်းရရှိထားသည့် ကျောင်းသား၊ ကျောင်းသူများသည် မိမိကြိုက်နှစ်

> ❖ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ထားသည့် ကျောင်းသား၊ ကျောင်းသူများသည် မကြာမီ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရတော့မည်ဖြစ်သည်။ ထိုသို့လျှောက်ထားရာတွင် မိမိရရှိထားသောအမှတ်နှင့် လျှောက်ထားခွင့်ရှိသော တက္ကသိုလ်များထဲမှ မိမိဝါသနာပါသော ဘာသာရပ် သင်ယူခွင့်ရှိမည့် တက္ကသိုလ်များကိုသာ ရွေးချယ်သွားသင့်ပါသည်။ သို့မှသာလျှင် ဘွဲ့ရရှိပြီး လုပ်ငန်းခွင်ဝင်ချိန်၌ ဆန္ဒနှင့်ဘဝ ထပ်တူကျနိုင်မည်ဖြစ်သည်။ မိဘအုပ်ထိန်းသူများကလည်း သားသမီးများကို သင့်လျော်သည့် တက္ကသိုလ်၌ လျှောက်ထားနိုင်ရေးအကြံပြုသွားသင့်ပေသည်။❖

သက်ရာ တက္ကသိုလ်များကို ဝင်ခွင့်လျှောက်ထားနိုင်မည်ဖြစ်သည်။ တချို့သော ကျောင်းသား၊ ကျောင်းသူများသည် မျှော်မှန်းထားသလောက် အမှတ်မရရှိခဲ့သဖြင့် စိတ်ဓာတ်ကျကောင်းကျနိုင်ပါသည်။ မည်သို့ပင်ဆိုစေ တက္ကသိုလ်ဝင်စာမေးပွဲ၌ ရရှိခဲ့သည့်အမှတ်အပေါ်မူတည်၍ မိမိဝါသနာပါသည့် ဘာသာရပ်ကိုသာ ရွေးချယ်လျှောက်ထားသင့်ပေသည်။ သို့မှသာလျှင် ဘဝသက်တမ်းတစ်လျှောက် အသက်မွေးဝမ်းကျောင်းပြုရာ၌ ပျော်ရွှင်ချမ်းမြေ့မှုရရှိပြီး တိုးတက်မှုကိုလည်း ပိုင်ဆိုင်နိုင်မည်ဖြစ်ပေသည်။ အမှတ်ရရှိမှုနည်းနေခြင်းအပေါ် စိတ်ပျက်အားငယ်နေစရာမလိုဘဲ အသင့်တော်ဆုံးဘာသာရပ်ကို ရွေးချယ်သွားဖို့သာလိုအပ်ပါသည်။ မိမိ၏ကြိုးပမ်းမှုအပေါ်မူတည်၍ အောင်မြင်မှုကို ဆွတ်ခူးနိုင်ကြသည်။

## ဖိအားမပေးသင့်

တချို့သော မိဘအုပ်ထိန်းသူများသည် သားသမီးများ၏ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားမှုအပေါ် ဖိအားပေးစွက်ဖက်လေ့ရှိကြသည်။ မိဘအုပ်ထိန်းသူများသည် သားသမီးများ၏နောင်ရေးအတွက် တာဝန်ရှိသည်ဟုဆိုသော်လည်း မိမိတို့၏ဆန္ဒကို ရှေ့တန်းမတင်ဘဲ သားသမီးများ၏ဝါသနာနှင့် ရည်မှန်းချက်ကိုလည်း ထည့်စဉ်းစားသွားရန် လိုအပ်ပါသည်။ သာဓကအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ၌ အမှတ်များစွာရရှိထားပြီး ကျောင်းဆရာ၊ ဆရာမလုပ်ရန် ဝါသနာပါသည့်ကလေးကို အထူးကုဆရာဝန်ကြီးလုပ်ရမည်။ ဆေးတက္ကသိုလ်လျှောက်ရမည်ဟု ဖိအားပေးနေမည်ဆိုလျှင် ထိုကလေးသည် မိဘကို မလွန်ဆန်နိုင်သဖြင့် ဆေးပညာသင်ကြားပြီး ဆရာဝန်လုပ်နေရသော်လည်း ပျော်ရွှင်ချမ်းမြေ့မှုကိုတော့ အပြည့်အဝ ရရှိနိုင်မည်မဟုတ်ချေ။ စင်စစ်အားဖြင့် ကလေးတစ်ဦးသည် ဝါသနာပါပြီး စိတ်ဝင်စားမှုရှိသောနယ်ပယ်တွင်သာ လေ့လာသင်ယူရမည်ဆိုလျှင် ထူးချွန်လေ့ရှိသည်။

ထိုသို့ ထူးချွန်သောပညာဖြင့် တိုင်းပြည်နှင့် လူမျိုးကို အကျိုးပြုမည်ဆိုလျှင် ကာယကံရှင်ကလေးလည်း စိတ်ချမ်းသာသည့်အပြင် တိုင်းပြည်အတွက်လည်းများစွာ အထောက်အကူဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် မိဘများအနေဖြင့် သားသမီးများ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရာတွင် မိမိကလေး စိတ်အားထက်သန်သည့်ဘာသာရပ်ကိုသာ လျှောက်ထားခွင့်ပြုသင့်ပေသည်။ ထို့ပြင် အတွေ့အကြုံရှိသူများနှင့် ဆွေးနွေးတိုင်ပင်ကာ အကြံကောင်းဉာဏ်ကောင်းများလည်း တောင်းယူသွားနိုင်သည်။

## အောင်မြင်မှုရရှိနေ

စာရေးသူတစ်ဦးတည်း၏အမြင်ကို တင်ပြရလျှင် လူငယ်များအနေဖြင့် မိမိတို့ဝါသနာပါသည့် အသက်မွေးဝမ်းကျောင်းပညာရပ်ကိုသာ ရွေးချယ်သွားသင့်ပါသည်။ များသောအားဖြင့် လူတစ်ဦးသည် ဝါသနာနှင့် အသက်မွေးဝမ်းကျောင်းထပ်တူကျလျှင် အောင်မြင်မှု ရလေ့ရှိပါသည်။ သာဓကအနေဖြင့် စာရေးသူသိသော ကိုယ်ပိုင်အထက်တန်းကျောင်းပိုင်ရှင်၏ သားနှစ်ယောက်သည် ဆရာဝန်များဖြစ်ကြသော်လည်း သူတို့ဝါသနာပါသည့် စာသင်သောအလုပ်ဖြင့်သာ အသက်မွေးဝမ်းကျောင်း ပြုနေကြပါသည်။ ထို့ကြောင့် ထိုဆရာဝန် နှစ်ယောက်သင်ကြားပြသပေးသောတပည့်များသည် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာ အောင်မြင်လေ့ရှိကြသည်။ ဆိုရလျှင် ဆရာဝန်နှစ်ယောက်၏ ဝါသနာနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတို့သည် ထပ်တူကျနေသဖြင့် ထိုကျောင်း၏ နှစ်စဉ် အောင်ချက်ရာခိုင်နှုန်းမှာလည်း ၉၈ ရာခိုင်နှုန်းကျော်ခန့်ရှိနေသည်။

## စိတ်ကူးအိပ်မက်ရှိခဲ့

စာရေးသူသည် ငယ်စဉ်က ကျောင်းဆရာတစ်ဦးဖြစ်ချင်ခဲ့သည်။ တပ်မတော်သားဖြစ်လာသော်လည်း ထိုစိတ်ကူးအိပ်မက်သည် ငုပ်လျှိုးပျောက်ကွယ်သွားခြင်း မရှိခဲ့ပေ။ မူလတာဝန်များထမ်းဆောင်ရင်း လုပ်ဖော်ကိုင်ဖက်များကို အင်္ဂလိပ်စာသင်ကြားခွင့်ရရှိခဲ့သည်။ အထူးသဖြင့် ပြည်ပနိုင်ငံများ၌ သံတမန်တာဝန်သွားရောက်ထမ်းဆောင်မည့် တပ်မတော်သားအရာရှိ၊ စစ်သည်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဝင်ခွင့်စာမေးပွဲဖြေဆိုမည့် လူငယ်များကို အင်္ဂလိပ်စာသင်ကြားခွင့်ရရှိခဲ့သည်။ ဆိုရလျှင် လူတစ်ဦးသည် မည်သည့်နေရာတွင် ကျင်လည်ဖြတ်သန်းနေရသည်ဖြစ်စေ ထက်သန်သောစိတ်ဆန္ဒသာ ရှိနေမည်ဆိုလျှင် မိမိ၏စိတ်ကူးအိပ်မက်များကို အကောင်အထည်ဖော်ခွင့် ရရှိနေမည်ဖြစ်သည်။ ထိုသို့ အခွင့်အရေးကို အမိအရဆုပ်ကိုင်နိုင်ခြင်းသည် မိမိဘဝ တိုးတက်အောင်မြင်မှုအပြင် မိမိ၏ ပတ်ဝန်းကျင်ကိုလည်း အကျိုးပြုနိုင်ပေသည်။


## ဆန္ဒနှင့် ဘဝထပ်တူဖြစ်စေလို

ဆိုရလျှင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ထားသည့် ကျောင်းသား၊ ကျောင်းသူများသည် မကြာမီ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရတော့မည်ဖြစ်သည်။ ထိုသို့လျှောက်ထားရာတွင် မိမိရရှိထားသောအမှတ်နှင့် လျှောက်ထားခွင့်ရှိသော တက္ကသိုလ်များထဲမှ မိမိဝါသနာပါသော ဘာသာရပ်သင်ယူခွင့်ရှိမည့် တက္ကသိုလ်များကိုသာ ရွေးချယ်သွားသင့်ပါသည်။ သို့မှသာလျှင် ဘွဲ့ရရှိပြီး လုပ်ငန်းခွင်ဝင်ချိန်၌ ဆန္ဒနှင့် ဘဝထပ်တူကျနိုင်မည်ဖြစ်သည်။ မိဘအုပ်ထိန်းသူများကလည်း သားသမီးများကို သင့်လျော်သည့် တက္ကသိုလ်၌ လျှောက်ထားနိုင်ရေး အကြံပြုသွားသင့်ပေသည်။ အထူးသဖြင့် မိဘအုပ်ထိန်းသူများသည် မိမိတို့ဆန္ဒကို ရှေ့တန်းမတင်ဘဲ မိမိ၏ကလေးများ စိတ်အားထက်သန်သည့် နယ်ပယ်နှင့် ဘာသာရပ်ကိုသာ ခွင့်ပြုပေးသင့်ပါသည်။

နိုင်ငံတကာတွင် အောင်မြင်တိုးတက်နေသူများ၏ ဘဝကို လေ့လာကြည့်မည်ဆိုလျှင် ငယ်စဉ်ကတည်းက မိမိဝါသနာပါသည့် နယ်ပယ်ကိုသာ တစိုက်စိုက်မတ်မတ် လေ့လာသင်ယူ ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ မျိုးဆက်သစ်လူငယ်မောင်မယ်များအနေဖြင့်လည်း ငယ်စဉ်ကတည်းက မိမိ၏မသိစိတ်တွင် ကိန်းအောင်းနေသည့် အစွမ်းအစများကို ထုတ်ပြနိုင်ရန်အတွက် တစိုက်မတ်မတ် ကြိုးပမ်းကာ ရရှိသည့်အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်သွားသင့်ပေသည်။ အထူးသဖြင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရာတွင် မိမိစိတ်ဆန္ဒရှိသည့် ဘာသာရပ်ကိုသာ ရွေးချယ်လျှောက်ထားသွားသင့်ပေသည်။ သို့မှသာလျှင် ပညာရေးတွင် ထူးချွန်အောင်မြင်ပြီးတိုင်းပြည်က အားကိုးအားထားပြုရသည့် လူတော်လူကောင်းများ ဖြစ်လာနိုင်ပေမည်။

**မောင်သောင်းဝင်း(တမန်ဟောင်း)**

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**



ဝတ္ထုတိုကဏ္ဍ

# ကြာနီတစ်ပွင့် ဖြူတစ်ပွင့်

မုဒိတာနှင်း(မော်လမြိုင်)

"ဟယ် ချစ်စရာတစ်တုံးတစ်ခဲကြီးတွေနဲ့ နှစ်ယောက်စလုံးက ခွဲမရလောက်အောင်တူနေတာ မမကြည်ရေ"

"ဟုတ်ပ့ါအေ။ အချို့အမြွှာတွေက အဲလောက် မတူတာတွေရှိတယ်"

ရန်ကုန်မြို့မှ ရောက်ရှိလာသော ညီမဝမ်းကွဲမှ ခရီးရောက်မဆိုက် တစ်လသားအရွယ် အမြွှာသမီး ကလေးနှစ်ယောက် မွေးဖွားထားသည်မို့ တကူးတက လာရောက်ကြည့်ရှုကြခြင်းဖြစ်သည်။

"ညီအစ်မတွေအတူဆုံကြတုန်း စကားစမြည် ပြောကြအုံးအေ။ ကျုပ်လဲ မီးလာတုန်း အိမ်အလုပ်လေး လုပ်စရာရှိတာ ပြေးလုပ်လိုက် အုံးမယ်အေ"

"ဟုတ်ကဲ့ပါ ဆရာမ။ ဆရာမပေးထားတဲ့ သောက်ဆေးကုန်ရင်ပြောမယ်"

"အေးပါ အေးပါ ရန်ကုန်ကညီမရေ။ ပြန်လိုက် အုံးမယ်နော်"

"ဟုတ်ကဲ့ပါရှင်"

ရပ်ကွက်ထဲမှ သားဖွားဆရာမ ဒေါ်ခင်မြိုင်က လိုအပ်သည်များကို လာရောက်လုပ်ကိုင်ပေးရာမှ နှုတ်ဆက်ပြန်သွားလေသည်။

မအေးကြည်က ကလေးအမြွှာနှစ်ယောက်ကို တစ်ယောက်တစ်လှည့် နို့တိုက်နေရာမှ ညီမဖြစ်သူ ကို မော့ကြည့်လိုက်ရင်း–

"ပြောလေ အဝင်း"

"ဩော်...ဘာရယ်မဟုတ်ပါဘူး။ အစ်ကိုကြီး ကိုလှကြိုင်ကိုသတိရလို့ပါ။ သူသာရှိရင် သူ့သမီးတွေ ကို သဲသဲလှုပ်တုန်နေမှာ"

ညီမဖြစ်သူ မစန်းဝင်း၏အပြောကြောင့် မအေး ကြည်က ရှေ့တည့်တည့် ပြတင်းပေါက်မှတစ်ဆင့် လှမ်းမြင်နေရသော လက်ပံပွင့်များရဲရဲနီနေသော လက်ပံပင်ကြီးကိုငေးရင်း သွားလေသူ ခင်ပွန်းသည် ကို သတိရစိတ်များဖြင့် မျက်နှာလေးမှိုင်းညို့သွား သည်။ အစ်မဖြစ်သူ၏အဖြစ်ကို မကြည့်ရက်၍ မစန်းဝင်းက စကားလမ်းကြောင်းလွှဲလိုက်သည်။

"အစ်မကြည်နဲ့ သမီးလေးတွေနဲ့အတူ တစ်ပတ် လောက်နေပြီးမှပြန်မယ် သိလားမကြည်။ အသုပ် ဆိုင်ကိုလဲ တစ်နှစ်လောက်ထိ မထွက်နဲ့အုံးနော်။ ဝင်းလစဉ်ထောက်ပံ့ပေးမယ်"

"အေးပါညီမရယ်။ ကိုယ်ဝန်လရင့် မွေးဖွားခါနီးထဲ က စားစရိတ်၊ မီးဖွားစရိတ် လိုလေသေးမရှိထောက်ပံ့ ပေးနေတာကိုပဲ ကျေးဇူးတင်အားနာလှပါပြီ ငါ့ညီမရယ်"

"ညီအစ်မတွေပဲ မမရယ် သူစိမ်းဆန်တဲ့စကား တွေ မပြောပါနဲ့။ ကိုယ့်အစ်မနဲ့ တူမလေးတွေကို ထောက်ပံ့နေရတာကိုပဲ ဝင်းက ကျေနပ်ဝမ်းသာ နေရတာပါ"

မအေးကြည်နှင့် မစန်းဝင်းတို့မှာ အမေညီအစ်မ အရင်းကမွေးဖွားသော ညီအစ်မဝမ်းကွဲတော်စပ်သူ များဖြစ်ကြပေမဲ့ မွေးချင်းမောင်နှမ မရှိသော တစ်ဦး တည်းသော သမီးများဖြစ်ကြသည်မို့ တကယ့်ညီအစ်မ အရင်းအချာပမာ ချစ်ခင်တွယ်တာသံယောဇဉ်ရှိကြ လေသည်။ ရုပ်ရည်ချောမောပြေပြစ်သူ မစန်းဝင်းက မြို့မှ လုပ်ငန်းရှင်သူဌေးသားတစ်ဦးနှင့် အိမ်ထောင် ကျကာ ချမ်းသာကြွယ်ဝသူဖြစ်သောကြောင့် ဆင်းရဲ သူအစ်မဖြစ်သူကို ကြည့်ရှုထောက်ပံ့ရှာသည်။ မိဘ များကလည်း ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားကြ သည်ဖြစ်သောကြောင့် ညီအစ်မနှစ်ယောက်မှာ အရေးကြီးလျှင် သွေးစည်းကြသည်။ မအေးကြည်က နေထိုင်သောဇာတိမြို့ကလေးမှ ငယ်ပေါင်းငယ်ချစ်ဦး ဖြစ်သူ တစ်မြို့ထဲ၊ တစ်ရပ်ကွက်တည်းသား လက် လုပ်လက်စား ကိုလှကြိုင်နှင့် အကြောင်းပါခဲ့လေ သည်။ သမီးအမြွှာကို ကိုယ်ဝန်လွယ်ချိန်တွင်အာထရာ ဆောင်းအဖြေမှာ အမြွှာသမီးလေးများဖြစ်ကြောင်း သိရသောအခါ သမီးလေးနှစ်ယောက် ဖခင်ဖြစ်ရတော့ မည့်အရေး တွေးတွေးပြီး မမြင်ရသေးသော ရင်သွေး ကလေးများအတွက် စိတ်ကူးနှင့် ပျော်မြူးတက်ကြွနေ တတ်သူဖြစ်သည်။ ကိုလှကြိုင်က အုန်းတက်သမား တစ်ဦးမို့ နံနက်ခင်း ဇနီးသည်စီမံပေးသော ပဲပြုတ် ထမင်းကြော်တစ်ဇလုံကို လက်ဖက်ခြောက်ခတ်ထား သော ရေနွေးကြမ်းနှင့်အဝစား၍ အုန်းပင်တက်လျှင် အသုံးပြုသော အဆာပလာကြိုးများစလွယ်သိုင်း လွယ်လျက် ထက်မြနေအောင်သွေးထားသော ပုဆိန် အသေးတစ်လက်ကို ခါးကြားထိုး၍ တစ်လမ်းဝင် တစ်လမ်းထွက် "အုန်းပင်တက်တယ်၊ အုန်းသီး ခူးတယ်၊ အုန်းပင်တက်ကြအုံးမလားခင်ဗျာ"ဟု တကြော် ကြော်အော်ပြီး ညနေစောင်းအချိန်လောက် ဆိုယမကာလေးမဆိုစလောက်မှီဝဲ၍သီချင်းတကြော် ကြော်ဖြင့်ပြန်လာတတ်ကာ အုန်းပင်တက်၍ရလာ သမျှကို ဇနီးသည်ကို မချွင်းမချန်အပ်သည်။

မအေးကြည်ကလည်း နေအိမ်ခြံဝင်းလေးထဲ ဆိုင် အကူကောင်မကလေးတစ်ဦးခေါ်၍ လက်ဖက်သုပ်၊ ချင်းသုပ်၊ အသုပ်စုံ၊ ကြာဆံဟင်းခါး စသည့်စားဖွယ် များကို သန့်ရှင်းသပ်ရပ်၍ ကောင်းမွန်သောလက်ရာ ကြောင့် မအေးကြည်၏ အသုပ်ဆိုင်လေးမှာ လက်မလည်အောင် ရောင်းကောင်းသည်။

"ကိုယ်ဝန်လရင့်လာပြီမိန်းမရေ။ ခင်ဗျား အသုပ်ဆိုင်ကို နားလို့ရပြီ။ အရင်ကထက် ငွေနှစ်ဆ ရအောင် ကိုယ်ရှာပ့ါမယ်မိန်းမရယ်"

"ဒီလကုန်လောက်နားမယ် စိတ်ကူးထားပါ တယ်တော်ရေ"

မှတ်မှတ်ရရ အဲသည်နေ့က တပေါင်းလဆန်းသို့ ရောက်နေသည့်တိုင် အုံ့မှိုင်းနေသည်။ အဲသည်နံနက် ခင်းကို မအေးကြည်ဘယ်သောအခါမျှ မေ့နိုင်တော့ မည်မဟုတ်ပါ။ ပြန်တွေးလိုက်သည့်အခါတိုင်းလည်း ရင်ထဲစို့နင့်စွာကြေကွဲရမြဲပါ။ နံနက်ခင်းအလုပ်သွား ရန် ခြံပြင်ရောက်ပြီးမှ ပြန်ဝင်လာပြီး ကိုလှကြိုင်က–

"မိန်းမရေ အပြန်ကျရင် သမီးတွေအတွက် မွေးကင်းစအင်္ကျီပန်းရောင်လှလှလေးတွေ ချိတ်ထား တာ ဈေးရှေ့ကဖြတ်သွားတိုင်း လှမ်းကြည့်ထားတာ။ ဒီနေ့တော့ အမိအရဝယ်ခဲ့မယ်သိလား"

"ကလေးတွေကဖြင့် မမြင်ရသေးဘူး စိတ်ကူး နဲ့တင် ရှင်ရူးသွားမှာကို ကျွန်မကစိုးရိမ်နေတာ ကိုလှကြိုင်ရေ"

မျက်စောင်းလေးခဲပြီးပြောလိုက်သော မအေး ကြည်၏ သနပ်ခါးအဖွေးသားပါးပြင်လေးကို လိမ်ဆွဲ ပြီး တဟားဟားဖြင့် သဘောကျစွာရယ်မောသွား ခဲ့သေးသည်။

မွေးလစေ့ပြီမို့ အသုပ်ဆိုင်နားထားသည်မို့ အလုပ်နှင့်လက်မပြတ် အားအားမနေတတ်သူပီပီ မအေးကြည်က ခင်ပွန်းသည်၏ ကြယ်သီးပြုတ်နေ သောရှပ်အင်္ကျီတစ်ထည်ကို တပ်နေသည့်အခိုက်–

"ဟဲ့ မအေးကြည် မအေးကြည် နင့်ယောက်ျား ဈေးအရှေ့မှာ အုန်းပင်ပေါ်က ပြုတ်ကျလို့တဲ့ အခု လေးတင်ပဲ လူနာတင်ကားနဲ့ ဆေးရုံခေါ်သွားပြီ"

ခြေရင်းအိမ်မှ မဖွားရင်က ရေးကြီးသုတ်ပျာ ပြေးဝင်လာပြီးပြောလိုက်သော ခင်ပွန်းသည်၏ သတင်းဆိုးကြောင့် မအေးကြည်ဦးခေါင်းချာချာလည် သွားပြီး ထရပ်လိုက်ရာ လဲကျသတိလစ်မေ့မျော သွားတော့သည်။

"ဟဲ့ ဟဲ့ လုပ်ကြပါအုံး။ မအေးကြည် မအေးကြည်"

သားဖွားဆရာမ၏ နောက်ဆုံးအသံကို မပီဝိုး တဝါးကြားလိုက်ပြီးနောက် လောကကြီးတစ်ခုလုံး မှောင်အတိကျသွားတော့သည်။ ကိုလှကြိုင် တစ်ယောက် ဦးခေါင်းနှင့်ကျသောဒဏ်ရာဖြင့် လူနာတင်ကားပေါ်တွင် အသက်ကုန်သွားခဲ့သည်။ မအေးကြည်မှာ ခင်ပွန်းသည်ဆုံးပါးပြီးနောက် သမီး အမြွှာလေးနှစ်ဦးကိုမွေးဖွားပြီး တစ်သားမွေးတစ်သွေး လှဆိုသကဲ့သို့ အရွယ်နှင့်အလှရှိနေသေးသောကြောင့် ရပ်မိရပ်ဖများက သင့်တော်ရာနှင့်စပ်ဟပ်ကြသော် လည်း သမီးလေးများကို ပထွေးလောင်းရိပ်မမိစေ ချင်၍ မိမိကိုယ်တိုင်လည်း ချစ်ခင်ပွန်းသည်၏ချစ်ခြင်း များဖြင့်ပြည့်စုံခဲ့ရဖူးသည်မို့ နောက်အိမ်ထောင်ကို စိတ်ကူးပင်မရှိခဲ့ပါ။ ရန်ကုန်က ညီမဝမ်းကွဲ၏ လစဉ် အထောက်အပံ့နှင့်အတူ သမီးတို့အခါလည်အရွယ်မှာ အသုပ်ဆိုင်လေးပြန်ဖွင့်နိုင်ခဲ့သည်။

ချစ်စရာကောင်းသော သမီးလေးနှစ်ယောက်ကို ညီမဝမ်းကွဲ မစန်းဝင်းကပင် အမည်ပေးကင်ပွန်းတပ် ပေးခဲ့သည်။ မွေးကင်းစအရွယ်လေး ပုခက်ထဲအတူ ယှဉ်တွဲသိပ်ထားလျှင် ငါးမိနစ်သာခြားသည့် အမြွှာ အကြီးမလေးမှာ နို့ဆာလျှင်ဖြစ်စေ၊ အလိုမကျလျှင် ဖြစ်စေ မျက်နှာလေးနီမြန်းလာသည်ထိ အာခေါင်ခြစ် ၍ ဒေါသတကြီးငိုကြွေးတတ်သူ အကြီးမလေးကို ကြာနီခင်ဟု အမည်ပေးခဲ့သည်။ သူ့အစ်မငိုကြွေးနေ သည့်အခါတိုင်း ပါးစပ်ထဲ လက်ကလေးထိုးထည့်ပြီး မျက်လုံးဝိုင်းဝိုင်းလေးဖြင့် စောင်းငဲ့ပြီးကြည့်တတ် သော သမီးငယ်လေးကို ကြာဖြူခင်ဟု အမည်ပေး ကင်ပွန်းတပ်ပေးခဲ့သည့် အမည်လေးတွေမှာ တနင်္လာ သမီးလေးများနှင့် နေ့နံကိုက်သည့် ချစ်စရာအမည် လေးများမို့ မအေးကြည် သဘောကျနှစ်ခြိုက်ခဲ့သည်။ သားသမီးမထွန်းကားခဲ့သော ညီမဖြစ်သူ မစန်းဝင်းတို့ ဇနီးမောင်နှံကလည်း မအေးကြည်၏အမြွှာသမီးလေး နှစ်ဦးထဲမှ တစ်ဦးကို အမွေစားအမွေခံစာချုပ်စာတမ်း ဖြင့်မွေးစားရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း သမီးလေးများကို နှစ်ယောက်အတူမခွဲဘဲ မိမိရင်ခွင် ထဲမှာပဲ အေးအတူပူအမျှရှိစေချင်သော မိခင်တစ်ဦး၏ မေတ္တာဖြင့် မပေးရက်။ မိမိမျက်စိအောက်မှာပင် ရင်အုပ်မကွာရှိစေချင်ခဲ့သည်မို့ တဖြည်းဖြည်းလှသွေး ကြွယ်အပျိုဖော်ဝင်လာသည့် ဖတဆိုးသမီးလေးတို့ကို အရိပ်တကြည့်ကြည့် ချစ်မဝ၊ ကြည့်၍မဝသော မိခင် တစ်ဦး၏ အနှိုင်းမဲ့မေတ္တာပါ။

အကြီးမလေးကြာနီခင်မှာ အလှအပနှင့် အကောင်းကြိုက်တတ်သူမို့ အရာရာကိုအငယ်မလေး ကြာဖြူခင်က အလျှော့ပေးရမြဲပါ။ "ကြာနီအတွက် ထားလိုက်ပါအမေ"ဟု အရွယ်နှင့်မမျှ အစ်မကို ဦးစားပေးနှလုံးလှသူလေးမို့ မအေးကြည်က ကြာဖြူ ခင်လေးကို ကရုဏာပိုရသည်။ ရန်ကုန်မှ အဒေါ်ဖြစ်သူ လာသည့်အခါတိုင်း ကြာနီခင်က ရန်ကုန်တွင် ကျောင်းတက်ချင်သည်ပူဆာသည်မို့ မတတ်သာသည့် အဆုံး ရည်မှန်းချက်ကြီးသော၊ အထက်တန်းကျကျ နေချင်သော သမီးကြီးကို ညီမဖြစ်သူထံ စိတ်မချခြင်း၊ မခွဲနိုင်ခြင်းခံစားချက်များစွာဖြင့် ထည့်လိုက်ရလေ တော့သည်။ မစန်းဝင်းတို့ ဇနီးမောင်နှံတို့မှာလဲ အမြွှာတစ်ယောက်ကို ခေါ်ထားခွင့်ရသည်မို့ အတိုင်း အဆမရှိ ပျော်ရွှင်နေကြလေသည်။

"သမီးကြီး ကြာနီခင်ကို သူ့ရည်မှန်းချက်ပန်းတိုင် ကို အရောက်သွားနိုင်ဖို့ သူ့ဆန္ဒတွေဖြည့်ပေးမှာပါ။ အဝင်း ရင်အုပ်မကွာစောင့်ရှောက်မှာပါ။ စိတ်ချ လက်ချနေပါ မမရယ်"ဟု ကတိများအထပ်ထပ်ပေး နေသော ညီမဖြစ်သူနှင့် ရန်ကုန်မြို့ကြီးသို့သွားရောက် နေထိုင်ရတော့မည်မို့ တက်ကြွစွာအထုပ်အပိုးပြင်နေ သည့် သမီးကြီးတို့ကို ငေးကြည့်ရင်း မအေးကြည် မျက်ရည်ဝဲနေရသည်။

"အမေကလဲလေ သမီးရည်မှန်းချက်တွေ ပြည့်တဲ့အခါ အမေ အလုပ်မလုပ်ရတော့ပါဘူး။ ဒီကြားထဲ ကျောင်းပိတ်ရက်တွေ အမေ့တို့ဆီ သမီး ပြန်လာခဲ့မှာပဲ။ အမေမျက်ရည်ကျနေရင် သမီး ဘယ်စိတ်ကောင်းမလဲ"

စာမျက်နှာ ၂၅ သို့ ➤

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၃၁၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၃၁၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၉၈၆ ကေစိုက်ပျိုးရန်လျာထားပြီး ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၃၁၁ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ မြေပဲ ကေ ၅၉၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၅၃၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာပြီး အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

ဆီထွက်သီးနှံမြေပဲကိုအထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ရာ ဆီထွက်သီးနှံမြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# စလင်းမြို့နယ် အုတ်ဖိုကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောစိမ့်ကျေးရွာအုပ်စု အုတ်ဖိုကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အုတ်ဖိုကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၇ ဒသမ ၉ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့်စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများကို စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အုတ်ဖိုကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၅ ဦးကို ငွေကျပ် ၅၇ ဒသမ ၉ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းစိုး**

## ပေးနိုင် ရနိုင် ယူနိုင်ကြပါစေ

\- မေတ္တာဂုဏ် အသွေးလန်းနုပါလို့  
အနှစ်ဖြာခြုံ အေးချမ်းမှုရယ်ဖြင့်  
ပေးကမ်းပြုဖို့ ကောင်းကျိုးတည်။

\- ငွေလမင်းပျို ရွှန်းရောင်လဲ့ရယ်က  
ဝေမျှအဆင်းချို ကွန်းနှောင်ဖွဲ့လို့  
ဆောင်ခဲ့စိတ်ကြည်။

\- မပြီးကံ ချစ်သဒ္ဒါလှပ်ရင်း  
အထီးကျန် မေတ္တာငတ်သော်လည်း  
ခရီးအဖန်ဖန် အမြစ်ပါပြတ်အောင်ပ  
အဆုံးသတ်ဖို့ ကြိုးစားမည်  
"ငါ"အလီလီ ပယ်နိုင်ရေး။

\- ပရမေရှင် မြတ်ဘုရားရဲ့  
ဓမ္မရေစင် မပြတ်ပွားလို့ရယ်  
မေတ္တာတရား စီးဖြန်းသူမှာ  
ကောင်းခြင်းတစ်မူ စိတ်ရသရယ်ဖြင့်  
ရွှင်ပျပျ လာဘ်ထွေထွေမှာ  
စီးယှက်ခွေ ဝန်းရံပေးမှာမို့  
ဖွေးဖြူအရောင် မြင့်မြတ်စိတ်နဲ့  
မွေးကြူအောင် ဆင့်ထပ်ချိတ်လို့  
အေးရိပ်လို ဘဝတစ်ခန်းကို  
(မေတ္တာဓာတ်နဲ့...)  
ဆင်မြန်းကွဲ့လေး။ ။

**ချမ်းမြေ့(ဇလွန်မြေ)**

➤ စာမျက်နှာ ၂၄ မှအဆက်

ကြာဖြူခင်လေးကတော့ အစ်မဖြစ်သူနှင့် အမေ့ကိုကြည့်ပြီး ရင်ထဲစို့နင့်စွာခံစားနေရသည်။ တစ်ခါမှမခွဲဖူးသော အမြွှာအစ်မဖြစ်သူကို တကယ်တမ်းခွဲခွာရမည်ဆိုသောအခါ မိမိပင် ဒီလောက်ခံစားနေရရင် အမေ့ရင် ဘယ်သို့ရှိမည်နည်း။ အမေ့ခံစားချက်ကို ခန့်မှန်းစာနာနားလည်မိသည်။ ကြာနီခင်တစ်ယောက် သူ့ကတိစကားအတိုင်း သီတင်းကျွတ်ကျောင်းပိတ်ရက်တွင် မိခင်ဆီသို့ပြန်လာခဲ့သည်။ ခါးလယ်ထိ ရှည်လျားနက်မှောင်သော ဆံနွယ်ရှည်တွေအစား ဂုတ်ဝဲဆံပင်တိုတိုလေးနှင့် ဖြစ်လာသကဲ့သို့ အဝတ်အအစား၊ အပြောအဆို၊ အနေအထိုင်ကအစ ပြောင်းလဲလာသည့်သမီးကြီးကိုကြည့်ပြီး မအေးကြည် သက်ပြင်းချမိသည်။

"ကြာဖြူ နင့်ဆံပင်ရှည်ကြီးကို ညှပ်လိုက်စမ်းပါဟယ်။ နင့်ကြည့်ရတာ အဘွားအိုပေါက်စကျနေတာပဲ စိတ်ပျက်လိုက်တာ"

"နင့်အတွက် အင်္ကျီလေးတွေ ငါဝယ်လာတာ။ နင့်ပုံတုန်းအင်္ကျီတွေ မဝတ်နဲ့တော့"

"နင့်အင်္ကျီတွေက ချက်ပေါ်၊ ဒူးပေါ်တွေ ငါမဝတ်ရဲပါဘူးဟယ်"

သနပ်ခါးပါးကွက်ကျား ထူပိန်းပိန်းလေးနှင့် ရင်စေ့အင်္ကျီလေးဝတ်ထားသည့် ကြာဖြူခင်ကိုကြည့်၍ ကြာနီခင်က နှာခေါင်းလေးရှုံ့၍ "ငတုံးမ"ဟု ထေ့မနာပြုလေသည်။

အမေက အပြောင်းလဲကြီးပြောင်းလဲသွားသော ကြာနီခင်ကိုကြည့်ပြီး ရင်မောစွာငေးမောကြည့်ရင်း "စန်းဝင်းရေ နင့်တူမကို သိပ်အလိုမလိုက်နဲ့နော်"ဟု စိတ်မချခြင်းများစွာဖြင့် မှာလေသည်။

"ကြာဖြူ သမီးငယ်လေးကော ကျောင်းပိတ်တုန်း ရန်ကုန်အလည်လိုက်ခဲ့မလား။ ကျောင်းဖွင့်ခါနီးပြန်ပို့ပေးမယ်"

"မလိုက်တော့ပါဘူး ဒေါ်လေးဝင်းရေ။ သမီးနဲ့ပါခွဲရရင် အမေရင်ကွဲမှာ"

ကြာဖြူခင်အပြောကြောင့် ကြာနီခင်က နှုတ်ခမ်းလေးမဲ့လိုက်ပြီး "ပိုရန်ကော"ဟု တိုးတိုးလေးပြောသည်။ သည်လိုနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းထွက်လာသောအခါ နယ်မြို့လေးမှ မိခင်ဖြစ်သူအသုပ်ဆိုင်လေးကို တစ်ဖက်မှကူ၍ ကျောင်းတက်ဖြေဆိုခဲ့သူ ကြာဖြူခင်က ဘာသာစုံဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ပြီး ရန်ကုန်မြို့မှ နာမည်ကြီးဆရာများ အိမ်ခေါ်ပြီး စနစ်တကျသင်ယူခဲ့သော ကြာနီခင်က ရိုးရိုးသာအောင်ခဲ့သည်။ မအေးကြည်က ရည်မှန်းချက်ကြီးသော သမီးကြီးအတွက် စိတ်မကောင်းဖြစ်ခဲ့ပေမဲ့ နှစ်ခြင်းပေါက်အောင်မြင်ခဲ့သည်ပဲလေဟုဖြေတွေးခဲ့သကဲ့သို့ သမီးငယ်အတွက်လဲ ဂုဏ်ယူပီတိဖြစ်ရသည်။

"အမေရေ ဒေါ်လေးဝင်းဆီက ဖုန်းလာတယ်။ ကြာနီ ဆေးရုံမှာ အရေးပေါ်တဲ့။ အမြန်ဆုံးလိုက်လာပါတဲ့"

ဒေါ်အေးကြည်နှင့် ကြာဖြူတို့ ရန်ကုန်ဆေးရုံသို့ရောက်တော့ ကြာနီခင်၏အသက်ကို မမီခဲ့ပါ။

"ဆယ်တန်းစာမေးပွဲကို သူ့ညီမ ကြာဖြူက ဂုဏ်ထူးတွေနဲ့အောင်ပြီး သူက ရိုးရိုးပဲအောင်ခဲ့တာကစလို့ ကျိတ်မနိုင်ခဲမရစိတ်တွေနဲ့ ရှိသမျှသင်တန်းအစုံလိုက်တက်တော့တာ ညဘက်တက်ရတဲ့ သင်တန်းတစ်ခုမှာ လာမကြိုနဲ့တော့တဲ့ သူ့သူငယ်ချင်းကားနဲ့ပြန်လာမယ်ဆိုပြီး ဖုန်းဆက်လာလို့ သွားမကြိုမိလိုက်ဘူး။ သူ့သူငယ်ချင်း ရည်းစားကောင်လေးက လူပြတ်တဲ့မြို့ပြင်ကို ကားတင်ပြေးတာ။ ကားထဲမှာ ရန်းရင်းဆန်ခတ်တွေဖြစ်ပြီး ကြာနီက ကားတံခါးဖွင့်ပြီး အရှိန်နဲ့မောင်းနေတဲ့ကားပေါ်က ခုန်ဆင်းတာ။ အရှိန်နဲ့ လမ်းဘေးအုတ်ခုံနဲ့ နောက်စေ့ဦးခေါင်းစောင့်မိပြီး အခုလိုတွေဖြစ်တာ မမကြည်"

ညီမဖြစ်သူ ရှိုက်ကြီးတငင်ငိုကြွေးပြီး ပြောပြနေသော သမီးကြီး၏ မကြည့်ရက်မမြင်ရက်စရာ မြင်ကွင်းအဖြစ်ဆိုးကို ကြားရမြင်ရသည့် သတင်းဆိုးကြောင့် မအေးကြည် ရင်ကွဲမတတ်အသည်းနှလုံးတို့ ကြေပြုန်းခဲ့ရသည်။ အချိန်တွေသာပြောင်းသွားခဲ့ပေမဲ့ သမီးကြီး ကြာနီခင်အတွက် ခံစားရသည့်ကြေကွဲမှု၊ လွမ်းဆွတ်မှုတွေက ရင်နှင့်မမျှ၊ အချိန်နှင့်အမျှ။ သမီးကြီးအတွက် အမေ ဒီနေ့ထိ မဖြေနိုင်သေးဘူး သမီးရေ။

"တီ တီ တီ တီ"

ကားဟွန်းသံကြောင့် ဒေါ်အေးကြည်တစ်ယောက် အတိတ်က ချောက်ချားဖွယ်၊ ရင်နင့်ဖွယ်အရိပ်တွေထဲမှ ပြန်လည်နိုးထလာခဲ့ပြီး–

"ဩော်...သမီးငယ်တောင်ပြန်လာပြီပဲ"

"အမေ ဘာတွေစဉ်းစားနေတာတုံး။ အမေ့ကို သမီးကားထဲက အကြာကြီးကြည့်နေတာ"

ဂျူတီကုပ်အင်္ကျီဖြူလွှလွှလေးကို လက်မောင်းမှာချိတ်ပြီး အိမ်ထဲဝင်လာသော ဒေါက်တာကြာဖြူခင်တစ်ဖြစ်လဲ သမီးငယ်ကို ပြုံးရယ်ပြလိုက်ရင်း–

"သမီးကိုစောင့်နေတာပေါ့ သမီးရယ်"

ကြာဖြူခင်က အမေ့ပါးလေးကို ဖွဖွနမ်းလိုက်ပြီး–

"သမီးရေချိုးပြီး အမေနဲ့အတူ ထမင်းလက်စုံစားကြမယ်အမေ။ အမေ့ပါးပေါ်က သနပ်ခါးရနံ့လေးက ရင်ထဲအေးပြီး အမောပြေသွားတာပဲ အမေရယ်"ဟုပြောပြီး အခန်းထဲဝင်သွားသည့် ကြာဖြူခင်၏ နောက်ကျောပြင်လေးကို ငေးမောကြည့်ရင်း အမေ့ရင်ထဲက ပွင့်လန်းလာတဲ့ ကြာပန်းလေးနှစ်ပွင့်ထဲက ကြာနီပန်းလေးတစ်ပွင့်က အမေ့ရင်ခွင်နဲ့ဝေးတဲ့အရပ်မှာ ကြွေလွင့်လို့သွားခဲ့ရပြီလေ။ တစ်ပွင့်ထဲသော ကြာဖြူပန်းလေးကသာ အမေ့ရင်ခွင်ထဲမှာ ငွားငွားစွင့်စွင့် ကြွားကြွားဝင့်ဝင့် အစွမ်းကုန်ပွင့်လန်းနေခဲ့သည်ပဲလေ။

# ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၀၁၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၀၁၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၀၇၈ ကေ စိုက်ပျိုးရန် လျာထားပြီး မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၁၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ရေဦးမြို့နယ်အတွင်း ပဲတီစိမ်း ၁၀၇၈ ကေစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၀၁၅ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်ပြီးလဲ စိုက်ပျိုးနေပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးတာတွေ ရှိပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# လှိုင်းဘွဲ့မြို့နယ် ဒိုင်းပြကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လှိုင်းဘွဲ့ ဩဂုတ် ၂၆**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဒိုင်းပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်နိုင်ထွန်းက ဒိုင်းပြကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေး အရင်းအနှီးများရရှိစေရန်၊ အဆိုပါလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက RBF စီမံကိန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၁၅၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် RBF စီမံကိန်း အဖွဲ့ဝင်များက ဒိုင်းပြကျေးရွာရှိ နွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်မည့် အစုအဖွဲ့နှစ်ဖွဲ့မှ အသင်းသား၊ အသင်းသူ ၁၀ ဦးကို RBF စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀ ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်နိုင်ထွန်းထံမှ သိရသည်။

ကိုသက်

# လဲချားမြို့နယ် ဟိုရင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**လဲချား ဩဂုတ် ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဟိုရင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဟိုရင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဟိုရင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၈ ဒသမ ၇ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းထံမှ သိရသည်။

အေးသူ

# သာပေါင်းမြို့နယ်တွင် ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေ

**သာပေါင်း ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သာပေါင်းမြို့နယ် ကွမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိစံက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များကို ဩဂုတ်လ ဒုတိယပတ်မှယနေ့တိုင်ဝယ်ယူမှုအားကောင်းလာသဖြင့်အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသထွက် ကွမ်းရွက်များ တစ်ရက်လျှင် ပိသာချိန် ၅၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိ ကွမ်းရွက်တွေက ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေတာပါ။ လက်ရှိမှာ ကွမ်းရွက်တစ်ပိသာကို ငွေကျပ် ၁၆၅၀၀ ထိ ပေါက်ဈေးရှိနေပါတယ်။ ဒေသထွက်ကွမ်းရွက်တွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ ဝယ်ယူမှုအားကောင်းနေလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ဒီဘက်က ကွမ်းရွက် အရောင်းအဝယ်သမားတွေက ဒေသထွက် ကွမ်းရွက်တွေကို မှာယူတဲ့ဒေသထိ လိုက်လံပို့ဆောင်ပေးနေပါတယ်။ ဒေသထွက် ကွမ်းရွက်တွေကို အရောင်းအဝယ်လုပ်ရတာ အဆင်ပြေပါတယ်"ဟု သာပေါင်းမြို့နယ် ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိစံက ပြောပြသည်။



သာပေါင်းမြို့နယ်ရှိ ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကွမ်းရွက်များကို အခြားဒေသများသို့ စနစ်တကျ ထုပ်ပိုးတင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ကွမ်းရွက်များ အရောင်းအဝယ် ကောင်းလာသည့်အတွက် ကွမ်းစိုက်ပျိုးသူတောင်သူများနှင့် ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ လုပ်သားများ အဆင်ပြေလာကြောင်း သိရသည်။

ကျော်ကျော်လင်း

# မလှိုင်မြို့နယ် ဆည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဆည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဩဂုတ် ၂၅ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၅ ဒသမ ၃ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဆည်ကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၃၀ ဒသမ ၅ သန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၂၄ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၅ ဒသမ ၃ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ပါကစ္စတန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူဦးရေ ၈၀၀ခန့် သေဆုံးပြီး ၁၀၈၀ ဒဏ်ရာရရှိခဲ့



**အစ္စလာမ်မာဘတ် ဩဂုတ် ၂၆**

ပါကစ္စတန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု၊ မြေပြိုမှုများကြောင့် လူဦးရေ ၈၀၀ ခန့်သေဆုံးပြီး ၁၀၈၀ ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့ (NDMA) က ယနေ့တွင် သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံတွင် ယခုနှစ်ဇွန် ၂၆ ရက်မှစ၍ ဩဂုတ် ၂၆ ရက်ထိ နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှု၊ ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် လူဦးရေ ၈၀၀ ခန့် သေဆုံးပြီး ဦးရေ ၁၀၈၀ ဒဏ်ရာရရှိခဲ့ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ရေစီးနှင့် မျောပါပျောက်ဆုံးသူများ၊ မြေပြိုပြီးပျောက်ဆုံးနေသူများ ရှိသဖြင့် သေဆုံးသူအရေအတွက် တိုးလာနိုင်သကဲ့သို့ လက်ရှိအချိန်ထိ မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရေကြီးမှုများ ဆက်လက်ဖြစ်ပွားနေသဖြင့် လူများထပ်မံထိခိုက်သေကျေမည်ကို စိုးရိမ်မှုများ မြင့်တက်နေသည်ဟု NDMA ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

သေဆုံးသူများထဲတွင် အမျိုးသား ၄၇၇ ဦး၊ အမျိုးသမီး ၁၁၉ ဦး၊ ကလေးဦးရေ ၂၀၀ ကျော်ရှိကြောင်း၊ နိုင်ငံ၏အနောက်မြောက်ပိုင်း Khyber Pakhtunkhwa ပြည်နယ်သည် လူသေဆုံးမှုအများဆုံးနှင့် အထိခိုက်ဆုံး ဒေသဖြစ်ကြောင်း၊ လက်ရှိနိုင်ငံတစ်ဝန်းတွင် အိမ်ခြေ ၇၁၇၅ လုံး ပျက်စီးခဲ့ပြီး တိရစ္ဆာန် ၅၅၂ ကောင် သေဆုံးခဲ့ကြောင်း၊ ပြည်နယ်အဆင့် ကယ်ဆယ်ရေးဌာနပေါင်း ၅၈၂ ခု ဖွင့်လှစ်ထားပြီး ကယ်ဆယ်ရေးနှင့် ဆေးဝါးကုသရေးစခန်း ၆၅၈ ခုကို ထူထောင်ထားကြောင်း NDMA ၏ ထုတ်ပြန်ချက်အရ သိရသည်။

Ref : Sputnik News
Trs : KZ

# အင်္ဂလန်နိုင်ငံ ရှေ့ရှိုင်းယားကောင်တီအနီး တောမီးလောင်ကျွမ်းနေပြီး တောမီးမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေ

**လန်ဒန် ဩဂုတ် ၂၆**

အင်္ဂလန်နိုင်ငံ ရှရှေ့ရှိုင်းယားကောင်တီအနီးတွင် ဩဂုတ် ၂၅ ရက်တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့ပြီး တောမီးသည် ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေကြောင်း ရှေ့ရှိုင်းယားကောင်တီ မီးသတ်တပ်ဖွဲ့က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြခဲ့သည်။

တောမီးသည် ပူလ်ဗာဘက်တောင်နှင့် ဟောက်မွန့်တောင်အနီးတွင် လောင်ကျွမ်းနေခြင်းဖြစ်ပြီး မီးသတ်တပ်ဖွဲ့ဝင်အင်အားအမြောက်အမြားဖြင့် တောမီးကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေကြောင်း ရှေ့ရှိုင်းယားကောင်တီ အာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"တောမီးငြိမ်းသတ်ဖို့ ရေရရှိရေးကလဲ ကန့်သတ်ချက်တစ်ခုဖြစ်နေသလို မြေပြင်ကနေ သွားရောက် ငြိမ်းသတ်ဖို့ကလဲ ကန့်သတ်ချက်တွေ ရှိနေပါတယ်။ တောမီးကို အမြန်ဆုံး ထိန်းချုပ်နိုင်ဖို့အတွက် မီးသတ်တပ်ဖွဲ့ဝင်တွေအကောင်းဆုံးကြိုးစားပေးနေပါတယ်"ဟု ရှေ့ရှိုင်းယားကောင်တီ မီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် သစ်တောမြေဟက်တာ ၂၀ ထိ ပျက်စီးနေပြီး တောမီးဆက်လက်ကူးစက်လောင်ကျွမ်းခြင်းမရှိစေရေးအတွက် Drone များအသုံးပြုလျက်ရှိပြီး တောမီးကူးစက် လောင်ကျွမ်းနိုင်သည့်နေရာများသို့ မီးသတ်တပ်ဖွဲ့ဝင်များစေလွှတ်ကာ အတားအဆီးများ ပြုလုပ်ပေးလျက်ရှိကြောင်း ရှေ့ရှိုင်းယားကောင်တီ မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ဟန္နိုင်းမြို့တွင် ကဂျိကိတိုင်ဖွန်းမုန်တိုင်းကြောင့် ဒေသခံ လူသုံးဦးသေဆုံး

**ဟန္နိုင်း ဩဂုတ် ၂၆**

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းဟန္နိုင်းမြို့တွင် ဩဂုတ် ၂၅ ရက်က ကဂျိကိတိုင်ဖွန်းမုန်တိုင်းတိုက်ခတ်မှုဖြစ်ပေါ်ခဲ့ပြီး ဒေသခံလူသုံးဦး သေဆုံးခဲ့ကြောင်း ဗီယက်နမ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြခဲ့သည်။

မုန်တိုင်းကြောင့် သေဆုံးသူသုံးဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၁၀ ဦးထိရှိနေပြီး မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရသည့် လူနေအိမ်ခြေပေါင်း ၇၀၀၀ ထိရှိနေပြီး သစ်ပင်ပေါင်း ၁၈၀၀၀ ထိ ကျိုးကျခဲ့သလို စပါးစိုက်ခင်းဟက်တာ ၂၈၀၀၀ ထိ ပျက်စီးခဲ့ကြောင်း သိရသည်။

ထို့ပြင် လျှပ်စစ်ဓာတ်အားပေးဓာတ်တိုင်ပေါင်း ၃၃၁ တိုင်ထိ ပျက်စီးမှုရှိခဲ့သည့်အတွက် လျှပ်စစ်မီးပြတ်တောက်မှုများဖြင့် ရင်ဆိုင်နေရသည်။ မုန်တိုင်းကြောင့် လျှပ်စစ်မီး ပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရသည့် စီရင်စုများမှာ တန်ဟောင်စီရင်စု၊ ငဲအန်စီရင်စု၊ ဟာတင်ဟ်စီရင်စု၊ တိုင်ငုယင်စီရင်စုနှင့် ပူသိုစီရင်စုတို့ဖြစ်ကြောင်း သိရသည်။

မုန်တိုင်းကြောင့် နိုင်ငံအလယ်ပိုင်း ရှိကမ်းခြေများတွင် မြစ်ရေလျှံတက်မှုဖြစ်ပေါ်နေသကဲ့သို့ ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်သည့် အခြေအနေဖြစ်ကြောင်း သိရသည်။

"ကဂျိကိလို့ အမည်ပေးထားတဲ့ တိုင်ဖွန်းမုန်တိုင်းဟာ ဟန္နိုင်းမြို့အပါအဝင် အလယ်ပိုင်းဒေသတွေကို ဖြတ်သန်းတိုက်ခတ်ခဲ့ပါတယ်။ မုန်တိုင်းကြောင့် အလယ်ပိုင်းကမ်းခြေတွေမှာ ရေလယ်ဗယ်မြင့်တက်လာမှုတွေလဲ ဖြစ်ပေါ်နေပါတယ်။ မြစ်ရေလျှံတက်မှုတွေလဲ ဖြစ်ပေါ်လာနိုင်တဲ့အခြေအနေဖြစ်ပါတယ်။ မုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းနေပြီး မိုးရေချိန်ဟာ ၁၅၀ မီလီမီတာထိ မြင့်တက်နေပါတယ်။ နိုင်ငံရဲ့ကုန်းနိမ့်ပိုင်း တချို့မှာတော့ ရေကြီးရေလျှံမှု၊ ရေလွှမ်းမှုတွေ စတင်နေပြီဖြစ်ပါတယ်"ဟု National Weather Agency မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ကက်စပီယန်ပင်လယ်တွင် မိုးခေါင်ရေရှားမှုနှင့် ရေခန်းခြောက်မှုကြောင့် ရေလယ်ဗယ်ကျဆင်း

**ဘာကူး ဩဂုတ် ၂၆**

အဇာဘိုင်ဂျန်နိုင်ငံ ရေပိုင်နက်အတွင်းတည်ရှိသည့် ကက်စပီယန်ပင်လယ်တွင် မိုးခေါင်ရေရှားမှုနှင့် ရေထုအရင်းအမြစ်ခန်းခြောက်မှုကြောင့် ရေလယ်ဗယ်သိသိသာသာ ကျဆင်းမှုဖြင့် ရင်ဆိုင်နေရကြောင်း ဂေဟစနစ်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဇာဘိုင်ဂျန်နိုင်ငံ ရေပိုင်နက်အတွင်းရှိ ကက်စပီယန်ပင်လယ်သည် တစ်နှစ်ထက် တစ်နှစ် ရေလယ်ဗယ် ကျဆင်းမှုဖြစ်ပေါ်နေပြီး ရာသီဥတုဖောက်ပြန်မှုကြောင့် ရေနံတင်သင်္ဘောများနှင့် ကုန်တင်သင်္ဘောကြီးများ ဖြတ်သန်းသွားလာရန် ခက်ခဲမည့် အခြေအနေဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ကြောင်း သိရသည်။

အဇာဘိုင်ဂျန်နိုင်ငံတွင် ကက်စပီယန်ပင်လယ်ဖြင့် နီးကပ်စွာနေထိုင်သည့် လူဦးရေပေါင်း ၄ သန်းခန့်ထိရှိနေပြီး ကက်စပီယန်ပင်လယ်မှ ရေထုအရင်းအမြစ်ကို မှီခိုအားထားနေရကြောင်း သိရသည်။

"ကက်စပီယန် ပင်လယ်မှာ ရာသီဥတု ဖောက်ပြန်မှု၊ ရေထုအရင်းအမြစ် ခန်းခြောက်မှုတွေကြောင့် ရေလယ်ဗယ်တွေကျဆင်းလာခဲ့တယ်။ တစ်နှစ်ထက်တစ်နှစ် ရေလယ်ဗယ်ဟာ ကျဆင်းလာခဲ့တယ်။ မိုးခေါင်မှုအပြင် ရေထုအရင်းအမြစ် ခန်းခြောက်လာမှုကြောင့်လဲ ကက်စပီယန်ပင်လယ်မှာ ရေလယ်ဗယ်ကျဆင်းလာခဲ့တာ ဖြစ်ပါတယ်။ ကမ်းခြေဒေသတွေမှာ ဂေဟစနစ်တွေလဲ ယိုယွင်းလာတယ်။ ကက်စပီယန်ပင်လယ်မှာ ရေနံတင်သင်္ဘောတွေနဲ့ကုန်တင်သင်္ဘောကြီးတွေ ဖြတ်သန်းသွားလာဖို့ ခက်ခဲလာနိုင်တယ်။ ဂေဟစနစ်ဝန်ကြီးဌာနအနေနဲ့လဲ ဒီပြဿနာကို ဖြေရှင်းဖို့အတွက် ကြီးမားတဲ့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်" ဟုဂေဟစနစ်ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဟာဂျီယက်ဖ်က ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း အဇာဘိုင်ဂျန်နိုင်ငံအတွင်းရှိ ကက်စပီယန်ပင်လယ်တွင် ရေလယ်ဗယ်မှာ ၀ ဒသမ ၉၃ မီတာ ကျဆင်းခဲ့သလို ပြီးခဲ့သည့် ၁၀ နှစ်တာကာလအတွင်း ၁ ဒသမ ၅ မီတာ ထိ ကျဆင်းခဲ့သည်။

ထို့ပြင် နှစ်ပေါင်း ၃၀ အတွင်း မူလရေလယ်ဗယ်ပမာဏထက် ၂ ဒသမ ၅ မီတာထိ ကျဆင်းခဲ့သည်ဟု ဂေဟစနစ်ဝန်ကြီးဌာနက မှတ်တမ်းများဖြင့် ဖော်ပြခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ရုရှားနိုင်ငံ ကာရေးကျွန်းစု အရှေ့ဘက်တွင် ပြင်းအား ၆ မဂ္ဂနီကျူကျော် အဆင့်ရှိ ငလျင်နှစ်ခု လှုပ်ခတ်ခဲ့

**မော်စကို ဩဂုတ် ၂၆**

ရုရှားနိုင်ငံ ကာရေးကျွန်းစု အရှေ့ဘက်တွင် ဩဂုတ် ၂၅ ရက်က ပြင်းအား ၆ မဂ္ဂနီကျူကျော် အဆင့်ရှိ ငလျင်နှစ်ခု လှုပ်ခတ်ခဲ့ကြောင်း US Geological Survey မှ ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံ ကာရေးကျွန်းစု အရှေ့ဘက်တွင် ဩဂုတ် ၂၅ ရက် နံနက် ၆ နာရီ ၄၈ မိနစ်တွင် ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူအဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ ကြောင်း၊ အဆိုပါ ငလျင်သည် ပင်လယ်ပြင် အနက် ၆ ဒသမ ၂ မိုင်၊ မြောက်လတ္တီတွဒ် ၄၉ ဒသမ ၃၉ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၆၀ ဒသမ ၀၄ ဒီဂရီကို ဗဟိုပြုလှုပ်ခတ်ခဲ့ကြောင်း၊ ဩဂုတ် ၂၅ ရက် ညနေ ၆ နာရီခန့်တွင် ပြင်း အား ၆ ဒသမ ၃ မဂ္ဂနီကျူအဆင့်ရှိ ငလျင်တစ်ခု ထပ်မံလှုပ်ခတ်ခဲ့ပြီး အဆိုပါငလျင်သည်လည်း ပထမ ငလျင်လှုပ်ခတ်ခဲ့သည့်ရေပြင်ကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ငလျင်များလှုပ်ခတ်ခဲ့မှုကြောင့် ကာရေးကျွန်းစု အရှေ့ဘက်ရှိ လူနေအဆောက်အအုံ၊ အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားတချို့ ပျက်စီးခဲ့ကြောင်း၊ သစ်ပင်များနှင့် လျှပ်စစ်ဓာတ် အားပေးဓာတ် တိုင် တချို့လည်း ပျက်စီးခဲ့ကြောင်း၊ ငလျင်လှုပ်ခတ်ခဲ့သည့် အတွက်ကြောင့် အဆောက်အအုံတချို့ အက်ကွဲသွားခဲ့ရသည့်အတွက် အဆိုပါ အဆောက်အအုံများကို စစ်ဆေးမှုများပြုလုပ်နေကြောင်း၊ လူအသေအပျောက်မရှိသော်လည်း အနည်းငယ် ထိခိုက်ဒဏ်ရာရမှုနှင့် ပစ္စည်းများပျက်စီးမှုရှိကြောင်း ရုရှားနိုင်ငံ၏ မြို့ပြကာကွယ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြ၍ သိရသည်။

Ref : Sputnik News
Trs : KZ

# မရောင်းကောင်းသော ကုန်စည်များအကြောင်း

**လင်းလက်**

**ဘဝအတွက် အတတ်ပညာ**

အသက်မွေးဝမ်းကျောင်း အတတ်ပညာများစွာရှိသည့်အနက်တွင် ကုန်ကူးသန်းရောင်းဝယ်ခြင်းအတတ်ပညာသည်ကား မှန်ကန်မှုတစွာဆောင်ရွက်တတ်မည်ဆိုပါက ကုသိုလ်လည်းရ ဝမ်းလည်းဝသောအလုပ်ပင်ဖြစ်သည်။ ကူးသန်းရောင်းဝယ်ခြင်းဖြင့် အသက်မွေးသူကို ကုန်သည်ဟု မြန်မာအဘိဓာန်က အဓိပ္ပာယ်ဖွင့်ဆိုသည်။ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတို့ကို ဝယ်ယူခြင်းနှင့် ပြန်လည်ရောင်းချခြင်းတို့ဖြင့် အသက်မွေးသူကို ကုန်သည် သို့မဟုတ် ကုန်ကူးသန်းရောင်းဝယ်သူဟု ခေါ်ဆိုနိုင်သည်။ ကုန်ကူးသန်းရောင်းဝယ်ခြင်းအလုပ်ကို အနှစ်ချုပ်ပြောဆိုရမည်ဆိုပါလျှင် ဒေသတစ်ခုတွင်ရှိသော ကုန်စည်များကိုဝယ်ယူ၍ ထိုကုန်စည်များကို လိုအပ်သည့်အခြားဒေသတစ်ခုသို့ သွားရောက်ရောင်းချခြင်းသာဖြစ်သည်။ ထိုကဲ့သို့ တစ်နေရာမှ ကုန်စည်ကိုဝယ်ယူ၍ အခြားတစ်နေရာတွင် အမြတ်အစွန်းရယူကာ ရောင်းချခြင်းအလုပ်သည် ကုန်သည်တို့၏ အဓိကအလုပ်ပင်ဖြစ်သည်။

မိမိတို့ဒေသတွင်မရှိသော်လည်း မိမိတို့အတွက် အသုံးဝင်မည့်ကုန်စည်များကို ရောင်းချပေးသည့် ကုန်သည်များသည် လူမှုစီးပွားဘဝလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်သဖြင့် လူမှုပတ်ဝန်းကျင်အတွက် မရှိမဖြစ်လိုအပ်သည်။ လူတို့သည် မိမိတို့နေ့စဉ်အသုံးပြုနေကြသည့်ပစ္စည်းများ၊ စားသောက်နေသည့် အစားအသောက်များအားလုံးကို ကိုယ်တိုင်ဖန်တီးရယူနိုင်ရန် မဖြစ်နိုင်ပေ။ လူနေမှုဘဝနေ့စဉ်ကုန်စည်နှင့် ဝန်ဆောင်မှုလိုအပ်ချက်များကရှိနေသဖြင့် ထိုကွက်လပ်များကို ဖြည့်ဆည်းပေးနေသည်က ကုန်သည်တို့ပင်ဖြစ်သည်။ ကုန်ကူးသန်းရောင်းဝယ်သောအလုပ်ဖြင့် အသက်မွေးခြင်းအလုပ်သည် ကမ္ဘာဦးအစကစ၍ ယနေ့အချိန်ထိ လူသားတို့မကင်းနိုင်သည့်အလုပ် (အသက်မွေးမှု)ပင်ဖြစ်သည်။ မည်သည့်အသက်မွေးမှုဖြင့် ဘဝကိုခရီးဆက်မိစေကာမူ သူတစ်ပါးထိခိုက်နစ်နာစေသည့်အလုပ်မဟုတ်ရန်သာလိုသည်။ လောဘကင်းစင်၍ အတ္တဆိုသည့်ကိုယ်ကျိုးအတွက် ကုန်သည်ဘဝဖြင့် စီးပွားရှာရာတွင် ပရဆိုသည့်အများအကျိုးကို မထိခိုက်စေရန်ကလည်း အလွန်အရေးကြီးသည်။

**ကုန်သည်ကျင့်ဝတ်**

လူသားဘဝ အသက်ရှင်သန်စဉ်ကာလ စီးပွားဥစ္စာရှာဖွေကြရန်အတွက် အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုကို လုပ်ကိုင်ကြရသည်။ မည်သည့်အလုပ်ဖြင့် ကျင်လည်အသက်မွေး၍ ဘဝအရေးများကို ဖြေရှင်းဆောင်ရွက်စေကာမူ မိမိကျင်လည်ရာအလုပ်အတွက် လိုအပ်သည့်ကျင့်ဝတ်များကို သိရှိလိုက်နာထားရန်လိုသည်။ ကုန်သည်တို့ဘဝ လိုက်နာရမည့် ကျင့်ဝတ်များစွာရှိနိုင်သော်လည်း "ကုန်စည်ဈေးနှုန်းများကို မတည်မငြိမ်ဖြစ်အောင်မလုပ်ခြင်း၊ လိမ်လည်လှည့်ဖြားမှုမရှိခြင်း" စသည့်ကျင့်ဝတ်များကိုလိုက်နာရန် လိုအပ်သည်။ ထို့ထက်ပို၍ အရေးကြီးသည်မှာ ကုန်စည်အဖြစ် သတ်မှတ်၍ မရောင်းအပ်သောကုန်စည်များကို ရောင်းဝယ်ဖောက်ကားမိခြင်းမရှိရန်က အဓိကပင်ဖြစ်သည်။

ကုန်ကူးသန်းရောင်းဝယ်ခြင်း အတတ်ဖြင့် အသက်မွေးသည့်အလုပ်မှာ ကမ္ဘာဦးအစကတည်းက ရှိခဲ့သည်။ မြတ်စွာဘုရားရှင် လက်ထက်ကလည်း ရှိခဲ့သဖြင့် ကုန်သည်ဘဝလောဘတရားတို့ ကင်းစင်ပြီး မှန်ကန်စွာရောင်းဝယ်ဖောက်ကားကြရန် ဟောကြားခဲ့သည်။ ကုန်သည်ဘဝဖြင့် အသက်မွေးမည်ဟု ဆုံးဖြတ်ချက်ချမိလိုက်သည့်အချိန်တွင် လောကလူ့ရွာတွင် ရောင်းဝယ်ဖောက်ကားခြင်းအမှုမပြုသင့်သည့် ကုန်စည်မျိုးငါးပါးကို လူသားတို့အကျိုးအတွက် မြတ်စွာဘုရားရှင်က ဟောကြားပြသဆုံးမခဲ့သည်။ မြတ်စွာဘုရားရှင်က လူသားတို့အကျိုးအတွက် "သတ္တဝဏိဇ္ဇာ - အများသေစေကြောင်း လေးမြားစသော လက်နက်ပေါင်းအမျိုးမျိုးကို ရောင်းခြင်း၊ သတ္တဝဏိဇ္ဇာ - ဆင်၊ မြင်း၊ လူ စသောအစေခံသတ္တဝါအပေါင်းကို ရောင်းခြင်း၊ မံသဝဏိဇ္ဇာ - ဝက်၊ သမင် စသောအသားစားကြောင်း သတ္တဝါအပေါင်းကို ရောင်းခြင်း၊ မဇ္ဇဝဏိဇ္ဇာ - သေရည်အရက် အမျိုးမျိုးကိုရောင်းခြင်း၊ ဝိသဝဏိဇ္ဇာ - အများကို သေစေတတ်သောအဆိပ်အမျိုးမျိုးကိုရောင်းခြင်း"စသည့် ငါးမျိုးသောအရာတို့ကို ရောင်းချခြင်းကိုတားမြစ်ထားသည်။

**လူမိုက်အားပေးမဖြစ်စေလို**

လူကိုလူချင်းသတ်ဖြတ်ခြင်းကို မည်သည့်လူ့ဘောင်အဖွဲ့အစည်း၊ မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုး၊ မည်သည့်ဘာသာ ကိုးကွယ်စေကာမူ လက်သင့်မခံကြပေ။ လူကိုသေစေနိုင်သည့် လက်နက်အမျိုးမျိုးကို မိမိကိုယ်ကျိုးအတွက် ရောင်းဝယ်ဖောက်ကားခြင်းကို ပြုလုပ်တတ်သူကိုလည်း လူမှုပတ်ဝန်းကျင်က လက်သင့်ခံလိမ့်မည်မဟုတ်ပေ။ သတ္တဝါအချင်းအချင်း နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းအလုပ်သည် လူဆိုသောသတ္တဝါတို့အတွက် လုံးဝမအပ်စပ်ပေ။ အချင်းအချင်းသတ်ဖြတ်ခြင်းအလုပ်သည် အသိဉာဏ်ကင်းမဲ့သောတိရစ္ဆာန်တို့၏ လုပ်ရပ်ပင်ဖြစ်သည်။ လူအချင်းအချင်းသတ်ဖြတ်ခြင်းကို အားပေးသောလူသတ်လက်နက်များကို ရောင်းဝယ်ဖောက်ကားခြင်းသည် ကိုယ်တိုင်လူမသတ်သော်လည်း လူသတ်ခြင်းကိုအားပေးသောသူသာဖြစ်သဖြင့် မလုပ်အပ်ပေ။ မိမိနိုင်ငံ မိမိလူမျိုးတို့ကို ကာကွယ်စောင့်ရှောက်နိုင်ရေး အလေးထား၍ လူသူလက်နက် စုဆောင်းခြင်းအလုပ်သည်ကား လူသားတို့အကျိုးအတွက် ရည်ရွယ်ခြင်းဖြစ်သဖြင့် အပြစ်ဆိုရန်မလိုပေ။

❖ **လူနေမှုဘဝနေ့စဉ် ကုန်စည်နှင့် ဝန်ဆောင်မှုလိုအပ်ချက်များကရှိနေသဖြင့် ထိုကွက်လပ်များကို ဖြည့်ဆည်းပေးနေသည်က ကုန်သည်တို့ပင်ဖြစ်သည်။ ကုန်ကူးသန်းရောင်းဝယ်သောအလုပ်ဖြင့် အသက်မွေးခြင်းအလုပ်သည် ကမ္ဘာဦးအစကစ၍ ယနေ့အချိန်ထိ လူသားတို့မကင်းနိုင်သည့်အလုပ်(အသက်မွေးမှု)ပင်ဖြစ်သည်။ မည်သည့်အသက်မွေးမှုဖြင့် ဘဝကိုခရီးဆက်မိစေကာမူ သူတစ်ပါးထိခိုက်နစ်နာစေသည့်အလုပ်မဟုတ်ရန်သာလိုသည်။ လောဘကင်းစင်၍ အတ္တဆိုသည့်ကိုယ်ကျိုးအတွက် ကုန်သည်ဘဝဖြင့်စီးပွားရှာရာတွင် ပရဆိုသည့် အများအကျိုးကိုမထိခိုက်စေရန်ကလည်း အလွန်အရေးကြီးသည်။** ❖

သတ္တဝါတို့အနက် လူဆိုသည်မှာ အမှား၊ အမှန် အကောင်း၊ အဆိုး၊ အကြောင်းအကျိုးတို့ကို ပိုင်းခြားဝေဖန်နိုင်စွမ်းရှိသည့် သတ္တဝါပင်ဖြစ်သည်။ လူသားအချင်းအချင်း ခေါင်းပုံဖြတ် အမြတ်ထုတ်၍ လူကို ကုန်စည်အဖြစ်သတ်မှတ်၍ ရောင်းဝယ်ဖောက်ကားခြင်းသည် လူသားတစ်ဦးအနေဖြင့် မလုပ်သင့်သောအလုပ်ပင်ဖြစ်သည်။ မြတ်စွာဘုရားရှင်က "မိစ္ဆာစာရဖြင့် အသက်မွေးသောမိန်းမပေါ့ (ပြည့်တန်ဆာ) ရောင်းဝယ်ခြင်း၊ လူအများကို ကျွန်အဖြစ်ရောင်းဝယ်ခြင်း"တို့ကိုမပြုလုပ်ရန် တားမြစ်ခဲ့သည်။ ယနေ့ခေတ်တွင် လူကုန်ကူးမှုဆိုသည့် လူသားချင်းစာနာထောက်ထားမှုမရှိဘဲ လူသားကို ကုန်ပစ္စည်းအဖြစ်သတ်မှတ်ကာ မိမိအကျိုးအတွက် တရားမဝင် ရောင်းဝယ်ဖောက်ကားနေသူများသည် လူမဟုတ်သောမိစ္ဆာစာရဖြင့် အသက်မွေးသူများပင်ဖြစ်သည်။ ကမ္ဘာ့လူသားများ၏ လူမှုစီးပွားဘဝလုံခြုံမှုကို ခြိမ်းခြောက်နေသော နိုင်ငံဖြတ်ကျော်မှုခင်း ၁၀ မျိုးတွင် လူအချင်းချင်း ရောင်းဝယ်ခြင်းအမှုကို ပြုသည့် "လူကုန်ကူးမှုနှင့် လူမှောင်ခိုမှု" ပါဝင်သည်။

**မဖြစ်မနေမဟုတ်ပါကရှောင်ကြပါ**

ကိလေသာမကင်းနိုင်သေးသော လူသားများအနေဖြင့် အသားစားခြင်းဆိုသည့် အမှုကိုရှောင်ရှားနိုင်ရန် မဖြစ်နိုင်ပေ။ သို့သော် "သားသမင်၊ နွား၊ ဆိတ်၊ ကြက်၊ ဝက်၊" စသည့်သတ္တဝါတို့ကို မွေးမြူ၍ အသား၊ ငါးတို့ကို အများအပြားကူးသန်းရောင်းဝယ်ခြင်းကိုပြုလုပ်ခြင်းသည် သတ္တဝါတို့ကိုနှိပ်စက်သတ်ဖြတ်ရန် အကြောင်းတရားကိုဖြစ်စေသဖြင့် မြတ်စွာဘုရားရှင်က တားမြစ်သည်။ ဖြစ်သင့်ဖြစ်ထိုက်သော မွေးမြူရောင်းဝယ်ခြင်းသည် ဘဝပေးအခြေအနေအရဟု ဆိုနိုင်သော်လည်း အမြောက်အမြားမွေးမြူ၍ ရောင်းဝယ်ဖောက်ကားခြင်းမျိုးကိုတော့ တတ်နိုင်သမျှ ရှောင်ရှားကြရမည်ဖြစ်သည်။

"စားသောက်၊ ရှူရှိုက်ထိခိုက်မိလျှင် အသက်အန္တရာယ်ဖြစ်စေတတ်သောအရာ"ဖြစ်သည့် အဆိပ်ဆိုသည်မှာ လူသားတို့နှင့် မအပ်စပ်သောအသုံးပြုရန်မသင့်သောအရာပင်ဖြစ်သည်။ အဆိပ်ဆိုသည်မှာ သတ္တဝါတို့ကိုသေစေတတ်သည့် အရာပင်ဖြစ်သဖြင့် ရောင်းဝယ်ဖောက်ကားရန်မသင့်ပေ။ ဥပမာတစ်ခုတင်ပြရမည်ဆိုလျှင် လူသားတစ်ဦးအဖြစ် သန္ဓေတည်နေသည့် လူ့ဘဝကိုအားခဲလာရောက်သည့် လူသားတစ်ဦးကိုသေစေသည့် ကိုယ်ဝန်တားဆေးသည်ပင် လူကိုသေစေသည့် အဆိပ်ဖြစ်သဖြင့် ရောင်းဝယ်ဖောက်ကား၍ စီးပွားဖြစ်အောင် ကြိုးစားခြင်းအမှုမပြုသင့်ပေ။

သေရည်သေရက် လူကိုဖျက်၏ဆိုသည့်စကားနှင့်အညီ အရက်သေစာသောက်စားမိသူတို့၏ ဘဝသည် အချိန်မတန်မီပျက်စီးရသည်။ အရက်ကြောင့် ရောဂါပေါင်းများစွာဖြစ်ပွားနိုင်သကဲ့သို့ ကုသ၍မရနိုင်သည့် ကင်ဆာရောဂါအမျိုးမျိုးကိုပင် ဖြစ်ပွားစေသည်။ မူးယစ်သောက်စား ပျော်ပါးတတ်သူတို့သည် အလုပ်ပျက်၊ အကိုင်ပျက် ဖြစ်စေရုံသာမက ဘဝပင်ပျက်ရသည်ထိဖြစ်နိုင်သဖြင့် သေရည်သေရက်ကိုရောင်းဝယ်ဖောက်ကားသူသည် လူသားတို့ကိုဘဝအညွန့်တုံးအောင် ဆောင်ရွက်နေခြင်းသာဖြစ်သည်။ ထို့ထက်ပိုဆိုးသည်က မူးယစ်ဆေးဝါးများကို တရားမဝင်ရောင်းဝယ်ဖောက်ကား၍ လူသားမဆန်စွာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသည့် ဝိသမလောဘသမားဘဝကို ကုန်ကူးသန်ရောင်းဝယ်သူများ မရောက်သွားကြစေလိုပေ။

**ထာဝရရှောင်ကြစေလို**

"ပျားသည် ပန်းပွင့်ကိုမထိခိုက်စေမူ၍ ဝတ်ရည်ကိုသာ စုပ်ယူလျက် ပျားလပို့ကိုအားထုတ်ဆောက်လုပ်သကဲ့သို့ မိမိသူတစ်ပါးနှစ်ဦးသားကို မညှဉ်းဆဲ၊ မထိခိုက်စေမူ၍ တရားသဖြင့် ဥစ္စာပစ္စည်းကို စုဆောင်းရှာမှီးသောသူ၏ ဥစ္စာတို့သည် ခြတောင်ပို့ကြီးပွားသကဲ့သို့ ကြီးပွားခြင်းသို့ရောက်ကုန်၏"ဟု မြတ်စွာဘုရားရှင်က ဟောကြားခဲ့သည်။ ကုန်ရောင်းကုန်ဝယ်ပြုလုပ်ခြင်းဖြင့် အသက်မွေးခြင်းသည် လောဘတရားကိုတတ်နိုင်သမျှ ချိုးနှိမ်၍ အရောင်းအဝယ်ပြုလုပ်သင့်သည့် ကုန်စည်များကိုသာ ရောင်းဝယ်ဖောက်ကားခြင်းအမှုကို ပြုမည်ဆိုပါက မိမိသူတစ်ပါးနှစ်ဦးသား အကျိုးရှိသောအလုပ်ပင်ဖြစ်သည်။ နေရာဒေသတစ်ခုတွင်မရှိ၍ ထိုဒေသအတွက် လိုအပ်သောကုန်စည်ကို အခြားဒေသတစ်ခုမှနေ၍ ဝယ်ယူပေးခြင်းသည် ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ပင်ဖြစ်စေသည်။ လူတစ်ဦးအတွက် လိုအပ်သောကုန်စည်တစ်ခုကို မိမိက အခြားသူတစ်ဦးထံမှ ရှာဖွေဝယ်ယူပေး၍ ရသောအမြတ်ကို စားရခြင်းသည် ပီတိကိုစားရသောအလုပ်ပင်ဖြစ်သည်။

"လူနှင့်လက်နက်၊ ကြက်၊ ဝက်၊ ယစ်မျိုး၊ အဆိပ်ဆိုးဟု၊ ကောင်းကျိုးမရ၊ အပယ်ကျသော၊ ဝဏိဇ္ဇငါး၊ မရောင်းစားဘဲ၊ ခုနစ်ပါးဒုစရိုက်၊ ကြဉ်ဖယ်လိုက်၍၊ အမြိုက်ဘူမိ၊ ရောက်ကြောင်းရှိသော၊ သုစရိုက်ကျင့်၊ စိတ်ကောင်းမြင့်လျက်၊ သင့်တင့်ညီစွာ၊ ကုန်သွယ်ပါလျှင်၊ မိစ္ဆာဇီဝါ၊ ကင်းလွတ်ပါလျက်၊ သမ္မာဇီဝါ၊ ပြည့်စုံပါသည်၊ ဥပသကာဇီဝတည်း" ဆိုသည်နှင့်အညီ မြတ်စွာဘုရားတားမြစ်သည့် ကုန်စည်ငါးပါး ရောင်းဝယ်ဖောက်ကားခြင်းကို ထာဝရရှောင်ရှားရမည်ဖြစ်သည်။ ထိုကဲ့သို့ ရှောင်ရှားနိုင်သူသည် ဒုစရိုက်တရားများနှင့်လည်း ကင်းဝေးသွားနိုင်ပြီး သုစရိုက်တရားများဖြင့် ဘဝကိုသမ္မာအာဇီဝဖြင့် အသက်မွေးဝမ်းကျောင်း ပြုနိုင်မည်ဖြစ်သည်။ သမ္မာအာဇီဝဖြင့် အသက်မွေးသူတိုင်းသည် ဘဝအောင်မြင်မှုကို မှန်ကန်မှုတစွာရနိုင်ကြမည်သာဖြစ်သည်။

ရှဥ့်လည်းလျှောက်သာ ပျားလည်းစွဲသာဆိုသကဲ့သို့ပင် လူမှုပတ်ဝန်းကျင်အတွက် အမှန်တကယ်လိုအပ်သည့် ကုန်စည်များကိုရောင်းဝယ်ဖောက်ကားပေးခြင်းဆိုသည့် ကုန်ကူးသန်းရောင်းဝယ်သူဘဝသည် မွန်မြတ်လှသည်။ လောဘတတ်၍ မရောင်းအပ်သောကုန်စည်များ ရောင်းဝယ်ဖောက်ကား၍ စားသောက်မိမည်ဆိုပါက အဆိပ်ရည်ကိုသောက်မိသကဲ့သို့သာဖြစ်မည်ဖြစ်သည်။ "လူသတ်လက်နက်များကိုရောင်းချခြင်း၊ ဆင်၊ မြင်း၊ လူ စသောအစေခံသတ္တဝါတို့ကိုရောင်းချခြင်း၊ ဝက်၊ သမင် အစရှိသော အသားစားကြောင်းသတ္တဝါတို့ကို ရောင်းချခြင်း၊ သေရည်အရက်အမျိုးမျိုးကိုရောင်းချခြင်း၊ အများကို သေစေတတ်သော အဆိပ်အမျိုးမျိုးကိုရောင်းချခြင်း၊" စသည့် မိမိအပါအဝင် လူမှုပတ်ဝန်းကျင်တစ်ခုလုံးကို ညစ်နွမ်းသွားစေမည့် ကုန်စည်များကိုရောင်းဝယ်ဖောက်ကားခြင်းအမှုတို့ကို ရှောင်ရှားနိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရသည်။

**ကိုးကား**


- ဗုဒ္ဓဘာသာကောင်းတစ်ယောက်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ၂၀၀၅၊ နေ့စဉ်ထုတ်သတင်းစာများ။

## ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ မေးခွန်းနမူနာပုံစံများအား လေ့လာနိုင်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady.net.mm/cadets)နှင့် Myanmar National Portal(www.myanmar.gov.mm/documents)တို့တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်းလျှောက်လွှာများအား ၂၈-၇-၂၀၂၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၅-၉-၂၀၂၅** ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူသူများ အနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**




## တမူးခရိုင်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၃၃၀၀ စိုက်ပျိုးမည်



ယခင်နှစ် နေကြာစိုက်ခင်းကိုတွေ့ရစဉ်။

**တမူး ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၃၃၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ တမူးခရိုင်တွင် နေကြာစိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ဧက၁၅၀၊ တမူးမြို့နယ်တွင် ဧက ၈၀၀ နှင့် ခါမ်းပါတ်မြို့တွင် ဧက ၂၃၅၀ စုစုပေါင်း ဧက ၃၃၀၀ တို့ ဖြစ်ကြောင်း သိရသည်။

"လာမဲ့ဆောင်းသီးနှံ စိုက်ပျိုးရာသီ တမူးခရိုင်မှာ နေကြာဧက ၃၃၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကိုတိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာရဲ့တစ်ဧက ဆီထွက်ရှိမှုကကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

တမူးခရိုင်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်တောင်သူများ စွမ်းဆောင်ရည် မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ယခုနှစ် တမူးခရိုင်တွင် နေကြာစိုက် တောင်သူများကို အထွက်နှုန်းကောင်းသည့် မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှတောင်သူဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို ဒေသမရွေးပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

## တောင်တွင်းကြီးမြို့နယ် အင်ကြင်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

**တောင်တွင်းကြီး ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်ကြင်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က အင်ကြင်းသာကျေးရွာ၌ နဝမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၆၂ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အင်ကြင်းသာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦးကို ငွေကျပ်၂၇၉သိန်းငါးသောင်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၄၄ဦးကို ငွေကျပ် ၂၅၂ သိန်းငါးသောင်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို သိန်း၃၀၊စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၅ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၆၂သိန်း ထုတ်ချေးပေးခဲ့ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နွဲ့ယဉ်**

## Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။



ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်းငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

Myanmar MOBILE MONEY

**အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။**

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

## အရည်အသွေးမြင့် စားသောက်ကုန်များ အပါအဝင် ထုတ်ကုန်ပစ္စည်း အမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။

STARMART nine mile Showroom - ၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၀၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale - ၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇





## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ နတ်ရေကန်အထက(ခွဲ)၊ Grade- 12 တွင် ပညာသင်ကြားနေသော မောင်းမျိုးမင်းထက်၏မိဘအမည်များမှာ ဦးကျော်စိုးမင်း (ခ) ဦးဇော်မင်းသန်းနှင့် ဒေါ်မိုးမိုးစန်း (ခ) ဒေါ်စန်းစန်းမိုး တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးကျော်စိုးမင်း (ခ) ဦးဇော်မင်းသန်း
(၉/စကတ(နိုင်)၀၇၄၁၇၉)
ဒေါ်မိုးမိုးစန်း (ခ) ဒေါ်စန်းစန်းမိုး
(၉/စကတ(နိုင်)၁၂၅၄၀၈)

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ အထကဆည်ရွာတွင် ပညာသင်ကြားနေသော မောင်ညီမင်းဆက် Grade-10 နှင့် မပျိုးရတီ Grade-6 တို့၏မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်ကိုကိုနှင့် ဒေါ်အေးသီတာလှိုင်တို့ ဖြစ်ပါကြောင်း။

ဦးကျော်ကိုကို(၉/စကတ(နိုင်)၀၆၇၀၆၅)
ဒေါ်အေးသီတာလှိုင်(၉/စကတ(နိုင်)၀၉၄၈၉၉)

## မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အထက(တွဲ) ဘကဖောင်တော်ဦးကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးနေမင်းထွန်း၏သမီး မရွှန်းရတီ၏မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ၁၂-၇-၂၀၀၆ ဖြစ်ပါကြောင်း။

မရွှန်းရတီ၊ ၁၂-၇-၂၀၀၆

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အထက(တွဲ) ဘကဖောင်တော်ဦးကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မရွှန်းရတီ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးနေမင်းထွန်းဖြစ်ပါကြောင်း။ ဦးနေမင်းထွန်း(၉/မကန(နိုင်)၀၇၈၉၈၆)


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၆၁၉ (ရုံးချိန်အတွင်း)


“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသိဒ္ဓိလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ အုပ်ချုပ်ရေးတာဝန်ယူထားသူများနှင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းနေရန်လို...

❖ ထို့ကြောင့် အုပ်ချုပ်သူများအနေဖြင့် အရည်အချင်းပြည့်ဝရန်လိုအပ်သကဲ့သို့ အုပ်ချုပ်မှုအတတ်ပညာ၊ဥပဒေနှင့် ဒေသဖွံ့ဖြိုးရေးအမြင်များ ရှိရန်လို...


(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေ ၁၉ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။


❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# အပူပိုင်းမုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရေတရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းတို့ ဖြစ်ပေါ်နိုင်




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ဩဂုတ် ၂၆ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဩဂုတ် ၂၉ ရက်အတွက် မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




နေပြည်တော် ဩဂုတ် ၂၆

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ လာအိုနိုင်ငံအထက်ပိုင်းဒေသများနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ထိုင်းနိုင်ငံမြောက်ပိုင်းဒေသများကို ရောက်ရှိနေသော အပူပိုင်းမုန်တိုင်းငယ်သည် လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံနယ်စပ်ဒေသများကို ဆက်လက်ဖြတ်ကျော်လျက်ရှိသည်။

အဆိုပါ အပူပိုင်းမုန်တိုင်းငယ်သည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ကာ နောက်ခြောက်နာရီအတွင်း ထိုင်းနိုင်ငံနယ်စပ်ဒေသများတွင် လေဖိအားနည်းဆဲလ်အဖြစ် အားလျော့နိုင်ပြီး နောက် ၁၂ နာရီအတွင်း ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ နယ်စပ်ဒေသများတွင် လေပွေ့လှိုင်းအဖြစ် အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

ယင်းအပူပိုင်းမုန်တိုင်းငယ်၏ အရှိန်ကြောင့် စာမျက်နှာ ၂၂ ကော်လံ ၁ ☆

## မြန်မာနိုင်ငံအတွင်းသို့ နယ်စပ် လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၅၇ ဦးကို သက်ဆိုင်ရာ နိုင်ငံများသို့ ထပ်မံ ပြည်နှင်လွှဲပြောင်းပေးအပ်

စာမျက်နှာ- ၂၂

# CPKC Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဟန်ဒါဆင် ဆွတ်ခူး

အော့တဝါ ဩဂုတ် ၂၆

ကနေဒါနိုင်ငံ အွန်တေးရီးယိုးပြည်နယ်တွင် ကျင်းပခဲ့သည့် CPKC Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ကနေဒါဂေါက်သီးရိုက်မယ် ဟန်ဒါဆင်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။




အဆိုပါပွဲစဉ်တွင် ဩစတြေးလျဂေါက်သီးရိုက်မယ် မင်ဂျီလီက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာရပ်တည်နိုင်ခဲ့ပြီး ဂျပန်ဂေါက်သီးရိုက်မယ်ဆိုင်ဂိုက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏တတိယနေရာရပ်တည်နိုင်ခဲ့သည်။ စာမျက်နှာ ၂၂ ကော်လံ ၄ ❖

OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la



Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar